မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၁၄)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အန်ကောဝပ်ကျောင်းတော်နှင့် Bayon Temple တို့အား လေ့လာကြည့်ရှု၊ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ဖနောင်ပင်မြို့မှ ဆီရမ်ရိမြို့သို့ ရောက်ရှိကြရာ ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Tea Seiha နှင့် ဇနီး၊ တာဝန်ရှိသူများက ဆီရမ်ရိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အန်ကောဝပ်ကျောင်းတော်သို့ လေ့လာ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Prak Sokhonn တို့နှင့်အတူ အန်ကောဝပ်ကျောင်းတော်သို့ ရောက်ရှိလေ့လာပြီး ကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Bayon Temple သို့ ရောက်ရှိပြီး Bayon Temple အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ အန်ကောဝပ်ကျောင်းတော်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

ထူးခြားသည့်နေ့အပူချိန်များ ၁-၅-၂၀၁၉

ချောက်မြို့	၄၆	ဒီဂရီစင်တီဂရိတ်
ဂန့်ဂေါမြို့	၄၅	ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၄	ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
တောင်ငူမြို့	၄၄	ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ကြေညာချက်

စာ ၄

ဗင်နီဇွဲလားအခြေအနေ အမေရိကန် အနီးကပ်စောင့်ကြည့်လျက်ရှိ

စာ ၁၄

မြန်မာ့အလင်း

ပြည်သူ့အကျိုးစီးပွားသာ ပဓာန

ယနေ့ ရန်ကုန်မြို့သည် တဖြည်းဖြည်းချင်း မွန်းသိပ်ကျပ်ညပ်လာသည့်၊ မနိုင်ဝန်ကို ထမ်းနေရသည့် လက္ခဏာများကို တစ်စတစ်စ တွေ့မြင်လာနေရသည်။

အထူးသဖြင့် တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာရာတွင် ခရီးရောက်ရန် လိုအပ်သည့်အချိန်အတိုင်းအတာထက် လမ်းများပေါ်တွင် ကုန်ဆုံးရသည့်အချိန်က အလွန်များလာနေသည်။

အလုပ်လုပ်ရန်၊ အနားယူရန် အချိန်များတွင် လျှပ်စစ်မီးမလုံလောက်မှုက ကြီးစွာသော အနှောင့်အယှက်ဖြစ်လာနေသည်။ ထို့ပြင် သုံးရေရရှိနိုင်မှုက မြေအောက်ရေ နည်းပါးလာမှုနှင့်အတူ ခက်ခဲလာနေသည်။ တရားဥပဒေစိုးမိုးမှု လုံခြုံစိတ်ချရသည့် နေထိုင်နိုင်ရေးကလည်း တန်းတူအရေးကြီးနေသည်ပဲ ဖြစ်ပါသည်။

သည်လိုကြားထဲတွင် မြို့၏ စိမ်းလန်းမှုများကို အလေးအနက်မထားခဲ့ကြသည့်အတွက် သစ်ပင်လျော့ပါးလာမှု၊ လူတို့၏ အမှိုက်နှင့် ပတ်သက်သည့် အခြေခံအယူအဆ၊ အမှိုက်စွန့်ပစ်သည့် အလေ့အထတို့ကြောင့် သိမ်းမနိုင်အောင် မြင့်မားလာနေသည့် အမှိုက်ပုံများ၊ ဟိုသည်ရှိနေသည့် အညစ်အကြေးများက မြို့ကို လွှမ်းမိုးလာနေသည်။

သည်လို အခြေအနေများတွင် မြို့ပြအမွေအနှစ်များလျော့ပါး ပျက်စီးကုန်ဆုံးမည်ကို စိုးရိမ်နေရသည့် အန္တရာယ်တို့ကလည်း ရှိနေသည်။ သာသနာရေးဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ မြို့ပြဆိုင်ရာ အမွေအနှစ်များနှင့် အမှတ်ရစရာများ များစွာရှိနေသည့် မြို့ဖြစ်နေသည့်အတွက် ထိန်းသိမ်းထားရမည်တို့က အများအပြားရှိနေပါသည်။

ဤသို့သော စိန်ခေါ်မှုအမျိုးမျိုးအကြားတွင် တိုးတက်များပြားလာသော လူဦးရေအချိုးအစားအလိုက် ခေတ်နှင့်အညီ တိုးတက်လာရန်၊ အဆင့်မြှင့်ရန်အတွက် အရည်အသွေးသစ်၊ ပုံစံသစ်၊ တူရှုအသစ်တို့ဖြင့် ပြောင်းလဲပြင်ဆင်စရာများကလည်း ရှိနေပါသည်။ စိမ်းလန်းမြို့တော်၊ နည်းပညာသစ်မြို့တော်၊ စီးပွားရေးမြို့တော်၊ သဘာဝနှင့် လိုက်လျောညီထွေရှိသည့် သဘာဝကို ထိန်းသိမ်းစောင့်ရှောက်သည့် မြို့တော်၊ အမွေအနှစ်များဖြင့် ပြည့်ဝနေသည့် မြို့တော်အစရှိသည့် ဝိသေသများကို ပြည့်စုံအောင်ကြိုးပမ်းနေသည့် ကြွေးကြော်သံများကလည်း တွန်းအားဖြစ်နေပါသည်။ လက်တွေ့အားဖြင့် မည်သို့မည်ပုံ မည်ရွေ့မည်မျှ ပုံဖော်တည်ဆောက်နိုင်မည်ဆိုသည်ကို ပြည်သူတို့ကလည်း စောင့်မျှော်အကဲခတ်နေကြပါသည်။

အထူးသဖြင့် မြို့သစ်စီမံကိန်းများ၊ အိမ်ရာစီမံကိန်းများသည် ပြည်သူလူထု အများစု၏ အကျိုးစီးပွားကို တိုးမြင့်စေဖို့ အဓိကအားဖြင့် ဦးတည်ကာ စီမံနေမည်ဟုလည်း မျှော်လင့်ယူဆနေကြသည် ဖြစ်ပါ၏။

အခြားတစ်ဖက်တွင်လည်း မြေရာပိုင်ဆိုင်မှု၊ အမွေအနှစ် ထိန်းသိမ်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ပြည်သူတို့အတွက် လုံခြုံစိတ်ချရသည့် အမျိုးမျိုးသော ဘေးအန္တရာယ်များက ကာကွယ်ပေးနိုင်မှု၊ နေထိုင်သွားလာရန် လွယ်ကူအဆင်ပြေကာ စီးပွားရေးလုပ်ကိုင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း မြှင့်တင်ပေးနိုင်မှု စသည်တို့အတွက် ဆိုင်ရာဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ပြဋ္ဌာန်းရန် ဆောင်ရွက်နေသည်တို့ကို သိရပါသည်။

မည်သို့ဖြစ်စေ၊ ဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ မြို့သစ်စီမံကိန်းများဖော်ထုတ်ခြင်း အစရှိသည့် မြို့အတွက် မည်သို့သော စီမံဆောင်ရွက်မှုမျိုးမဆို ပြည်သူလူထုအများစုအတွက် ဟူသည့် ရည်ရွယ်ချက်ကို ဦးတည်ရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

အာဆီယံရှေ့နေချုပ်၊ တရားရေးဝန်ကြီးနှင့် ဥပဒေရေးရာဝန်ကြီးတို့၏ (၆) ကြိမ်မြောက် အစည်းအဝေးသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် တက်ရောက်

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပသော အစည်းအဝေးသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် မေ ၁

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျကာတာမြို့၌ ဧပြီ ၂၅ ရက်တွင် ကျင်းပသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အာဆီယံရှေ့နေချုပ်၊ တရားရေးဝန်ကြီးနှင့် ဥပဒေရေးရာဝန်ကြီးတို့၏ (၆) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး၌ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ် (Treaty on Mutual Legal Assistance in Criminal Matters) ကို အာဆီယံသဘောတူစာချုပ်(ASEAN Treaty) အဖြစ် သဘောတူသတ်မှတ်ခြင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (Meeting of Senior Officials on the Treaty on Mutual Legal Assistance in Criminal Matters) ကို ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ ဗဟိုအာဏာပိုင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting of the Central Authorities on Mutual Legal Assistance in Criminal Matters) ဟူ၍ အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ရန် သဘောတူခြင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေးနှင့် စပ်လျဉ်း၍ ရှေ့နေချုပ်၊ တရားရေးဝန်ကြီးနှင့် ဥပဒေရေးရာဝန်ကြီးတို့၏ အစည်းအဝေး(Attorneys General/ Minister of Justice and Minister of Law on the Treaty on Mutual Legal Assistance in Criminal Matters) ကို ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးနှင့် စပ်လျဉ်း၍ ဗဟိုအာဏာပိုင် အာဆီယံဝန်ကြီးများ၊ ရှေ့နေချုပ်များ၏ အစည်းအဝေး (ASEAN Ministers Attorneys General Meeting of the Central Authorities on Mutual Legal Assistance on Criminal matters) ဟူ၍ အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ရန် သဘောတူခြင်း၊ စာချုပ်ပါ အတွင်းရေးမှူးချုပ်ရုံး၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက တာဝန်ယူဆောင်ရွက်ရန် သဘောတူခြင်း စသည့် ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ရှေ့နေချုပ်များ၊ တရားရေးဝန်ကြီးများ၊ ဥပဒေရေးရာဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်များ၊ အာဆီယံဥပဒေရေးရာ အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် အစည်းအဝေး တက်ရောက်နေစဉ်ကာလအတွင်း ထိုင်းနိုင်ငံရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Jumpon Phansumrit နှင့် သီးခြားတွေ့ဆုံ၍ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေးနှင့် စပ်လျဉ်း၍ မြန်မာ၊ ထိုင်းနှင့် လာအိုနိုင်ငံများရှိ ဥပဒေအရာရှိများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

(၂၂) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန (Regional Integrated Multi-Hazards Early Warning System – RIMES) တို့ ပူးပေါင်း၍ (၂၂) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနရှိ ဘက်စုံသဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးဗဟိုဌာန (Multi-Hazards Early Warning Center) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အမှာစကားပြောကြားပြီး Regional Integrated Multi-Hazard Early Warning System (RIMES) မှ Project Manager Ms. Pone Nyet Khaing က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ၂၀၁၈ ခုနှစ်အတွင်း ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် မုတ်သုံဖိုရမ်တွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည့် ၂၀၁၈-၂၀၁၉ ခုနှစ် ဆောင်းရာသီကာလ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၉ ခုနှစ် မိုးရာသီကာလအတွက် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များ၊ ယခင် မှတ်တမ်းများ၊ လက်ရှိအခြေအနေများနှင့် ခန့်မှန်းချက်များအပေါ် အခြေခံသည့် ၂၀၁၉ ခုနှစ် မိုးရာသီကာလအတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုအခြေအနေများ၊ အဖွဲ့အစည်းဆိုင်ရာနှင့် End User များအနေဖြင့် ထိခိုက်မှုအလားအလာ အခြေအနေအပေါ် အခြေခံသည့် ရာသီအလိုက် ကြိုတင်ပြင်ဆင်မှုအစီအစဉ်များ၊ ရာသီအလိုက် ခန့်မှန်းချက်များကို အသုံးပြုသည့် stake holders များ၏ အကြံပြုချက်များအတိုင်း ပိုမိုကောင်းမွန်သည့် ခန့်မှန်းချက်များကို ထုတ်ပြန်ရာတွင် နည်းပညာအသုံးချမှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ရန် မဟာဗျူဟာချမှတ်ခြင်းနှင့် အခြားသော သဘာဝဘေးများနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များအား သက်ဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့များဖွဲ့၍ အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

(၂၂)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ် ဆွေးနွေးပွဲ ကျင်းပစဉ်။

အဆိုပါမုတ်သုံဖိုရမ်ကို ၂၀၀၇ ခုနှစ်မှ စတင်၍ တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပခဲ့ပြီး ယခုအစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ကိုယ်စားလှယ်များ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆောင်ရွက်နေသော ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ အခြေစိုက်ဒေသတွင်း ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ဇင်းကျိုက်ကန်တော်ကြီးတွင် ရေလျော့နည်းလာ၍ ငါးများအတွက် စိုးရိမ်နေရ

ဇင်းကျိုက် မေ ၁

ယခုနှစ်၏ ထူးကဲသော အပူရှိန်မြင့်တက်မှုများကြောင့် မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့၏ ကျက်သရေဆောင် အထင်ကရနေရာတစ်ခုဖြစ်သော မင်္ဂလာကန်တော်ကြီးအတွင်း၌ ရေများလျော့နည်းလာခြင်းနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များကြောင့်လည်း ကန်တော်ကြီးအတွင်းရှိ ဘေးမဲ့လွှတ်ထားသည့် ငါးမျိုးစုံအတွက် ဒေသခံတချို့တို့က စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ “ အရင်နှစ်တွေထက် ဒီနှစ်ဟာ အတော်ပူပါတယ်။ ကန်အတွင်းမှာလည်း ရေကလျော့နည်းလာပြီ။ ၂၀၁၇ ခုနှစ် ဧပြီလတုန်းက တစ်ကြိမ် ငါးတွေသေဆုံးမှုဖြစ်ခဲ့တယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလတုန်းက တစ်ကြိမ် သေဆုံးမှုဖြစ်ပွားခဲ့ပါတယ်။

ဒါပေမယ့် ဒီလောက်အထိ အပူရှိန်မမြင့်ဘူး။ ရေလည်းမလျော့နည်းသေးပါဘူး။ ကန်အတွင်းမှာ အခုအချိန်ထိတော့ ငါးသေတာကို တစ်ကောင်မှတော့ မတွေ့ရသေးပါဘူး။ တကယ်လို့သာ ရှေ့ဆက်အပူရှိန်မြင့်တက်လာမယ်ဆိုရင် ငါးတွေအတွက် စိုးရိမ်ရပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။ **နေခြည် (ဇင်းကျိုက်)**

❄ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က Sokha Resort Hotel ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြရာ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Kantha Phavi၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး၊ မြန်မာ နိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Sok Chea၊ ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Tea Seiha နှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆီရမ်ရိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အဖွဲ့ဝင်များသည်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံး ယာယီတာဝန်ခံ Ms Dy Yoeun နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ အန်ကောဝပ်ကျောင်းတော်အတွင်း ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသမီးရေးရာ ဝန်ကြီးဌာနဝန်ကြီး H.E. Dr. Kantha Phavi၊ ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Tea Seiha နှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆီရမ်ရိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါမိုဟာ ဆီနာပါတိုင်းတဲ့ချိုဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ၂၉-၄-၂၀၁၉ ရက်နေ့မှ ၁-၅-၂၀၁၉ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပြီး ၁-၅-၂၀၁၉ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

၂။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၉-၄-၂၀၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ လေဆိပ်တွင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသမီးရေးရာဝန်ကြီး Dr. Kantha Phavi မှ ကြိုဆိုနှုတ်ဆက်သည်။

၃။ ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖနောင်ပင်မြို့ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး ဦးဆောင်သည့် မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

၄။ ၃၀-၄-၂၀၁၉ ရက်နေ့ နံနက် (၀၈၁၅)နာရီအချိန်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်သို့သွားရောက်၍ ပန်းခွေချဂုဏ်ပြုခဲ့သည်။ ဆက်လက်၍ နတ်ရွာစံ ဘုရင့်ဖခမည်းတော် Preah Borom Ratanak Kaudh အထိမ်းအမှတ်ဗိမာန်တွင် ဂုဏ်ပြုပန်းခွေချ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

၅။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဝန်ကြီးချုပ်ရုံး (Peace Palace) သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်မှ ကျင်းပပြုလုပ်သော ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး၊ အာဆီယံနှင့် ဧရာဝတီ- ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) တို့အပါအဝင်ဒေသတွင်းအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများ၊ ဘန်ဒေါင်းအခြေခံမူကြီးများနှင့်အညီ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့်နိုင်ငံတကာရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၆။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်တွင် နှစ်နိုင်ငံသံတမန် ဆက်သွယ်မှု (၆၅) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားများ ပူးတွဲကျင်းပရေး၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့်အပြန်အလှန် အကာအကွယ်ပေးရေးစာချုပ်၊ အခွန်နှစ်ထပ်ကျသင့်မှု ရှောင်ရှားရေး သဘောတူစာချုပ် ချုပ်ဆိုရေးနှင့် ပညာရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအပါအဝင် လက်မှတ်ရေးထိုးပြီး သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများအား ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရေး၊ ပညာသင်ဆုများ အပြန်အလှန်ဖလှယ်ပေးအပ်ရေး၊ ပုဂံနှင့် အန်ကောဝပ်အပါအဝင် ဗုဒ္ဓယဉ်ကျေးမှုအထင်ကရနေရာများသို့ ခရီးစဉ်များ ချိတ်ဆက်စီစဉ်ဆောင်ရွက်ရေးတို့အတွက် နှစ်ဖက် ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘောဒီးယားနိုင်ငံအစိုးရမှ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၉ သောင်းလှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘောဒီးယားဝန်ကြီးချုပ်အား နှစ်ဦးနှစ်ဖက် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

၇။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားအောက်လွှတ်တော်ဥက္ကဋ္ဌ Samdech Heng Samrin၊ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Say Chhum တို့အားသီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အတွေ့အကြုံ ဖလှယ်ရေးအစီအစဉ်များ၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၈။ နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘုရင့်နန်းတော်သို့ သွားရောက်ခဲ့ပြီး၊ ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာမိုနီအား ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံအကြားရင်းနှီးချစ်ကြည်မှု မြှင့်တင်ရေး၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး၊ ပြည်သူအချင်းချင်းကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘောဒီးယား ဘုရင်မင်းမြတ်အား နှစ်ဦးနှစ်ဖက်အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည်။ ထို့နောက် ဘုရင့်မယ်တော် စံအိမ်သို့ ဆက်လက်ထွက်ခွာ၍ ဘုရင်၏ မယ်တော် နိုရိုဒွန်၊ မိုနီနစ်သီဟာနုအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

၉။ ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဟွန်ဆင်မှ Peace Palace တွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

၁၀။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၁-၅-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ဖနောင်ပင်မှ ဆီရမ်ရိုမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိခဲ့ပြီး၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ပရပ်ဆိုခွန်းနှင့်အတူ ဆီရမ်ရိုမြို့ရှိ အန်ကောဝပ်ကျောင်းတော်၊ Bayon Temple များသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

၁၁။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ဆီရမ်ရိုပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Tea Seiha မှ Angkor Sokha Resort Hotel တွင် တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

၁၂။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့နေ့လယ်ပိုင်းတွင် ဆီရမ်ရိ လေဆိပ်မှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည် ထွက်ခွာခဲ့ရာ (၁၆၁၀) နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၁၃။ ယခုခရီးစဉ်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကမ္ဘောဒီးယားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့သည့် ခရီးစဉ်ဖြစ်ပြီး၊ ယင်းခရီးစဉ်သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်။

၃၀-၄-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် His Majesty Norodom Sihamoni နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

၃၀-၄-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen တို့ ဦးဆောင်၍ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်စဉ်။ သတင်းစဉ်

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၁- မေ ၅ ရက်တွင် ကျရောက်မည့် (၇၃) နှစ်မြောက်မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ သာရေးနာရေးလူမှု ကူညီရေးအသင်းဥက္ကဋ္ဌ ဦးမြင့်ထူးဦးဆောင်သည့် မြို့နယ် ၁၄ မြို့နယ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ တို့သည် မေ ၁ ရက်နံနက်က လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းကြားရှိ သူနာပြုတက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

အရန်မီးသတ် တပ်ဖွဲ့ဝင်များသည် သူနာပြုတက္ကသိုလ် ကျောင်းဝင်းအတွင်း ပေါင်းမြက်များ ရှင်းလင်းခုတ်ထွင်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေကန်နှင့် ပန်းခြံရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ သူနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရအဖြစ် ဆီထမင်းနှင့်ကော်ဖီတို့ကို ကျွေးမွေးလှူဒါန်းကြသည်။ **အောင်သူရ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အဖွဲ့မှ Country Director နှင့် တွေ့ဆုံ

နေပြည်တော် မေ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ Resident Representative နှင့် Country Director , Mr. Dom Scalpelli နှင့် ယမန်နေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေး

တွေ့ဆုံစဉ် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ အိမ်ထောင်စုအဆင့် အမယ်စုံစိုက်ပျိုးမွေးမြူထုတ်လုပ်စားသုံးမှုနှင့် ဆန်းသစ်တီထွင်မှုများ တိုးမြှင့်လာရေး၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၄ မြို့နယ်တို့တွင် စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆန်းစစ်ချက် အထူးအစီရင်ခံစာ၏ ဦးစားပေးအလိုက် ဆောင်ရွက်သွားရေး၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည်ထက်မြက်မှု အထောက်အကူပြုနို့တိုက်ကျွေးခြင်း ဆောင်ရွက်နေမှုများ၊ WFP ၏ ငါးနှစ်တာ အစီအစဉ်အရ အစားအစာ ဖူလုံမှုမရှိသည့် ဒေသများနှင့် ပဋိပက္ခဒဏ် ခံစားနေရသော ပြည်သူများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများ၏ အစားအစာ ဖူလုံမှုနှင့် အာဟာရပြည့်ဝရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ၂၀၂၂ ခုနှစ်တွင် အာဟာရပြည့်မီရမည့် အမျိုးသားအဆင့် ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံရှိ အသက်ငါးနှစ်အောက်ကလေးများ အာဟာရပြည့်ဝရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

သတင်းစဉ်

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလော-တောင်ကြီး လမ်းပိုင်း (၄၈)ပေ (၄)လမ်းသွား ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁

တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်ပြီးစီးသော ရှမ်းပြည်နယ်(တောင်ပိုင်း) မိတ္ထီလာ-ကလော-တောင်ကြီးလမ်းပိုင်း၏ ကလော-တောင်ကြီး အပိုင်း (၄၈)ပေ (၄)လမ်းသွား ကတ္တရာကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါလမ်းအပိုင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဦးသန့်စင်မောင်နှင့် ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဦးဝင်းမော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ B.O.T ကုမ္ပဏီများမှ လုပ်ငန်းရှင်ကြီးများ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

ကဏ္ဍပေါင်းစုံတိုးတက်လာမည်

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် က ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း၍ လမ်း-တံတားလုပ်ငန်းများကို B.O.T စနစ်ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များနှင့်အတူ တိုင်းရင်းသားပြည်သူများ လိုရာခရီးကို ချောမွေ့မြန်ဆန်ပြီး အန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် အတူပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် B.O.T လမ်း-တံတားလုပ်ငန်းများတွင် ဘဏ္ဍာငွေကြေး စိုက်ထုတ်သုံးစွဲစရာ မလိုဘဲ ပြည်သူများ၏ အခြားသော ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် အသုံးပြုခြင်းဖြင့် ကဏ္ဍပေါင်းစုံ တိုးတက်လာမည်ဖြစ်ကြောင်း။

လမ်းအဆင့်မြှင့်တင်တိုးချဲ့

မြန်မာနိုင်ငံ၏ လမ်း-တံတားလုပ်ငန်းများကို B.O.T စနစ်ဖြင့် ၁၉၉၆ ခုနှစ်ကတည်းက လားရှိုး-မူဆယ်လမ်းအပိုင်းမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် တိုင်းရင်းသား B.O.T ကုမ္ပဏီပေါင်း ၂၅ ဖွဲ့က လမ်းမိုင်ပေါင်း ၃၀၂၅ မိုင်ကို အဆင့်မြှင့်တင် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီး၊ ရန်ကုန်-ပြည်-မကွေးလမ်း၏ ရန်ကုန်-တိုက်ကြီးလမ်းအပိုင်း၊ ရန်ကုန်-ဘုရားကြီး-ကျိုက်ထို-မော်လမြိုင်လမ်း၊ မန္တလေး-စစ်ကိုင်း-မုံရွာလမ်း၊ တနင်္သာရီ-မောတောင် လမ်းပိုင်းများကို အဆင့်မြှင့်တင်နေပြီ ဖြစ်ပါကြောင်း၊ ယခု ကလော-တောင်ကြီး လမ်းအပိုင်း ကတ္တရာကွန်ကရစ်လမ်းမကြီးကို တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီက ပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ ကလော-တောင်ကြီး အပိုင်းသာမက အကွေ့အကောက်များပြီး မတ်စောက်သည့် ကလော- နမ့်ပန်တက် လမ်းအပိုင်းနှင့် ပျော်ဘွယ်-ဘုရားငါးဆူလမ်းပိုင်း၊ သာစည်-သပြေဝ လမ်းအပိုင်းများကိုပါ တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေး ကုမ္ပဏီက နှစ်အလိုက်စီမံချက်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူများဘက်က အရည်အသွေးကောင်းအောင် ဆောင်ရွက်ပေးထားသည့် လမ်းကောင်းများကို သတ်မှတ်ထားသော ခွင့်ပြုတန်ချိန်အတိုင်း သွားလာအသုံးပြုပြီး ပေးဆောင်ရမည့် လမ်းအသုံးပြုခ၊ ဝင်ဆောင်ခပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

စနစ်တကျလိုက်နာအသုံးပြု

ယနေ့ ဖွင့်လှစ်ပေးလိုက်သည့် မိတ္ထီလာ-ကလော-တောင်ကြီးလမ်းပိုင်း၏ ကလော-တောင်ကြီးအပိုင်း (၄)လမ်းသွား ကတ္တရာကွန်ကရစ်လမ်းနှင့် တံတားများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဒေသခံများနှင့် လမ်းအသုံးပြုသူ တိုင်းရင်းသားမိဘပြည်သူများက လမ်း-တံတားများပေါ်တွင် လိုက်နာရန် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း စနစ်တကျလိုက်နာ အသုံးပြုကြရန်လိုကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် က ရှမ်းပြည်နယ်အတွင်း လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ က B.O.T စနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြ၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကလော-တောင်ကြီး လမ်းအပိုင်းအား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်သန်းငွေနှင့် ဒေါ်ပြုံးကေသီနိုင်၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်နှင့် တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းဖီးလစ်ရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် လမ်း-တံတား တည်ဆောက်မှုနှင့် အရည်အသွေးပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ပြသထားသည့် ပုံစံငယ်ပြခန်းအား ကြည့်ရှုပြီး တောင်ကြီး-ကလော လမ်းအပိုင်းအား ကတ္တရာကွန်ကရစ် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အပိုင်းလိုက်ဆောင်ရွက်

ယနေ့ဖွင့်လှစ်သည့် ကလော-တောင်ကြီးလမ်းအပိုင်းသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းမကြီးအပိုင်းတွင် ပါဝင်ပြီး B.O.T စနစ်ဖြင့် ဆောင်ရွက်သော တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ကလော-တောင်ကြီး လမ်းပိုင်း(၄၅)မိုင်အား (၄၈)ပေ အကျယ် နိုင်လွှန်ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီး၍ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျန်လမ်းအပိုင်းများကိုလည်း လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းချဲ့ခြင်း လုပ်ငန်းများကိုလည်း အပိုင်းလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အပူဒဏ်အန္တရာယ် သိမှတ်ဖွယ်ရာအဖြာဖြာ (အပိုင်း-၆)

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)

> “ကျွန်တော်တို့မြန်မာနိုင်ငံ မိုးခေါင်ရေရှားရပ်ဝန်း အပူများတဲ့နေရာတွေမှာ၊ အပူဒဏ်ကာလမှာ ရွာသူရွာသားတွေ သောင်းနဲ့ သန်းနဲ့ချီပြီး နှစ်စဉ်ရင်ဆိုင်နေရမယ့် အပူဒဏ်ပြဿနာကို ကုသရေးစီမံချက်တွေ ဆွဲနေတာဟာ အထူးအရေးကြီးသလို ရွာလယ်မှာ အပူရှောင်တဲကြီးတွေ ဆောက်တာလို အပူဒဏ်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကိုလည်း အလေးပေးဆောင်ရွက်သင့်”

အပူဒဏ်ရောဂါတွေနဲ့ ကျွန်တော်

ကျွန်တော်တို့ မန္တလေးဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း (က) မှာ ဆေးရုံဆင်းတော့ ဘလော့ပို့စတင် (Block Posting) ဆိုတာကို စဆင်းရပါတယ်။ ဘလော့ပို့စတင်ဆိုတာကို ကျွန်တော်တို့ဆရာ ဆရာမကြီး၊ ပါမောက္ခကြီးတွေက ဘယ်လို ရှင်းပြသလဲဆိုတော့ ဘလော့ဆိုတာက မင်းတို့ကို ကျရာ ward တွေထဲမှာရှိတဲ့ တာဝန်ကျ ဆရာဝန်၊ သူနာပြုဆရာမ၊ ဝန်ထမ်းတွေနဲ့ တစ်သားတည်း တစ်အုပ်စုတည်း တစ်ဘလော့တည်း ဆိုတဲ့ သဘောပဲ။ မင်းတို့လည်း မနက်ကို ၈ နာရီ မထိုးခင်မှာ ward ထဲကို ရောက်အောင်လာပြီးတော့ သူတို့နဲ့ အတူတူ ward ထဲက လုပ်စရာရှိတာတွေကိုလုပ်၊ မင်းတို့ကို မင်းတို့ ကျောင်းသားလို့ သဘောမထားတော့နဲ့။ ဝန်ထမ်းတွေလို့ သဘောထားပြီးလုပ်၊ အဲဒီတော့မှမင်းတို့ တကယ်တတ်မှာ။ စာတွေကြည့်ဖတ်နေပြီး လက်တွေ့မပါရင် ဘယ်လိုမှ ထိထိရောက်ရောက် မတတ်နိုင်ဘူး။ ဒါကြောင့် ဘလော့ပို့စတင်လို့ ခေါ်ပြီး မင်းတို့ကို လူနာတွေကို ဘယ်လိုလက်တွေ့ကုနေတာ သိအောင် သင်ပေးတဲ့စနစ်ကို တီထွင်ပေးတာ။

ပြီးတော့ ကျွန်တော်တို့နောက်ဆုံးနှစ် အပိုင်း (က) နဲ့ အပိုင်း (ခ) ကျောင်းသားတွေကို အဲဒီလို ဘလော့ပို့စတင်ချတဲ့ အပြင် ကျောင်းသား ၁၀ ယောက်ကို တစ်ဖွဲ့ဖွဲ့ပြီး ဆေးပညာဌာန ကထိက (သို့) လက်ထောက်ကထိကတစ်ယောက်ကို အဲ့ဒီကျောင်းသား အဖွဲ့တစ်ဖွဲ့ရဲ့ ကြီးကြပ်အုပ်ချုပ်သူ (preceptor) အဖြစ် ခန့်ထားပြီး ကျွန်တော်တို့ရဲ့စာပေသင်ကြားရေးအပြင် လူမှုရေး၊ ငွေရေးကြေးရေးအခက်အခဲတွေကို တစ်ဦးချင်းမေးပြီး ကူညီဖြေရှင်းပေးပါတယ်။

ကျွန်တော်တို့ ကျောင်းသားတွေဟာလည်း အလွန်ကို တက်ကြွ၊ ဆေးပညာလေ့လာရတာကို စိတ်တွေဝင်စားပြီး ဘလော့ပို့စတင်ကို ဆင်းကြပါတယ်။ အဲဒီတုန်းကနဲ့ အခုခေတ် တစ်ခုကွာတာကတော့ ကျွန်တော်တို့ စကောလားရှစ် (သို့မဟုတ်) စတိုင်ပင်ထောက်ပံ့ကြေး ၇၅ ကျပ်ရပါတယ်။ အဆောင်ကြေးဆိုတာ နံနက်စာ၊ နေ့လယ်စာ၊ ညစာ ပါတာကို ၄၃ ကျပ်ပဲ ကျပါတယ်။ အဲဒီတော့ တစ်လကုန်ရင် ပိုက်ဆံပိုပါသေးတယ်။ အဲဒီတုန်းက ရွှေဈေးကလည်း တစ်ကျပ်သား ၉ဝ ပတ်ဝန်းကျင်လောက်ပါ။ လက်ဖက်ရည်တစ်ခွက် ၅ ပြား၊ မြီးရှည်တစ်ပွဲ ၃၅ ပြား၊ ဆီချက်ခေါက်ဆွဲတစ်ပွဲ ပြား ၅၀ ဆိုတော့ စကောလားရှစ် / စတိုင်ပင်မရတောင် အိမ်ကပို့တဲ့ပိုက်ဆံနဲ့ ကောင်းကောင်းလောက်ပါတယ်။ ငွေရေးကြေးရေးအတွက် ဘာမှစိတ်ပူစရာမလိုဘဲ ကိုယ်စိတ်ဝင်စားတဲ့ ဆေးပညာကို စိတ်ပါလက်ပါ တစိုက်မတ်မတ် လေ့လာနိုင်ကြပါတယ်။

အဲဒီလို ဘလော့ပို့စတင် ကျောင်းသားဘဝမှာ မနက် ၇ နာရီကနေ ညနေ ၅ နာရီလောက်အထိ ward ထဲမှာနေ၊ လူနာတွေရဲ့ရောဂါဖြစ်စဉ်တွေကို မှတ်တမ်းရေး၊ လက်ထောက်ဆရာဝန်တွေနဲ့ အတူတွဲပြီး အသည်းပြည်စုပ်၊ အဆုတ်ရေစုပ်၊ မြွေကိုက်လူနာကု၊ အင်ဒရင်းအဆိပ်သောက်မိတဲ့ လူနာတွေကို စောင့်ရှောက်။ ပြောရမယ်ဆိုရင်တော့ နှစ်လလောက်ကြာတော့ ရောဂါအစုံကို တွေ့ဖူးသွားပြီး လက်ထောက်ဆရာဝန်တစ်ယောက်လို တန်းတူကုနိုင်သလိုလို ဖြစ်လာပါတယ်။ ပြီးတော့ လူနာလာတဲ့နေ့ (Admission day) ဆိုရင် မနက် ၇ နာရီခွဲရောက် ညနေ ၅ နာရီပြန် ထမင်းစား ရေချိုးပြီး ည ၇ နာရီ ward ထဲပြန်ဆင်း၊ လူနာတွေအားလုံးကို စမ်းသပ်မေးမြန်း (history) ယူပြီး ည ၁၁ နာရီလောက်မှ အဆောင်ကို ပြန်ကြတာပါ။ အဲဒီလို လုပ်ကိုင်နေရတော့ ကိုယ့်ဟာကိုယ်လည်း ကျောင်းသားလို့ မထင်တော့ဘူး။ ဒီ ward ထဲက team ကြီးတစ်ခုတည်းမှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေသူတစ်ယောက်လို့ပဲ မြင်လာမိပါတယ်။ ပင်ပန်းရမှန်းမသိ၊ မောပန်းရမှန်းမသိ၊ စိတ်ရောကိုယ်ပါ ဇောနဲ့အလုပ်လုပ်ကြတာ ပညာသင်နေတယ်လို့ မခံစားရဘဲ ရောဂါအစုံကို သိသွားအောင် လေ့လာသင်ကြားပေးတဲ့ အလွန်ကောင်းသောစနစ်ပါ။

တစ်သက်တာ ခေါင်းထဲမှာစွဲပြီး မမေ့တော့ပါ

ကျွန်တော်တို့ မန္တလေးဆေးရုံကြီးမှာ အဲဒီလို ဘလော့ပို့စတင်တာဝန်နဲ့နောက်ဆုံးနှစ် အပိုင်း (က) နဲ့ အပိုင်း (ခ) မှာ သင်ကြားခဲ့ရတဲ့ ဘဝမှာ အပူဒဏ်ခံရတဲ့ လူနာတွေကို အများကြီး တွေ့ခဲ့ဖူးပါတယ်။ အဲဒီလို အပူဒဏ်လူနာတွေ တွေ့ပြီး ကုသတဲ့နေရာမှာ လူနာတွေနဲ့ အမြဲတမ်းထိတွေ့တပည့်တွေနဲ့ တရုံးရုံးနေတဲ့ ဆရာကြီး ပါမောက္ခ ဦးထွန်းသင်ကို အထူး သတိရမိပါတယ်။ ရှေ့မှာပြောခဲ့သလိုပဲ ကျွန်တော်တို့ ကျောင်းသားတွေနဲ့ဆရာလိုရော သူငယ်ချင်းလိုပါ ပေါင်းသင်းဆက်ဆံပါတယ်။ တစ်ခါက ကျွန်တော့်ကို စိတ်ဆိုးပြီး “ဟော့ကောင် ခင်မောင်ပါရင် လုံးဝအသုံးကို မကျဘူး” လို့ မနက်မှာ ဆူဆဲငေါက်ငန်း၊ ညရောက်တော့ ကျွန်တော့် ပခုံးကိုဖက် လက်ဖက်ရည်ဆိုင် အတူတူထိုင်တဲ့ ဆရာကြီး ပါမောက္ခ ဦးထွန်းသင်၊ သူလူနာကြည့်ရင်းနဲ့ စကားပြောရင်း သင်ကြားပေးခဲ့တာတွေဟာ တစ်သက်တာ ခေါင်းထဲမှာစွဲပြီး မမေ့တော့ပါ။

အဲဒီလို ရောဂါစုံ၊ လူနာစုံကို ဆရာကြီး ဦးထွန်းသင်နဲ့အတူ ကြည့်ခဲ့ပြီး ဆရာကြီးသင်ပေးခဲ့တဲ့ အထဲမှာ အမှတ်မိဆုံးကတော့ အပူဒဏ်သင့်လူနာတွေကို ကုသနည်းတွေပါပဲ။

ဆရာကြီးဟာ ရှေ့မှာပြောခဲ့သလို ရန်ကုန်သားဖြစ်ပြီး အညာနေအကြောင်း၊ အညာကနွေနဲ့အပူဒဏ်တွေအကြောင်း မတွေ့ကြုံဖူးဘဲနဲ့ မန္တလေးကိုရောက်လာတော့ ရောက်ခါစမှာ အပူဒဏ်လူနာတွေကို ကုတာမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေ၊ နောက်တဖြည်းဖြည်းကြာလာတော့မှ ဘဝနဲ့ရင်းပြီး သိလာတဲ့ လက်တွေ့ဆန်တဲ့ ပတ်ဝန်းကျင်နဲ့ကိုက်ညီတဲ့ အပူဒဏ်ကို ကုသနည်းတွေကို ကျွန်တော်တို့တစ်တွေ မှတ်သားခဲ့ရဖူးပါတယ်။ ဆရာကြီးနဲ့အတူ အပူဒဏ်အဆင့်မျိုးစုံ၊ အပူလျှပ် အသည်းအသန်လူနာတွေ ကုသပုံတွေကို လက်တွေ့တွေ့ကြုံ မှတ်သားခဲ့ဖူးပါတယ်။

ဘွဲ့ရပြီး မန္တလေးဆေးတက္ကသိုလ် ဆေးပညာဌာနမှာ သရုပ်ပြဆရာအနေနဲ့ ခန့်အပ်လိုက်ပြီး မန္တလေးဆေးရုံကြီးမှာပဲ ရှစ်နှစ် တာဝန်ထမ်းဆောင်ရင်းနဲ့ လူနာတွေကို တာဝန်ယူပြီး ကိုယ်တိုင်ကုသတဲ့အခါမှာတော့ ဆရာကြီးသင်ထားတဲ့ လက်တွေ့အပူဒဏ်ကုသနည်းတွေနဲ့ ပတ်ဝန်းကျင်အခြေအနေနဲ့ လျော်ညီအောင် သင့်တော်တဲ့နည်းတွေနဲ့ ကုသနိုင်ခဲ့ပါတယ်။

၁၉၇၀ မန္တလေးဆေးရုံကြီးအခြေအနေ

ကျွန်တော်တို့ကျောင်းသားဘဝ၊ လက်ထောက်ဆရာဝန်ဘဝ မန္တလေးဆေးရုံကြီးမှာ လေအေးစက်ဆိုတာ ward တစ်ခုမှာ ပါမောက္ခရဲ့ အခန်းမှာ တစ်ခုပဲ ရှိပါတယ်။ ပန်ကာဆိုတာလည်း တစ် ward လုံးမှာ သုံးခု၊ လေးခုလောက်ပဲ ရှိပါတယ်။

လူနာတင်တဲ့နေ့ဆိုရင် တစ်နေ့ကို လူနာ အယောက် ၅၀ လောက် တက်ပါတယ်။ တစ်နေကုန် တဖြောက်ဖြောက်နဲ့ တက်နေတာ ည ၁၂ နာရီလောက်ရောက်မှပဲ လူနာတက်တာ စဲသွားတော့တယ်။ တစ် ward လုံးမှာ လူနာတွေကလည်း ပြည့်သိပ်နေတာပါပဲ။ ဒီလူနာပေါင်းစုံရှိသရွေ့ တတ်နိုင်သရွေ့ ပစ္စည်းကိရိယာနဲ့ ရှိတဲ့ဆေးလေးတွေနဲ့ပဲ ကုရတာပါ။ အဲဒီတုန်းက မန္တလေးမှာ ပုဂ္ဂလိကဆေးရုံမရှိပါ။ မန္တလေးတစ်မြို့လုံးနဲ့ ပတ်ဝန်းကျင်မြို့တွေ၊ ရွာတွေဟာ မန္တလေးဆေးရုံကြီးကိုပဲ အားကိုးနေရတာပါ။

အညာအပူဒဏ်ကို ခံစားရတဲ့ အညာကလူတွေရဲ့ဘဝဟာ သနားစရာပါ။ ရှေ့မှာ ပြောခဲ့သလို၊ သွပ်မိုး၊ သက်ငယ်မိုး၊ ဝါးထရံကာ၊ မီးမရှိဘဲနဲ့ နေရတဲ့ဘဝမှာ နေ့စဉ်ဝမ်းစာအတွက် ရုန်းကန်ရှာဖွေရနဲ့ဆိုတော့ ကျန်းမာရေးအသိပညာလည်း မရှိ၊ အပူဒဏ်ကိုလည်း သိပ်ပြီးဂရုမစိုက်နိုင်၊ နေပူနေရိပ်မရှောင် ရုန်းကန်နေရတဲ့ဘဝ၊ အတော့်ကို သနားဖို့ကောင်းပါတယ်။

ဒီနေ့ မနက်ပဲ အညာ ချောက်မြို့နယ်က လူနာတစ်ယောက် လာလို့ အခုသိပ်ပူတယ်။ ချောက်မြို့မှာ ၄၆ ဒီဂရီစင်တီဂရိတ်ကို ရောက်နေတယ်။ ဂရုစိုက်ပါလို့ပြောတော့ ‘ဆရာရယ် ဒီသက်ငယ်မိုး၊ ထရံကာ တစ်ထပ်အိမ်လေးထဲမှာ လှောင်ပိတ်ပြီး ပူချစ်တောက်နေတဲ့ အပူတွေနဲ့ နေရတာ၊ ဟိုဟာထိလည်းပူ၊ ဒီဟာထိလည်းပူ ဘယ်မှာထိုင်လို့ ဘယ်လိုနေရမှန်း မသိ၊ အိမ်အပြင်ဘက်ထွက် ရှိတဲ့သစ်ပင်ရိပ်ထဲမှာ နေရတာက တော်သေးတယ်’ လို့ ပြောပါတယ်။

ဒီလို အညာကရွာသားတွေ အပူဒဏ်ကို ခံစားနေရတာ တွေးမိပြီး ကျွန်တော့်မှာ အတွေးတစ်ခု ဝင်လာမိပါတယ်။

မကွေး၊ ချောက်၊ ရေနံချောင်းလို တအားပူတဲ့နယ်တွေက ရွာတွေမှာ ဘယ်လိုနေလို့ ဘယ်သွားရမှန်းမသိတဲ့ အပူဒဏ်ခံနေရတဲ့သူတွေအတွက် ရွာလယ်မှာ အပူရှောင်တဲကြီးတစ်ခုလောက် ဆောက်ပေးထားရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ သက်ကြီးရွယ်အိုတွေ၊ ကလေးလူငယ်တွေ၊ ရောဂါသည်တွေကို ရွေးလက်ခံပြီး အပူဒဏ်အန္တရာယ်တွေနဲ့ ပတ်သက်လို့ ဆောင်ရန်၊ ရှောင်ရန်တွေနဲ့ ပတ်သက်လို့ သင်တန်းတက်ထားပြီး အပူဒဏ်ရှေးဦးသူနာပြုစုနည်းတွေကို သင်ထားတဲ့ ကြက်ခြေနီလုပ်အားပေးလူငယ်တွေနဲ့ လိုတာတွေ ပြုစုပေး၊ လိုအပ်တဲ့ ရေ၊ ဆားတွေ အလုံအလောက် ဆောင်ထား၊ တတ်နိုင်ရင် လူနာခုတင် သုံး၊ လေးလုံး၊ ဘက်ထရီနဲ့ သုံးလို့ရတဲ့ ပန်ကာလေးတွေ စတဲ့ပစ္စည်းလေးတွေစု၊ ဒီထက်တတ်နိုင်ရင် ကျန်းမာရေးမှူး၊ သူနာပြု၊ ဝမ်းဆွဲဆရာမတို့နဲ့ အင်န်ခေတ်ပုလင်းကြီးတွေ၊ အကြောဆေးသွင်းပေးနိုင်အောင်ပါ စီစဉ်နိုင်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ အဲဒီ အညာအပူရှောင်တဲကြီးကို စိတ်အာရုံမှာတွေးမိပြီး တော်တော်လေးကို စိတ်ကြည်နူးမိပါတယ်။

အဆင်ပြေတဲ့ တစ်နေ့တော့ အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်အထိ တက်နေတဲ့ ချောက်မြို့နယ်ထဲက လွင်တီးခေါင်အကျဆုံး ရွာတစ်ရွာကိုသွားပြီး နွေရာသီအပူရှောင်တဲကြီးတစ်တဲလောက်တော့ သွားလှူလိုက်ဦးမယ်လို့ တွေးမိပါတယ်။ အောက်ပြည်အောက်ရွာမှာ မုန်တိုင်းရှောင် အကာအကွယ်တွေ တည်ဆောက်ပေးသလိုပဲပေါ့။ အညာနေပူပူမှာ တစ်ထပ်တဲလေးထဲမှာနေပြီး ဘယ်သွားလို့ ဘယ်လာရမှန်းမသိတဲ့ သူတွေကို အညာအပူရှောင်တဲကြီးထဲမှာ စိတ်တိုင်းကျ ပြုစုနှစ်သိမ့် ကုသပေးချင်လိုက်တာ။

အဲဒီလို အပူဒဏ်ကို ကာကွယ်နိုင်မယ့် နည်းလမ်းတွေကို ဒေသနဲ့ လိုက်ဖက်တဲ့ နည်းစနစ်တွေနဲ့ ဒေသခံပြည်သူတွေ လက်ခံနိုင်မယ့် ပုံစံတွေနဲ့ လုပ်ဆောင်သွားဖို့ရာဟာ သိပ်ကို အရေးကြီးတယ်လို့ ထင်မိပါတယ်။

ကျွန်တော်တို့ရန်ကုန်မြို့က လူတွေဟာ အဲကွန်းကားထဲက အပြင်ထွက်ပြီး အဲကွန်းအခန်းထဲမဝင်ခင် ပြင်ပလေပူနဲ့စက္ကန့်ပိုင်းလေးတွေ့တာတောင် ညည်းညူပြီး မခံနိုင်ကြတာ။ အဲဒီမြို့ကြီးသားတွေ၊ ချောက်မြို့နယ် ရွာကလူတွေလို ပူပူလောင်လောင် ၄၆ ဒီဂရီစင်တီဂရိတ်ထဲမှာဆိုရင်တော့ ဘယ်လိုများ လှုပ်ရှားသွားလာ အသက်ရှင်နေကြပါလိမ့်မလဲလို့ တွေးမိပါတယ်။

ကျွန်တော်တို့တစ်တွေ မိုးခေါင်ရေရှားရပ်ဝန်းဒေသတွေဖြစ်တဲ့ ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ မိတ္ထီလာ၊ သဲတော၊ ဝမ်းတွင်းက ရွာသူရွာသားတွေအတွက် တစ်ခုခုတော့ လုပ်ပေးပြီး အပူဒဏ်တွေ ကာကွယ်ပေးသင့်ပြီလို့ ထင်ပါတယ်။ ဒါဟာ နှစ်စဉ်တွေ့ကြုံနေရမယ့် ပြဿနာပါ။ အဲဒီလို အပူဒဏ်တွေကို စနစ်တကျ ထိရောက်စွာ ဒေသနဲ့ ပတ်ဝန်းကျင်နဲ့ ကိုက်ညီစွာ ကာကွယ်နိုင်မှသာ အပူဒဏ်ရဲ့နောက်ဆုံးအဆင့် အပူလျှပ်ရောဂါအဆင့်ကို မရောက်မှာပါ။

အပူလျှပ်အဆင့် ရောက်သွားပြီဆိုရင်တော့ အသက်အန္တရာယ် ရှိသွားပါပြီ။ ပြင်သစ်လို တိုးတက်တဲ့နိုင်ငံကြီးမှာတောင် လွန်ခဲ့တဲ့ သုံးနှစ်လောက်က အပူလျှပ်ရောဂါနဲ့ လူ ၁၀၀ လောက် အသက်ဆုံးရှုံးခဲ့ရလို့ မှတ်သားဖူးပါတယ်။ ကျွန်တော် ပြောခဲ့တဲ့ အပူဒဏ်နယ်မြေက ရွာတွေမှာဆိုရင်တော့ အပူလျှပ်အဆင့်ကို ရောက်သွားပြီဆိုရင် အသေအပျောက်တွေ တအားများကုန်မှာပါ။ ကျွန်တော်ပြောခဲ့သလိုပဲ ပခုက္ကူမြို့နယ်မှာ ၁၉၈၈ ခုနှစ် မတ်လက အပူဒဏ်ကြောင့် နှစ်ပတ်အတွင်းမှာ လူ ၂၀၀ လောက် အသက်ဆုံးရှုံးခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံ မိုးခေါင်ရေရှားရပ်ဝန်း အပူများတဲ့နေရာတွေမှာ၊ အပူဒဏ်ကာလမှာ ရွာသူရွာသားတွေ သောင်းနဲ့ သန်းနဲ့ချီပြီး နှစ်စဉ်ရင်ဆိုင်နေရမယ့် အပူဒဏ်ပြဿနာကို ကုသရေးစီမံချက်တွေ ဆွဲနေတာဟာ အထူးအရေးကြီးသလို ရွာလယ်မှာ အပူရှောင်တဲကြီးတွေ ဆောက်တာလို အပူဒဏ်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကိုလည်း အလေးပေးဆောင်ရွက်သင့်ပါတယ်လို့ ပြောလိုက်ချင်ပါတယ်။ ။

သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

၁။ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

- ဂနာမငြိမ်ခြင်း
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း
- တစ်ကိုယ်လုံး နုံးချိပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍ စိုစွတ်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

၂။ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း
- ကယောင်ကတမ်းဖြစ်ခြင်း
- သတိလစ်ခြင်း၊ တက်ခြင်း

အရေးပေါ်ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရပြီး အေးမြသောနေရာသို့ ရွှေ့ထားပါ။
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါက ယပ်ခတ်ပေးပါ။
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ။
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ် ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း (၃)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေထီဖွင့်ပွဲ တက်ရောက်အားပေးစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၁

(၃)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေထီဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဝင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်အားပေးသည်။

ထီဖွင့်ပွဲမစတင်မီ အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူများက အောင်ဘာလေထီလက်မှတ်များ ရောင်းချရမှုအခြေအနေနှင့် ထီဆုမဲများ ခွဲဝေချီးမြှင့်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ထီဖွင့်ပွဲတွင် အသုံးပြုမည့်စည်များ၊ အက္ခရာများနှင့် ဂဏန်းများကို တာဝန်ရှိသူများက စစ်ဆေး၍ ထီဖွင့်ပွဲကို စတင်ကျင်းပသည်။

ယနေ့ကျင်းပသည့် (၃) ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေထီဖွင့်ပွဲတွင် ငွေကျပ်သိန်း ၁၅၀၀၀ ဆု အပါအဝင် ဆုမဲစုစုပေါင်း ၂၀၉၇၅၅ ဆုဖြစ်ပြီး ငွေကျပ်သန်းပေါင်း ၁၆၅၉၅၅၀၀ ကို ဖွင့်လှစ်ပေးခဲ့သည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် မြစိမ်းရောင်(အသားကဏ္ဍ) ရန်ပုံငွေ ပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၁

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြစိမ်းရောင် (အသားကဏ္ဍ) ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် တက်ရောက်သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြစိမ်းရောင် (အသားကဏ္ဍ) ရန်ပုံငွေပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မွေးမြူရေးနှင့်အသက်မွေးသူပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဝင်ငွေတိုးတက်လာရေး၊ မြို့ပြနှင့် ကျေးလက်လူနေမှုစနစ်ကွာဟမှု လျော့ကျရန်အတွက် ရန်ပုံငွေပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုက်နာရန်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်က အမှာစကားပြောကြားပြီး နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာကျော်ဝင်းက ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီတို့မှ ရန်ပုံငွေလွှဲပြောင်းပေးအပ်မှုသဘောတူစာချုပ်ချုပ်ဆိုပြီး နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က မြစိမ်းရောင် (အသားကဏ္ဍ) ရန်ပုံငွေကျပ်သိန်း ၃၀၀ အား ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီထံသို့ လွှဲပြောင်းပေးအပ်သည်။

မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာရန်ပုံငွေများပေးအပ်ရာတွင် လူတစ်ဦးလျှင် နွားတစ်ကောင်နှုန်း မွေးမြူနိုင်ရန်အတွက် နွားတစ်ကောင်လျှင် ကျပ်ငါးသိန်းနှုန်း ဖြင့် စုစုပေါင်းလူဦးရေ ၆၀ အတွက် ပေးအပ်ခြင်းဖြစ်သည်။

အခမ်းအနားပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နေပြည်တော်ကောင်စီမှ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ လယ်ယာမြေစိုက်ပျိုးနိုင်ရေး၊ ပုံစံ(၇)ရရှိရေး၊ လမ်း၊ တံတား လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုရားတောင်-ပိုတက်-တက်ရှိန်း-သရက်တော အရှည်သုံးမိုင်၊ အကျယ် ၁၈ ပေရှိ ကျေးရွာချင်းဆက်လမ်းခင်းကျင်းနေမှု၊ နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မသိမ်ကျေးရွာအနီးချောင်းမကြီးချောင်း ကွန်ကရစ်တံတား တည်ဆောက်နေမှုနှင့် မသိမ်ကျေးရွာနှင့် ပိုးစားတောကျေးရွာကြား ချောင်းမကြီးချောင်း ကွန်ကရစ်တံတားတည်ဆောက်နေမှု၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပိုးစားတောကျေးရွာ ကုန်ထုတ်လမ်းအရှည် ၁ ဒသမ ၄၃၉ မိုင် ရှိစာလမ်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

ရေးမြစ် မြစ်ကမ်းထိန်းနံရံလုပ်ငန်း မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရေး မေ ၁

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် ဧပြီ ၂၉ ရက် ညနေ ၅နာရီက ရေးမြို့ မြသီတာဈေးသို့ရောက်ရှိပြီး မြသီတာဈေးအနောက်ဘက် ကမ်းနားလမ်းရှိ ရေးမြစ် မြစ်ကမ်းထိန်းနံရံလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေးမြစ် မြစ်ကမ်းထိန်းနံရံလုပ်ငန်းကို (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေအဖြစ် အလျားပေ ၆၀၀ ကျော်က်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၃၉၂ သန်း ကုန်ကျခံတည်ဆောက်သော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ရေးမြစ် မြစ်ကမ်းထိန်းနံရံလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားစဉ်။

❖ *ကျောဖုံးမှ*

အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဂိုလ်ပါပူရ်မြို့နှင့် ချန်ဘာလီမြို့အကြားမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၇၂ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်

ပုဂံ မေ ၁

ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပုဂံမြို့ရှိ မြန်နန်းဘုံ Royal Emerald River View Resort ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပုဂံလူရည်ချွန်စခန်းမှုခ်ဦးအား နေပြည်တော်၊ ဘားအံနှင့် ထားဝယ်တို့မှ လူရည်ချွန် ကျောင်းသား ကျောင်းသူသုံးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လူရည်ချွန်မောင်မယ်များအနေဖြင့် ပထမဆုံးလိုအပ်ချက်ဖြစ်သည့် ကြိုးစားအားထုတ်ခြင်းနှင့် လောကနယ်ပယ်တွင်ရှိသည့် ဗဟုသုတများကို မိမိတို့၏ ကိုယ်ပိုင်အားထုတ်မှုဖြင့် စုဆောင်းကြရမည်ဖြစ်ကြောင်း၊ အခြေခံကျသည့်အချက်မှာ အကျင့်စာရိတ္တတွင် ရိုးသားဖြောင့်မတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုနှင့် လူတိုင်းအပေါ်တွင် အလေးထားတတ်မှုဖြစ်ကြောင်း၊ ပြောသမျှ အရာရာတိုင်းကို လက်ခံယုံကြည်ခြင်းမရှိဘဲ စူးစမ်းလေ့လာ မေးခွန်းထုတ်ပြီး ကျိုးကြောင်းဆင်ခြင်သုံးသပ်နိုင်မှုရှိရမည်ဖြစ်ကြောင်း၊ ခေတ်နှင့် မျက်ခြည်မပြတ်ရန်အတွက် သတင်းစာ၊ စာပေဗဟုသုတများ ဖတ်ရှုလေ့လာရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အဋ္ဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်များ ပေးအပ်သည်။

လူရည်ချွန် ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းစေတီပုထိုးများကို လှည့်လည်ဖူးမြော်ကြစဉ်။

ဓာတ်ပုံ-မင်းမင်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးမြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ၊ စခန်းတာဝန်ခံ၊ ကြီးကြပ်သူဆရာ၊ ဆရာမများနှင့် လူရည်ချွန်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ရွှေစည်းခုံ၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ သဗ္ဗညု၊ ဗူးဘုရား၊ ကန်တော့ပုလ္လင်၊ မြစေတီကျောက်စာနှင့် လောကနန္ဒာ အစရှိသည့် ပုဂံရှေးဟောင်းစေတီပုထိုးများကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ကိုမင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဓာတ်ပုံ-မင်းမင်း

လူရည်ချွန်စခန်း(ငွေဆောင်) ဖွင့်ပွဲအခမ်းအနား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်

ငွေဆောင် မေ ၁

၂၀၁၈-၂၀၁၉ ဒသမတန်း လူရည်ချွန်မောင်မယ်များ၏ လူရည်ချွန်စခန်း (ငွေဆောင်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားကို လူရည်ချွန်မောင်မယ်များက "နောင်တခေတ်ရဲ့လူရည်ချွန်" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များအား လူရည်ချွန်တံဆိပ်များ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်အား လူရည်ချွန်စခန်း (ငွေဆောင်)စခန်းမှူးနှင့် ၁၉၆၄ - ၁၉၈၈ လူရည်ချွန်ကြီးများက စခန်းဖွင့်ပွဲ အမှတ်တရ တံဆိပ်ကို ပေးအပ်ကြသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်များကိုယ်စား လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပုသိမ်မြို့ရှိ ကျောင်းသူလေးတစ်ဦးက "ကျွန်တော့်ရည်မှန်းချက်" သီချင်း၊ လူရည်ချွန်မောင်မယ်များက "စခန်းနွေမွန်လူရည်ချွန်" သီချင်းတို့ကို ဂုဏ်ပြုသီဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် လူရည်ချွန်စခန်း(ငွေဆောင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မွန်းလွဲပိုင်းတွင် ပုလဲငွေဆောင်ဟိုတယ်၌ လူရည်ချွန်မောင်မယ်များအား IT ပညာရှင်များက နည်းပညာနှင့် ပတ်သက်သည့် သိသင့်သိထိုက် ဗဟုသုတရဖွယ်ရာများကို ဟောပြောပို့ချသည်။

ညပိုင်းတွင် ဟိုတယ်ကမ်းခြေတွင် လူရည်ချွန်မောင်မယ်များ၊ ပုသိမ်နှင့် ငွေဆောင်ရှိ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုဖျော်ဖြေကြသည်။

သတင်း-မင်းသစ်(MNA)

ဓာတ်ပုံ-စိုးမင်းဦး(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီးများ အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းကို တက်ရောက်ဖွင့်လှစ်

ညောင်ရွှေ မေ ၁

၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ခေါင်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန် အပန်းဖြေစခန်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းနှင့် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးဟန်ဇော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လူရည်ချွန်ကျောင်းသားများကိုယ်စား ကျောင်းသားတစ်ဦးအား ရင်ထိုးတံဆိပ် တပ်ဆင်ပေးသည်။

ရင်ထိုးတံဆိပ် တပ်ဆင်ပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများက အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းရှိ လူရည်ချွန်လူငယ်မောင်မယ်များအား ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လူရည်ချွန်စခန်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို လူရည်ချွန်စခန်းမှူးနှင့် ၁၉၆၄-၈၈ လူရည်ချွန်ကြီးများက ပေးအပ်ခဲ့သည်။

ဖွင့်ပွဲအပြီးတွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် လူရည်ချွန်စခန်း ဖွင့်ပွဲအထိမ်းအမှတ် ပြသထားသောဌာနဆိုင်ရာ ပြခန်းများအား ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများအချင်းချင်း ဒေသန္တရဗဟုသုတများ ဆွေးနွေးဖလှယ်ခြင်းတို့ ဆောင်ရွက်ကြပြီး မေ ၂ ရက် နံနက်တွင် အင်းလေးကန်အတွင်း လှည့်လည်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ - သီဟစည်သူ

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးဟန်ဇော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

လူရည်ချွန်ကြီးတွေနဲ့ တွေ့တဲ့အခါမှာလည်း သူတို့ပြောတာတွေက မှတ်သားစရာတွေ၊ ဗဟုသုတတွေ အများကြီးရပါတယ်

သုံးထပ်ကွမ်းလူရည်ချွန် မစိန်စီတိုး

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသားလူငယ်များကို ဘက်စုံထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ စသည်တို့အပေါ်တွင် စိစစ်ရွေးချယ်ပြီး ဂုဏ်ပြုချီးမြှင့်အစီအစဉ်ကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြသည်။

ယခုနှစ်တွင်လည်း အခြေခံပညာကျောင်းများမှ အဌမတန်း၊ နဝမတန်း၊ ဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများကို ပုဂံ၊ အင်းလေး၊ ငွေဆောင်လူရည်ချွန်စခန်းများ ဖွင့်လှစ်ပြီး လူရည်ချွန်လူငယ်များ နေထိုင်အပန်းဖြေကာ ဒေသန္တရဗဟုသုတများ တိုးပွားစေရန် လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ လူရည်ချွန်စခန်း(ငွေဆောင်)သို့ ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ၂၀၁၈-၂၀၁၉ ဒသမတန်းလူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားတင်ပြလိုက်ရပါသည်။

နှစ်ထပ်ကွမ်းလူရည်ချွန်
မောင်ရှန်ကျုံးလျန်

သုံးထပ်ကွမ်းလူရည်ချွန်
မောင်စောလင်းထက်ကိုကို

သုံးထပ်ကွမ်းလူရည်ချွန်
မစိန်စီတိုး

သုံးထပ်ကွမ်းလူရည်ချွန်
မနှင်းသီရိကျော်

သုံးထပ်ကွမ်းလူရည်ချွန်
မခိုင်သဇင်နှင်း

နှစ်ထပ်ကွမ်းလူရည်ချွန် မောင်ရှန်ကျုံးလျန်
အထက(၁)ဟားခါး၊ ချင်းပြည်နယ်

ချင်းပြည်နယ်တောင်ပေါ်မှာနေတာဆိုတော့ ဟားခါးမြို့က အထူးသဖြင့်အေးတယ်။ ရာသီဥတုက ဒီမှာနဲ့ဆိုကွာခြားတယ်။ ငယ်ငယ်ကတည်းက ပင်လယ်ပြင်ကြီးကို မြင်ချင်ခဲ့တာပါ။ ကိုယ်တိုင်မြင်တွေ့ခွင့်ရလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ပင်လယ်ပြင်ကြီးက ဘယ်လိုအလှတရားမျိုးရှိသလဲဆိုတာ ကိုယ်တိုင်ကြုံတွေ့ခွင့်ရခဲ့တယ်။ မန္တလေးမြို့ကိုလည်းရောက်ခဲ့တော့ မန္တလေးမြို့မှာရှိတဲ့ စာသင်ကျောင်းတွေ၊ မြို့ကြီးရဲ့ သန့်ရှင်းသာယာလှပမှုတွေကိုလည်း လေ့လာခွင့်ရတယ်။ ရန်ကုန်မှာဆိုလည်း အများကြီးလေ့လာခွင့်ရခဲ့ပါတယ်။ ဘဝရည်မှန်းချက်ကတော့ ဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရင်း ပရဟိတဆရာဝန်တစ်ယောက်အနေနဲ့လည်း ပြည်သူတွေကို ဆေးကုသပေးချင်တယ်။ ချင်းပြည်နယ်က တစ်နိုင်ငံလုံးမှာ ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်ပါ။ ချင်းပြည်နယ်က သယံဇာတတွေလည်းမထွက်ဘူး။ ပညာရေးပိုင်းမှာ အားပေးဖို့လိုပါတယ်။ ပညာရေးပိုင်းမှာ ဘာကြောင့် အားပေးဖို့လိုသလဲဆိုရင် ပညာရေးက မြန်မာနိုင်ငံအတွက် အထူးအရေးကြီးပါတယ်။ မြန်မာနိုင်ငံအတွက် စံပြုဂုဏ်ယူရမယ့် ပုဂ္ဂိုလ်တွေဖြစ်အောင် ချင်းပြည်နယ်မှာရှိကြတဲ့ ညီငယ်ညီမငယ်တွေလည်း ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

သုံးထပ်ကွမ်းလူရည်ချွန် မောင်စောလင်းထက်ကိုကို
အထက(၂) လှိုင်ဘွဲ့၊ ကယားပြည်နယ်

လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ အားကစားကနေကျောင်းစာအထိ ဘက်စုံထူးချွန်နေရမယ်။ တချို့က ကျောင်းစာတော်ပြီး အားကစားမှာ အားနည်းကြတယ်။ ဒီမှာ ရောက်လာတဲ့သူတွေကတော့ အားကစားမှာရော ပညာရေးမှာပါ ထူးချွန်ကြတယ်။ အသိပညာဗဟုသုတတွေလည်း ကြွယ်ဝကြတယ်။ ကျွန်တော်က အားကစားထဲမှာတော့ ဘတ်စကက်ဘောကို ဝါသနာပါတယ်။ ဘဝရည်မှန်းချက်ကတော့ စာရေးဆရာကြီးတစ်ယောက်ဖြစ်ချင်တယ်။ စာအုပ်စာပေတွေ အများကြီးဖတ်ဖြစ်ပါတယ်။ ဘာသာပြန်စာပေတွေ အများဆုံးဖတ်ဖြစ်ပါတယ်။ စာရေးဆရာကြီးတွေရဲ့ သူတို့အတွေ့အကြုံတွေ ရေးထားတဲ့စာအုပ်တွေ ဖတ်ဖြစ်ပါတယ်။ စာရေးဆရာကြီးတွေ ရေးထားတဲ့ စာပေတွေထဲက စာတွေကို မှီငြမ်းလေ့လာပြီး ကိုယ်တိုင်လည်းရေးနိုင်အောင် ကြိုးစားနေတယ်။ ကျောင်းက စာစီစာကုံးပြိုင်ပွဲတွေကိုလည်း ဝင်ပြိုင်ဖြစ်ပါတယ်။ လူရည်ချွန်ဖြစ်ပြီး စခန်းသုံးခုလုံးကို သွားခဲ့ရတဲ့အတွက် ဗဟုသုတတွေလည်းရခဲ့ပါတယ်။

သုံးထပ်ကွမ်းလူရည်ချွန် မစိန်စီတိုး
အထက (၁) ပြည်၊ ပဲခူးတိုင်းဒေသကြီး

လာခဲ့တဲ့ လမ်းခရီးတစ်လျှောက်မှာ အသစ်အဆန်းတွေလည်း မြင်ခဲ့ရတယ်။ ကျောင်းသားကျောင်းသူတွေကလည်း လမ်းတစ်လျှောက် ကြိုဆိုကြတယ်။ ပျော်စရာလည်းကောင်းသလို ဗဟုသုတတွေလည်းရပါတယ်။ လူရည်ချွန်တွေထဲမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်အနှံ့က လာကြတော့ သူငယ်ချင်းတွေဖြစ်သွားပြီး ခင်မင်ခွင့်ရပါတယ်။ သူတို့ဒေသအကြောင်းကိုလည်း သိရှိခွင့်ရခဲ့ပါတယ်။ လူရည်ချွန်ကြီးတွေနဲ့ တွေ့တဲ့အခါမှာလည်း သူတို့ပြောတာတွေက မှတ်သားစရာတွေ၊ ဗဟုသုတတွေ အများကြီးရပါတယ်။ အတုယူစရာလည်း ကောင်းပါတယ်။ ဘဝရည်မှန်းချက်ကတော့ ဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။

သုံးထပ်ကွမ်းလူရည်ချွန် မနှင်းသီရိကျော်
အထက (၁) မြစ်ကြီးနား၊ ကချင်ပြည်နယ်

ဒီခရီးစဉ်က အတွေ့အကြုံတွေအများကြီး ရပါတယ်။ ရန်ကုန်မှာဆိုရင်လည်း မြန်မာနိုင်ငံရဲ့ အထင်ကရဖြစ်တဲ့ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ခွင့်ရရှိခဲ့ပါတယ်။ ရွှေတိဂုံစေတီတော်ရဲ့ ဘုရားသမိုင်းတွေကိုလည်း လေ့လာသိရှိခွင့်ရခဲ့ပါတယ်။ လူမျိုးအသီးသီးရဲ့ရိုးရာဝလေ့တွေကိုလည်း လေ့လာခွင့်ရပါတယ်။ ဒီခရီးစဉ်က ပျော်စရာလည်း ကောင်းသလို ဗဟုသုတတွေလည်းရပါတယ်။ ပင်းတယမီးအိမ်ရှင်လို မိမိအလုပ်ကိုချစ်မြတ်နိုးတဲ့ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့အတွက်လည်း ငယ်ငယ်ကတည်းက ကြိုးစားခဲ့ပါတယ်။ ကျောင်းစာတွေအပြင် ဗဟုသုတတိုးပွားစေမယ့် ရသစာပေတွေကိုလည်း ဖတ်ရှုလေ့လာခဲ့ပါတယ်။

သုံးထပ်ကွမ်းလူရည်ချွန် မခိုင်သဇင်နှင်း
တာချီလိတ်မြို့ ရှမ်းပြည်နယ်အရှေ့ပိုင်း

လူရည်ချွန်ဖြစ်အောင် ငယ်ငယ်ကတည်းက ရည်မှန်းချက်ထားပြီး ကြိုးစားခဲ့တယ်။ ကျောင်းစာတွေအပြင် ဗဟုသုတဖြစ်စေမယ့် စာပေတွေကိုလည်း ဖတ်ရှုပါတယ်။ စာပေတွေ ဖတ်ရှုလေ့လာခွင့်ရတဲ့အတွက် အရင်က စာမဖတ်ခင်ကနဲ့ အခု စာပေတွေဖတ်ရှုပြီးနောက်ပိုင်း အတွေးအခေါ်ကအစ ပြောင်းလဲလာတယ်။ ဒီခရီးစဉ်မှာ ဒေသအသီးသီးကလာကြတဲ့ သူငယ်ချင်းအသစ်တွေရတယ်။ ငွေဆောင်ဒေသက ရာသီဥတုအခြေအနေတွေ၊ ပတ်ဝန်းကျင်ရှုခင်းတွေ ခံစားရတယ်။ ကမ်းခြေရဲ့အလှအပတွေကိုလည်း ခံစားရတယ်။ ဒီဒေသက လူတွေရဲ့ လူမှုဘဝတွေကိုလည်း လေ့လာခွင့်ရတယ်။ ဗဟုသုတတွေအများကြီး ရပါတယ်။

တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)
ဓာတ်ပုံ-စိုးမင်းဦး(ပြန်/ဆက်)

မုံရွာမြို့ မြို့တော်ခန်းမတွင် ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကျင်းပ

မုံရွာ မေ ၁

ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓ ရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ ည ၇ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ငြိမ်းချမ်းရေး ဓမ္မသဘင်တွင် ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိကက "မေတ္တာလွှမ်းမှ ငြိမ်းချမ်းမယ်" တရားတော်ကို ဟောကြားချီးမြှင့်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်၏ဇနီး ဒေါ်တင့်တင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ မုံရွာမြို့နယ်မှ တရားချစ်ခင်သူများက တရားတော်ကို နာယူကြည်ညိုကြသည်။ တရားပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားရေးအတွက် ဒေသခံပြည်သူများ၏ ဓမ္မပူဇာအလှူငွေများကို ဆရာတော်ထံ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ဆက်ကပ်လှူဒါန်းသည်။

အရုဏ်ဆွမ်းဆက်ကပ်

ယနေ့နံနက် ၅ နာရီက မုံရွာမြို့ ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်တွင် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင်ကြပြီး ဆရာတော်၊ သံဃာတော်များအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ မြင့်နိုင်၏ ဇနီး ဒေါ်တင့်တင့်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဘိုးသန်းညွှန့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အရုဏ်ဆွမ်း ဆက်ကပ်သည်။

ဟောကြားချီးမြှင့်

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်များ ဒေသစာရီလှည့်လည်အပူဇော်ခံရာ ခရီးစဉ်တစ်လျှောက်တွင် ဆရာတော်အရှင်ဆန္ဒာဓိကမှ ပြည်ထောင်စုကြီးအစဉ်ထာဝရ ငြိမ်းချမ်းသာယာမှု ရရှိရန် ရည်သန်ကာ ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်ပေးလျက်ရှိရာ မေ ၃ ရက်တွင် မန္တလေးမြို့၊ မေ ၇ ရက်တွင် ကျောက်ဆည်မြို့၊ မေ ၈ ရက်တွင် သဲတောဝမ်းတွင်းမြို့၊ မေ ၁၁ ရက်တွင် တောင်ကြီးမြို့၊ မေ ၁၂ ရက်တွင် လွိုင်ကော်မြို့နှင့် မေ ၁၃ ရက်တွင် တောင်ငူမြို့၊ မေ ၁၄ ရက်တွင် တပ်ကုန်းမြို့၊ မေ ၁၅ ရက်တွင် လယ်ဝေး မြို့၊ မေ ၁၆ ရက်တွင် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်တို့တွင် ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ဉာဏ်တော်အမြင့် ၁၀၈ ပေ ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအား ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်မှုဖြင့် နိုင်ငံတော်အကြီးအကဲများ၊နိုင်ငံသူ၊ နိုင်ငံသားများစုပေါင်းအင်အားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရန်ရည်သန်လျက် တည်ထားကိုးကွယ်လျက်ရှိသည်။

သတင်းနှင့် ဓာတ်ပုံ- ဟန်လင်းနိုင်
ထွန်းကိုကို(ယင်းမာပင်)

မုံရွာမြို့ မြို့တော်ခန်းမ၌ ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ကျင်းပစဉ်။

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနား လှိုင်သာယာမြို့နယ်၌ စည်ကားစွာ ကျင်းပ

ရန်ကုန် မေ ၁

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ (2019 May Day) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အောင်မြေသာယာဘောလုံးကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

နံနက် ၇ နာရီခန့်တွင် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများနှင့် မိသားစုဝင်များ၊ အလုပ်သမား သမဂ္ဂအဖွဲ့ဝင်များ အပါအဝင် လူဦးရေငါးထောင်ကျော်တို့သည် အဆိုပါမြို့နယ်အတွင်းရှိ ဘုရားလမ်းထိပ်မှတ်တိုင်နှင့် စနေမမှတ်တိုင်အနီးတို့တွင်စုဝေးကာ လမ်းကြောင်းနှစ်ခုခွဲပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက်သမဂ္ဂအလံများ ကိုင်ဆောင်၍ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အခမ်းအနားကျင်းပရာနေရာသို့ ချီတက်လမ်းလျှောက်ကြသည်။

ထို့နောက် အောင်မြေသာယာ အားကစားကွင်း၌ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားစတင်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဖတ်ကြားသည်။

သုံးပွင့်ဆိုင်တွေ့ဆုံညှိနှိုင်း

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ချမှတ်ပြီး အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ခေတ်စနစ်နှင့် မကိုက်ညီသည့် ဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းတို့ကို ကျွမ်းကျင်ပညာရှင်များ အပါအဝင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် တွေ့ဆုံညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆဲအလုပ်သမားဥပဒေများကို အလုပ်ရှင်၊ HR မန်နေဂျာများ၊ အလုပ်သမားများ ကောင်းစွာ သိရှိလိုက်နာနိုင်ရန် မိတ်ဖက်ဌာနများနှင့် ပူးပေါင်းပြီး စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများတွင် အသိပညာပေးဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိပါကြောင်း။

ပူးပေါင်းဆောင်ရွက်

တည်ဆဲအလုပ်သမား ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်ရှာဖွေသူများအလုပ်အကိုင်ရရှိရေး၊ အလုပ်သမားများ ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အနိမ့်ဆုံးလုပ်ခလစာ အပါအဝင် လုပ်ခလစာများ ပုံမှန်ရရှိရေး၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်များ ခံစားရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို အာမခံအလုပ်သမားများရရှိခံစားနိုင်ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုများကို ပြေလည်မှုရရှိစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အလုပ်သမားရေးရာနှင့် စပ်လျဉ်း၍ ဒေသတွင်းသာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တိုက်တွန်းပြောကြား

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် အခြေအနေပေါ်မူတည်ပြီး ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများကိုအခွင့်အရေးအဖြစ်ရယူနိုင်ရန် မြန်မာအလုပ်သမားထုအနေဖြင့် နည်းပညာများ ကျွမ်းကျင်မှုရှိရန် လိုပါကြောင်း၊ နည်းပညာအသစ်များ ပေါ်ထွန်းနေခြင်းကြောင့် ယှဉ်ပြိုင်မှုကြီးမားသည့် ကမ္ဘာတစ်ဝန်းတွင် ရင်ပေါင်တန်းနိုင်ရန် အလုပ်သမားများအနေဖြင့် စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်ပြီး စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်မှသည် ဒေသအဆင့်၊ နိုင်ငံတကာအဆင့်အထိ ကောင်းမွန်သည့်ပြယုဂ်ဖန်တီးပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) ဥက္ကဋ္ဌ ဦးမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်သမားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွေး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ရန်ကုန်ရုံးမှ ဆက်ဆံရေးအရာရှိ မစ္စတာ ရိုရီမန်ဂိုဇန်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားသွေးစည်းညီညွတ်ရေးအတွက် ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများမှတာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) ကကြီးမှူး၍ ခုနစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး အလုပ်သမားများအနေဖြင့် မေဒေးနေ့ ပေါ်ပေါက်လာပုံသမိုင်းကြောင်းကို သိရှိပြီး အစဉ်သတိရနေစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဖွင့်လှစ်ပြသ

ယနေ့အခမ်းအနားတွင် အနုပညာရှင်များ၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များ၏ သီဆိုဖျော်ဖြေမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကိုလည်းကျင်းပခဲ့သည့်အပြင် ပညာပေးအစီအစဉ်များနှင့် အတူ CTUM ၏ လုပ်ငန်းကဏ္ဍအလိုက် အဖွဲ့ချုပ်များ၏ လှုပ်ရှားဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်းများ၊ စာမှတ်တမ်းများကို ပြခန်းငယ်များ ဖွင့်လှစ်၍ပြသခဲ့ကြောင်း သိရသည်။

သတင်း-ဇော်ကြီး

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ- ဖေဇော်

အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများ ကြိုတင်ကာကွယ်ခြင်းဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁

အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားသည်ဟုသိရပါက လိုအပ်သော စစ်ဆေးမှုများဖြစ်သည့် အစာအိမ်မှန်ပြောင်း ကြည့်ရှုခြင်း၊ အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း၊ အစာအိမ်ကို ပိုးရှိ-မရှိစစ်ဆေးခြင်းတို့ဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ကြောင်း၊ စောစီးစွာ ဆေးကုသမှု ခံယူပါက လူနာများ၏ အသက်ရှင်နှုန်း ပိုမိုများကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာ ဦးသိန်းမြင့်က ပြောကြားသည်။ **(ယာပုံ)**

မေ ၂၉ ရက်တွင် ကျရောက်သော (၆၁) ကြိမ်မြောက် ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်းနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပရာ ၎င်းက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်းနေ့ ဆောင်ပုဒ်မှာ "အစာအိမ် အူလမ်းကြောင်းရောဂါ ကင်ဆာစောစော ရှာဖွေ ကုသပါ" ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကင်ဆာရောဂါ ဖြစ်ပွားမှု အများဆုံးမှာ အမျိုးသားများတွင် အစာအိမ်ကင်ဆာ၊ အသည်းကင်ဆာ၊ အစာမျိုပြွန်ကင်ဆာ၊ အူမကြီးကင်ဆာနှင့် အဆုတ်ကင်ဆာတို့ အများဆုံးဖြစ်ပွားကြပြီး အမျိုးသမီးများတွင် အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် အသည်းကင်ဆာတို့ အဖြစ်များကြကြောင်း အဆိုပါဟောပြောပွဲမှ သိရသည်။

ကုသရာမှာ အလွန်ခက်ခဲ

"စောစောသိရင် ကင်ဆာရောဂါကို အများကြီး ကြိုတင်ကာကွယ်နိုင်ပါတယ်။ လူနာတွေအသက်ရှင်ဖို့ ရာခိုင်နှုန်းက ပိုများပါတယ်။ နောက်ကျမှသိတဲ့ လူနာကင်ဆာနှင့် ပိုမိုဖြစ်စေနိုင်သော အကြောင်းအရာများ၊ အစာအိမ်ပိုးကာကွယ်ခြင်း၊ အစာအိမ်မှန်ပြောင်းကြည့်ရှုခြင်း၏ အကျိုးကျေးဇူးနှင့် နောက်ဆက်တွဲ အန္တရာယ်၊ အူမကြီးကင်ဆာနှင့် ပိုမိုဖြစ်ပွားနိုင်သော အချက်များနှင့် အူမကြီးကင်ဆာကို စစ်ဆေးနိုင်သည့် နည်းလမ်းများ စသည်တို့ကို အဓိက ပညာပေး ဟောပြောခဲ့သည်။

သေချာစွာတိုင်ပင်

ကင်ဆာရောဂါဟုသိလျှင် ရောဂါကို လက်ခံနိုင်အောင် ကြိုးစားခြင်း၊ စိုးရိမ်စိတ်မများခြင်း၊ လူနာနှင့် မိသားစုသေချာစွာ တိုင်ပင်ခြင်း၊ နားလည်တတ်ကျွမ်းသော ဆရာဝန်နှင့် ကုသခြင်း၊ ဆေးမြီးတိုနှင့် ပတ်ဝန်းကျင်မှ အကြံပေးသော တစ်ပွဲတိုး ကုသနည်းများကို ရှောင်ကြဉ်ခြင်းများကို အဆိုပါဟောပြောပွဲတွင် ပညာပေး ဟောပြောခဲ့သည်။

ထို့အပြင် မှိုတက်သောအစားအစာများ ရှောင်ကြဉ်ခြင်း၊ အသီးအနှံ ဟင်းသီးဟင်းရွက်များကို များများစားသုံးခြင်း၊ နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အငန်နှင့်အဆီ လျှော့စားခြင်း၊ တာရှည်ခံအစားအစာများ၊ ဆေးလိပ်နှင့် ကွမ်းယာတို့ကို ရှောင်ကြဉ်ခြင်း၊ မီးကင်ထားသော အစားအစာများကို လျှော့စားခြင်းနှင့် ဆိုးဆေးပါသောအစားအစာများ ရှောင်ကြဉ်ခြင်း၊ အနီရောင်ရှိသော အသားများကို လျှော့စားခြင်းနှင့် ငါးများများစားသုံးခြင်းတို့ကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

သတင်း - မြတ်စန္ဒီ၊ ဓာတ်ပုံ - ရဲထွဋ်

ကမ္ဘာ့ရွှေဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းရွှေဈေးပါ ဆက်လက်ကျဆင်း

ရန်ကုန် မေ ၁

ကမ္ဘာ့ ရွှေဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းရွှေဈေးပါ ဆက်လက်ကျဆင်းလာပြီး လက်ရှိ ပြည်တွင်းရွှေဈေးကွက်အတွင်း တစ်ကျပ်သားလျှင် ၁၀၃၇၀၀၀ ဝန်းကျင်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

"ကမ္ဘာ့ရွှေဈေး နည်းနည်းကျတယ်၊ ကမ္ဘာ့ရွှေဈေးကျလို့ ဒီဘက် ပြည်တွင်းရွှေဈေးက ကျတာပဲ"ဟု ဦးမျိုးမြင့် က ပြောသည်။

ထို့ပြင် ကမ္ဘာ့ရွှေဈေးမှာ ဆက်လက်ကျဆင်းနေသောကြောင့် ပြည်တွင်းရွှေဈေးမှာ ယခုမေလအတွင်း ဆက်လက်ကျဆင်းနိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ပြည်တွင်းရွှေဈေး နည်းနည်းတော့ ကျလိမ့်ဦးမယ်၊ ကမ္ဘာ့ဈေးကလည်း တစ်နေ့တစ်ဒေါ်လာလောက် ပြုတ်ပြုတ်ကျနေတာ"ဟု ၎င်းက ထပ်မံပြောကြားသည်။

ပြည်တွင်းရွှေဈေး အတက်အကျသည် ကမ္ဘာ့ရွှေဈေးပေါ်တွင် မူတည်နေပြီး ပြီးခဲ့သည့် ဧပြီ ဒုတိယပတ်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၀၀ ကျော်ရှိခဲ့ရာမှ လက်ရှိ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၉ ဒေါ်လာထိ ကျဆင်းလာခြင်းဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ထို့ပြင် ရွှေဈေးကွက်အတွင်း အရောင်းအဝယ်မှာလည်း အေးနေကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်သစ်များ ထပ်ခါထပ်ခါ ချိုးလာခဲ့ရာ ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှ ၂၉ ရက်အတွင်း တစ်ကျပ်သားလျှင် ကျပ် ၁၀၅၀၀၀၀ ကျော်၊ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အတွင်း ကျပ် ၁၀၆၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်း ကျပ် ၁၀၇၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အတွင်း ကျပ် ၁၀၈၀၀၀၀ ကျော်အထိ စံချိန်သစ်များ အသီးသီး ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ဈေးကွက်အတွင်း ဆက်လက်ကျဆင်းလာရာ ယနေ့တွင် တစ်ကျပ်သားလျှင် ကျပ် ၁၀၃၇၀၀၀ ဝန်းကျင်အထိ ကျဆင်းလာခြင်းဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ပြီးခဲ့သည့်လများက ရွှေဈေးကို ပြန်ကြည့်ပါက ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၀၄၃၄၀၀ (ဇန်နဝါရီ ၁ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၀၆၁၀၀၀ (ဇန်နဝါရီ၃၁ ရက်)၊ ဖေဖော်ဝါရီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၀၅၆၀၀ (ဖေဖော်ဝါရီ ၂ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၀၈၇၃၀၀ (ဖေဖော်ဝါရီ ၂၀ ရက်)၊ မတ်တွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၀၄၈၆၀၀ (မတ် ၃၀ ရက်) နှင့် အမြင့် ဆုံးနှုန်းကျပ် ၁၀၆၉၀၀၀(မတ် ၂၁ ရက်)၊ ဧပြီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၀၃၇၂၀၀ (ဧပြီ ၂၄ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၀၅၄၇၀၀ (ဧပြီ ၁၁ ရက်)တို့ ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ငြိမ်းငြိမ်း

ကနီမြို့နယ်ရှိ စဖိုကြီးရေတံခွန်သို့ ပြည်တွင်း၊ပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေနိုင်စရာ နေရာသစ်အဖြစ် ဖော်ဆောင်မည်

မုံရွာ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားနေရာသစ်အဖြစ် ကနီမြို့နယ်ရှိ စဖိုကြီးရေတံခွန်နေရာအား ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေနိုင်စရာ နေရာသစ်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

စဖိုကြီးရေတံခွန်သည် အလွန်မြင့်မားသော ကျောက်တောင်၊ ကျောက်ဆောင်ကြီးများကြားမှ ရေများစီးကျလာသည့် အမြင့်ပေ ၁၂၀ ခန့်ရှိ သုံးထပ်ဆင့်ရေတံခွန်ဖြစ်ပြီး ရေတံခွန်ဘေးပတ်လည်တွင် ကျောက်ဖျာ၊ ကျောက်လွှာ၊ ကျောက်တုံး၊ ကျောက်ဆောင်၊ ကျောက်ကမ်းပါးယံမျိုးစုံနှင့်အတူ သဲချောင်းငယ်လေးများကို ကြည်နူးဖွယ် တွေ့ရမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှူး ဦးအောင်သူက "စဖိုကြီးရေတံခွန် အနေအထားက မုံရွာမြို့နဲ့ အနီးကပ်ဆုံး ရေတံခွန်လို့ ပြောရမှာပေါ့။ မုံရွာနဲ့ ၃၇ မိုင်လောက်ဝေးတယ်။ မုံရွာကနေ ကနီအထိ လမ်းကောင်းတယ်၊ မဲဒင်ကျေးရွာက ကျောက်ခင်းလမ်းပိုင်း၊ အဲဒီမဲဒင်ကျေးရွာကနေ စဖိုကြီးရေတံခွန်က နှစ်မိုင်လောက် ဆက်သွားရသေးတယ်။ ရေတံခွန်အထိရောက်ဖို့ ပထမဆုံးလမ်းပန်းဆက်သွယ်မှု ကောင်းအောင် လုပ်ရမယ်။ ဒါကြောင့် ဧပြီ ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး လျှပ်စစ် အင်ဂျင်နီယာရုံးတို့မှ တာဝန်ရှိသူတွေက ကနီမြို့နယ် စဖိုကြီးကျေးရွာအနီးရှိ ရေတံခွန်စီးဆင်းနေမှုကို ကွင်းဆင်းကြည့်ရှုပြီး ခရီးသွားပြည်သူတွေ လာရောက်အပန်းဖြေနိုင်ရေးအတွက် ဆောင်ရွက်မယ့် အစီအမံတွေကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။ အရင်ဆုံး လမ်းပန်းဆက်သွယ်ရေးကောင်းအောင် စီမံမှာပါ။ ပထမဦးဆုံး လမ်းကောင်းဖို့ လိုတယ်လေ၊ လမ်းပိုင်းပြုပြင်ဖို့အတွက် စီမံတော့မယ်၊ အခုလောလောဆယ်က သိတဲ့ ဒေသခံတွေ၊ ဝန်ထမ်းမိသားစုတွေ သွားရောက်အပန်းဖြေအနားယူကြတယ်"ဟု ပြောသည်။

စဖိုကြီးရေတံခွန်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကို အရင်ကောင်းမွန်အောင် ပြုလုပ်သွားမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရန်အတွက် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ထပ်မံ၍ ကွင်းဆင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စဖိုကြီးရေတံခွန်သည် ကနီမြို့နယ် မဲဒင်ကျေးရွာအုပ်စု စဖိုကြီးကျေးရွာတွင် တည်ရှိပြီး မုံရွာ-ယာကြီး-ကလေးဝကားလမ်းအတိုင်း သွားရမည်ဖြစ်ပြီး ထိုရေတံခွန်မှ တစ်ဆက်တည်း တွင်းမအင်းသို့ သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေ မှ ၁၃ ပေ ခန့်ရှိနိုင်သည်။

မိုး/ဇလ

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းအား ဂျပန်နိုင်ငံ ဂျူဒိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ခါးစည်း ချီးမြှင့်



မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းအား ဂျပန်နိုင်ငံ Kodokan Judo Institute ဥက္ကဋ္ဌ Mr.Haruki Uemura က Koddkan 3rd Dan ခါးစည်း ပေးအပ်စဉ်။

ရန်ကုန် မေ ၁

မြန်မာနိုင်ငံတွင် ဂျူဒိုအားကစားနည်းများ ရှင်သန်ဖွံ့ဖြိုးရေးနှင့် တိုးတက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းသည် ဂျပန်နိုင်ငံ Nobeoka မြို့ရှိ Kodokan Judo Institute ဥက္ကဋ္ဌ Mr . Haruki Uemura မှပေးအပ်သော Koddkan 3rd Dan ခါးစည်းကို လက်ခံပြီးနောက် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ ဂျူဒို အဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌ ဦးအေးကြည်နှင့် အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်သီသီရှိန်နှင့် အမှုဆောင်များ ဂျူဒိုအားကစားသမားများ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံဂျူဒို အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်လက်ရှင်သန်ပြန့်ပွားရေး၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများမှသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကာ ဦးထွန်းထွန်းသည် ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်၊ နိုင်ငံတကာ ဆက်ဆံရေး ဆပ်ကော်မတီ ဦးမင်းသိန်းနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ ဦးဇော်ထွန်းနိုင်တို့သည် ဧပြီ ၂၁ ရက်မှ မေ ၁ ရက်အထိ ဂျပန်နိုင်ငံတိုကျိုနှင့် နိုဘေယိုကာမြို့များသို့ သွားရောက်ပြီး ဂုဏ်ထူးဆောင် ခါးစည်းဆုလက်ခံပြီး ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

၁၉၅၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်ရောက်ရှိချိန်တွင် သက်တမ်း ၆၁ နှစ်သို့ ရောက်ရှိပြီဖြစ်သည်။ ဦးထွန်းထွန်းသည် ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် ၁၃ နှစ်တာကာလအတွင်း အမိမြန်မာနိုင်ငံအတွက် ဂျူဒိုအားကစားနည်းဖြင့် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဂျပန်နိုင်ငံ၏ အဆင့်မြင့်ဆုံး ဂျူဒိုတက္ကသိုလ်မှ ခါးစည်းကို ဂုဏ်ထူးဆောင် အဖြစ်ပေးအပ်သည့်အပြင် Kodokan Member တစ်ဦးအဖြစ် ခန့်အပ်ခြင်းခံရကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - အေကေလင်း

ဂေါက်သီးစည်းမျဉ်းသင်တန်း မန္တလေးတွင် ဖွင့်မည်

မန္တလေး မေ ၁

မြန်မာနိုင်ငံ ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်နှင့် R&A တို့ ပူးပေါင်းဖွင့်လှစ်သော (R&A Level-1 Rules Seminar 2019) မန္တလေးသင်တန်းကို ၂၀၁၉ခုနှစ်၊ မေ ၁၉ ရက်တွင်မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ ဂေါက်သီးအားကစားနည်းအပေါ် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်လိုသူများသည် မေ ၁၂ ရက် နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်း - ၀၉ - ၅၁၉၃၄၂၃နှင့် ဦးဝင်းဇော် ဖုန်း - ၀၉-၂၅၄၂၂၅၀၇၀ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် ဂေါက်သီးစည်းမျဉ်းသင်တန်း (R&A Level-1 Rules Seminar 2019) ကို ဧပြီ ၂၂ ရက်က ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပြီး မန္တလေးမြို့၌ ထပ်မံဖွင့်လှစ်ခြင်း ဖြစ်သည်။ **ဖိုးသော်ဇင်**

AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်မှ ရန်ကုန်အသင်း ထွက်ရ

ရန်ကုန် မေ ၁

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (၅) ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရန်ကုန်အသင်းသည် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းကို စင်ကာပူနိုင်ငံရှိ ဂျလန်းဘီဆာကွင်း၌ လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရန်ကုန်အသင်းသည် နောက်တစ်ဆင့်တက်ရေး နောက်ဆုံးမျှော်လင့်ချက်အတွက် အကောင်းဆုံးကြိုးစားခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းတွင် အဓိက ကစားသမားအချို့ မပါဝင်နိုင်၍ အားလျော့ခဲ့ပြီး ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ပွဲချိန် ၂၊ ၄၃ မိနစ်တွင် အမ်မရီက တမ်ပနိစ်ရိုဗာအသင်းအတွက် ဂိုးများ သွင်းယူခဲ့၍ ရန်ကုန်အသင်း နောက်မှ လိုက်ကစားခဲ့ရသည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၇ မိနစ်တွင် စိုးမင်းနိုင်၊ ၇၁ မိနစ်တွင် မောင်မောင်လွင်တို့က ချေပဂိုးများပြန်သွင်းခဲ့၍ လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ ၇၇ မိနစ်တွင် အမ်မရီက တမ်ပနိစ်ရိုဗာအသင်းအတွက် တတိယဂိုးသွင်းသော်လည်း ၈၅ မိနစ်တွင် ကျော်ဇင်ဦးက ရန်ကုန်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် ရန်ကုန် အသင်းသည် သရေရလဒ်ကို မထိန်းနိုင်ဘဲ ၉၀+၁ မိနစ်တွင် အာဝမ်၏ အနိုင်ဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသည်။ ရန်ကုန်အသင်းသည် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ငါးပွဲကစား သုံးမှတ်သာရရှိသောကြောင့် အုပ်စုမှ ထွက်ခဲ့ရသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းက မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုငါးပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရဲရင့်ရှိုင်း

◆ ***ကျောဖုံးမှ***

အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ယခုပွဲတွင် ရောဝတီထက် ကစားပုံပိုကောင်းခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်စိုး၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

နှစ်သင်းစလုံးတွင် ဒဏ်ရာနှင့် ပွဲပယ် ကစားသမားများမှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ပွဲအစတွင် ရတနာပုံအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များကို အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အားမြှင့်လာပြီး ၆၃ မိနစ်တွင် ဝင်းနိုင်စိုးက ရတနာပုံအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ၆၉ မိနစ်တွင် သီဟဇော်က ထောင့်ကန်ဘောကို ခေါင်းတိုက် ကာ ချေပဂိုးပြန်သွင်းခဲ့သည်။ အချိန်ပိုတွင် ရတနာပုံ အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ရောဝတီအသင်းက ဂိုးမပေးရရန် အဓိကကစားခဲ့ သည်။ ပွဲပြီးခါနီး ၁၁၈ မိနစ်တွင် ရတနာပုံအသင်း အနိုင်ဂိုးရခဲ့ပြီး ဝင်းနိုင်စိုးက သွင်းယူခဲ့ခြင်း ဖြစ်သည်။ ရတနာပုံ အသင်းသည် ကွာတားဖိုင်နယ်တွင် ဒဂုံနှင့် စစ်ကိုင်းပွဲမှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက တက္ကသိုလ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၃၁ မိနစ်တွင် ဟိန်းထက်အောင်၊ ၆၄၊ ၈၁ မိနစ်တွင် ပိုဒါ၊ ၇၅၊ ၈၄ မိနစ်တွင် အောင်မျိုးသူရတို့က သွင်းယူခဲ့သည်။ ဟံသာဝတီအသင်းသည် ကွာတားဖိုင်နယ်တွင် ရှမ်းယူနိုက်တက်နှင့် မြဝတီပွဲမှ အနိုင်ရသည့်အသင်းနှင့် ကစား ရမည်ဖြစ်သည်။

ညီမြတ်သော်တာ

❒ ***ကျောဖုံးမှ***

အာရှထိပ်သီး တောင်ကိုရီးယားနှင့် ဩစတြေးလျအသင်းတို့မှာမူ ရာနှုန်းပြည့်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ဗီယက်နမ်အသင်းသည် အီရန်အသင်းနှင့် လေးမှတ်စီတူညီသည့်အပြင် ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုးတွင်လည်း တူညီနေသောကြောင့် Fair Play စည်းမျဉ်းဖြင့် ဆုံးဖြတ်ရာ ဗီယက်နမ်အသင်းက အသာရသောကြောင့် ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဉဇဘက်ကစ္စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ နီပေါအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဩစတြေးလျအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ အုပ်စု ဒုတိယနေရာမှ ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲအောင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**-ဒေါ်သက် သက်ဝင်း၊ **လက်ထောက်နည်းပြများ အဖြစ်**-ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ**-ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး** - ဇူးလတ်နဒီ၊ ပိုးဦခင်မြတ်မိုး၊ **နောက်တန်း**- နှင်းမြသဇင်၊ နော်ထက်ထက်ဝေ၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ သဇင်အောင်၊ ကြည်ပြာလင်း၊ မိုးမမစိုး၊ အိအိကျော်၊ ဖြူဖြူဝင်း၊ **အလယ်တန်း**-မိုးမိုးသန်း၊ ဘွဲ့လျန်ကိန်း၊ မေဖူးကို၊ အေးအေးထွေး၊ လင်းမြင့်မိုရ်၊ သီတာဝင်း၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း**-စန်းသော်သော်၊ နွယ်နီဝင်း၊ အေးမြတ်ခိုင်၊ မြတ်နိုးခင်တို့ ပါဝင်သည်။

ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဖရန့်ကီဒီဂျောင်ကို နာမည်ကြီးအသင်းများ ခေါ်ယူလို

ဥရောပ နာမည်ကြီးအသင်းများ ခေါ်ယူလိုသည့် အေဂျက်ခံစစ်ကစားသမား ဒီလစ် (၁၉နှစ်) သည် အသင်းဖော် ဖရန့်ကီဒီဂျောင်အား လာမည့်ရာသီတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့စေလိုသော်လည်း အဆိုပါ ကစားသမား၏ အေးဂျင့်ဖြစ်သူ ရိုင်အိုလာက ၎င်းအား မန်ယူ၊ ဂျူဗင်တပ်စ် သို့မဟုတ် ဘိုင်ယန်မြူးနစ်အသင်း တစ်သင်းသင်းသို့သာ ပြောင်းရွှေ့စေလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဆေးဗားလ် မန်စီးတီးမှ ထွက်ခွာသွားမည်မဟုတ်

မန်စီးတီးကွင်းလယ်ကစားသမား ဘာနာဒို ဆေးဗားလ် (၂၄နှစ်) သည် စပိန်ကလပ် ဘာစီလိုနာအသင်းကခေါ်ယူရန် သတင်းများထွက်ပေါ်နေသော်လည်း ၎င်းအနေဖြင့် အသင်းမှ ထွက်ခွာသွားမည်မဟုတ်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

ဘင်ချီဝဲလ် မန်စီးတီး ခေါ်ယူသွားမည် မဟုတ်

မန်စီးတီးအသင်းသည် လက်စတာစီးတီးအသင်းမှ အင်္ဂလန်ဗဟိုခံစစ်ကစားသမား ဘင်ချီဝဲလ် (၂၂နှစ်) အား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည် မဟုတ်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

မာတာ ဘာစီလိုနာတွင် ကစားမည်ဆိုပါက လုပ်ခလစာလျှော့ယူဖို့လိုအပ်

မန်ယူကစားသမား မာတာ (၃၀နှစ်) အနေဖြင့် ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားရန် ရည်ရွယ်ထားပါက လုပ်ခလစာလျှော့ယူရန်လိုအပ်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

ကာဟေး နွေရာသီတွင် ဖူလ်ဟမ်အသင်း၏ ပစ်မှတ်ဖြစ်လာဖွယ်ရှိ

ချယ်လ်ဆီးအသင်းမှ ခံစစ်မှူး ဂယ်ရီ ကာဟေး (၃၃နှစ်) သည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဖူလ်ဟမ်အသင်း၏ ပစ်မှတ်ဖြစ်လာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ စပါးတို့ အိမ်ကွင်း၌ အိုင်းယက်ကို ရှုံးနိမ့်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ပွဲစဉ်အဖြစ် မေ ၁ရက် နံနက်က အင်္ဂလန်မြေ၌ စပါးနှင့် အိုင်းယက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကာ အိုင်းယက်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် စပါးအသင်းသည် ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဒဏ်ရာရရှိသော ဟယ်ရီကိန်းနှင့် ပွဲပယ်ပြစ်ဒဏ်ကြောင့် ဆွန်ဟောင်မင်တို့ မပါဝင်ခဲ့ပေ။ ဧည့်သည် အိုင်းယက်အသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းပွဲချိန် ၁၅ မိနစ်တွင် အိုင်းယက်၏ ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်၏ သွင်းဂိုးတစ်ဂိုးဖြင့် အိုင်းယက်အသင်း အဝေးကွင်းနိုင်ပွဲ ရခဲ့သည်။ ဟယ်ရီကိန်းနှင့် ဆွန်ဟောင်မင် မပါခဲ့သည့် စပါးတိုက်စစ်ပိုင်းတွင် အားနည်းခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှု အနည်းငယ် အသာစီးရရှိခဲ့ကာ ဂိုးကန်သွင်းခွင့် ၁၂ ကြိမ်အနက် တစ်ကြိမ်သာ ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အိုင်းယက်အသင်းသည် ဂိုးကန်သွင်းခွင့် ၁၀ ကြိမ် ရရှိခဲ့ပြီး နှစ်ကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အိုင်းယက်အသင်းသည် ဥရောပထိပ်သီး အသင်းများအား အဝေးကွင်းတွင် နိုင်ပွဲရခဲ့ပြီး ယခုနှစ်ရာသီတွင် လူငယ်များဖြင့် ခြေစွမ်းပြနေသည့် အသင်းဖြစ်သည်။

ချန်ပီယံလိဂ် ဒုတိယအကျော့ ပွဲစဉ်ကို မေ ၉ရက် နံနက် ၁နာရီခွဲတွင် နယ်သာလန်မြေ၌ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ **သီဟ**

တောင်ကြီးမြို့ လေးလောင်းပြိုင် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ မြင်းဖြူနှစ်ကောင် တိုင်းရင်းဆေးတိုက်၌ ဧပြီ ၂၈ ရက်က ဖြစ်ပွားခဲ့သည့် လေးလောင်းပြိုင်လူသတ်မှုမှ ပြစ်မှုကျူးလွန်သူ တင်အုန်း (ခ) အိုက်အုံး အား ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့ပြီး သက်သေခံ ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိသာနီးပါးခန့်နှင့် ငွေကျပ် ခုနစ်သိန်းကျော်တို့ကို ယနေ့တွင် ရှာဖွေဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ တောင်ကြီးမြို့ ကန်သာယာရပ်ကွက် မင်္ဂလာလမ်း အမှတ် ၁၁၈ နေ မြင်းဖြူနှစ်ကောင် တိုင်းရင်းဆေးတိုက်ပိုင်ရှင် ဒေါ်အေးရွှေသည် ပင်လုံမြို့ ကမ္ဘဋ္ဌာန်းကျောင်းတိုက် ဆွမ်းကပ်လှူပွဲသို့ သွားရောက်ပြီး ဧပြီ ၂၈ ရက် နံနက်ပိုင်းက နေအိမ်သို့ ပြန်ရောက်စဉ် သမက်ဖြစ်သူ စိုင်းဆေမွန် (ခ) ဆေမွန် ၊ သမီးဖြစ်သူ မနန်းခမ်းလှိုင်၊ မြေးဖြစ်သူ စိုင်းဖဖ၊ အိမ်အကူဖြစ်သူ မအေးမိုးတို့အား ပြင်ပဒဏ်ရာအသီးသီးဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကာ နေအိမ်ရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၁၅ မျိုး၊ ငွေကျပ်သိန်း ၄၀ အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၅၅၀ ကျော် ပျောက်ဆုံးနေသဖြင့် တောင်ကြီးမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်နိုင်ရေး စိစစ်စုံစမ်းစစ်ဆေးခဲ့ရာ တာဝန်သိပြည်သူ တစ်ဦး၏ သတင်းပေးပို့ချက်အရ မသင်္ကာသူကို သတင်းကွင်းဆက်ရရှိပြီး အခင်းဖြစ်အရပ်၌ ကျန်ရှိသည့် သဲလွန်စ ပစ္စည်းများနှင့် ဆက်စပ်အတည်ပြုဖော်ထုတ်ကာ ဧပြီ ၂၉ ရက် နံနက် ၇ နာရီခန့်တွင် ပြစ်မှုကျူးလွန်သူ တင်အုန်း (ခ) အိုက်အုံး အား ကျောက်မဲမြို့နယ် အထက်မြင်းကွင်းကျေးရွာရှိ ၎င်း၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သက်သေခံ ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိသာနီးပါးခန့်နှင့် ငွေကျပ် ၇ သိန်း ၂ သောင်းတို့ကို ၎င်း၏ နေအိမ်မှ ယနေ့တွင် အထူးအမှုစစ်အဖွဲ့က ရှာဖွေဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း။

ကနဦးစစ်ကြောချက်အရ ပြစ်မှုကျူးလွန်သူ တင်အုန်း (ခ) အိုက်အုံးသည် မူးယစ်ဆေးဝါးစွဲနေသူတစ်ဦးဖြစ်ပြီး မြင်းဖြူနှစ်ကောင်တိုင်းရင်းဆေးတိုက်ပိုင်ရှင် ဒေါ်အေးရွှေနှင့် မောင်နှမဝမ်းကွဲ တော်စပ်ကြောင်း၊ ဒေါ်အေးရွှေ၏ ခင်ပွန်းမှာ ကွယ်လွန်သွားပြီဖြစ်ပြီး ၎င်းတို့ ဇနီးမောင်နှံမှာ သားသမီးထွန်းကားမှု မရှိသဖြင့် တင်အုန်း (ခ) အိုက်အုံး၏ ပထမအိမ်ထောင်နှင့် ရရှိထားသူ သားတစ်ဦးကို မွေးစားထားခဲ့ကြောင်း၊ လက်ရှိတွင် အဆိုပါသားမှာ အိမ်ထောင်ကျကာ အိမ်ခွဲ၍ သီးခြားနေထိုင်ကြောင်း၊ ဒေါ်အေးရွှေက မနန်းခမ်းလှိုင်ကို လွန်ခဲ့သော နှစ် ၂၀ ကျော်က သမီးအဖြစ် ထပ်မံမွေးစားခဲ့ကြောင်း၊ မနန်းခမ်းလှိုင်မှာ ဒေါ်အေးရွှေနှင့်အတူနေထိုင်ပြီး ဆေးတိုက်လုပ်ငန်းကိုလည်း ကိုယ်တိုင်ဦးစီးလုပ်ကိုင်နေသူဖြစ်သဖြင့် အမွေခွဲမှုများ ရှိလာပါက တင်အုန်း (ခ) အိုက်အုံး၏သား အမွေအရနည်းမည်ကို စိုးရိမ်မှု၊ မိမိ၏ ငွေကြေး လိုအပ်မှုတို့ကို အခြေခံကာ အခြားသူနှင့် ပူးပေါင်း၍ ၎င်းက အဓိက စီမံဦးဆောင် ကြိုးကိုင်ပြီး သေဆုံးသူ မိသားစုအား သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တင်အုန်း (ခ) အိုက်အုံး ကို သက်သေခံ ရွှေထည်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ကျန်ရှိသည့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးနှင့် ကျန်ရှိသော သက်သေခံပစ္စည်းများအား သိမ်းဆည်းရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၂-၅-၂၀၁၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ် တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - အပူဒဏ်အန္တရာယ်ကာကွယ်ရေး
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ “ကာကွယ်ရေးဝန်ကြီးဌာန” “မကွေးတိုင်းဒေသကြီး”
၁၀း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (လျှပ်စီးအန္တရာယ်)
၁၂း၃၀ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
၁၃း၂၀ - လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေး
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “အိမ်ကြီးသခင်”(အပိုင်း-၄)
၁၄း၁၀ - မီးဘေးရှောင်မလောင်ခင်တာ (လျှပ်စစ်မီး)

ညပိုင်း

၁၆း၂၀ - ပိုမိုဘေးကင်းသော လမ်းမများဆီသို့ (ကျော်ကျော်ဗို) (မူးလျှင်မမောင်းပါနှင့်)
၁၇း၁၅ - People Talk (အပူဒဏ်ကို ကာကွယ်ဖို့ တို့တွေလိုက်နာကြပါစို့)
၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၈း၅၅ - ရိုးသားပါ(အဂတိ)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “သူ” (အပိုင်း-၅) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ “စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန” “ချင်းပြည်နယ်”(ဟားခါး)
- နိုင်ငံခြားဇာတ်လမ်းတွဲ “ကိုယ့်ဘဝရဲ့လင်းရောင်ခြည်” (အပိုင်း-၂၀)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ရိုက်ကွင်းတာဝန်ခံ ခင်မောင်ထွေး)

ရန်ကုန်နှင့် နမ့်စန်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁

မူးယစ်တပ်ဖွဲ့စု ရန်ကုန်(လေဆိပ်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၃၀ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြည်ပထွက်ခွာနေရာ၌ အင်ဒိုနီးရှားနိုင်ငံသား Mr. Joni Kriswanto ၏ ခရီးဆောင်အိတ်ကို X-Ray စက်ဖြင့် စစ်ဆေးရှာဖွေရာ အိုက်စ် ၅ ဒသမ ၆ ကီလို၊ ငွေကျပ် ၁၆၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အိုက်ညီး၊ စိုင်းခမ်းလှူနှင့် စိုင်းကာခမ်းတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်တပ်ဖွဲ့စု လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် နမ့်စန်-ခိုလမ်သွားကားလမ်း အမှတ်(၃)ကျေးရွာရှေ့၌ အိုက်ညီး မောင်းနှင်ပြီး စိုင်းခမ်းလှူနှင့် စိုင်းကာခမ်းတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ဘလောက်တုံး ၈၀ (အလေးချိန် ၂၆ ဒသမ ၆၄ ကီလို)၊ ငွေကျပ် ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

MYTEL ဆက်သွယ်ရေးတာဝါတိုင်မှ မီးစက်ဆီများ ဖောက်ထွင်းခိုးယူသူ သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ကျောင်းကုန်း မေ ၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းအုပ်စု ကောက်ကြီးကုန်းကျေးရွာရှိ MYTEL ဆက်သွယ်ရေးတာဝါတိုင်မှ မီးစက်ဆီများ ယနေ့ နံနက် ၄ နာရီခန့်က ခိုးယူခံရမှု ဖြစ်ပွားရာ ခိုးယူသူ သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကိုကောင်းဆက်ဝင်းနု (MYTEL ဆက်သွယ်ရေးအင်ဂျင်နီယာ)သည် ပန်းတနော်မြို့ရုံးတွင် ရှိနေစဉ် ၎င်း၏ လက်ကိုင်ဖုန်းသို့ ၎င်းတာဝန်ယူ ကြီးကြပ်နေသော ကျောင်းကုန်းမြို့ ကောက်ကြီးကုန်းကျေးရွာရှိ MYTEL တာဝါတိုင်အမှတ် (AYY 0488) မှ မီးစက်ဆီများ အလိုအလျောက် လျော့ကျနေကြောင်း အော်တိုဖုန်းမက်ဆေ့များ ဝင်လာသဖြင့် လုပ်ငန်းတူ ကုမ္ပဏီဝန်ထမ်းများ ခေါ်ဆောင်ပြီး အပိုင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ သွားကြည့်ရာ တာဝါတိုင်အမှတ် (AYY 0488) အနီးတွင် 2K/---- အဖြူရောင်ကားတစ်စီး ရပ်ထားပြီး ကားပေါ်တွင် ပရီမီယမ်လောင်စာဆီများ ထည့်ထားသော ကော်ပုံးများနှင့် ဆက်သွယ်ရေးတာဝါတိုင် မီးစက်အင်ဂျင်ဆီကန်အတွင်းမှ ပြင်ပကော်ပုံးများထဲသို့ ပရီမီယမ်ဆီများ ကော်ပိုက်ဖြင့် ထုတ်ယူနေသော မှော်ဘီမြို့နေ ဆီခိုးယူသူ သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း မြို့မရဲစခန်းက သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

MYTEL ဆက်သွယ်ရေးတာဝါတိုင်မှ မီးစက်ဆီများ ခိုးယူသူ သုံးဦး။

ဗါးရံကျေးရွာအနီးရှိ မဏိပူရ်မြစ်တွင် ရေဆင်းချိုးသူများအနက် သုံးဦးရေနစ်သေဆုံး

ဖလမ်း မေ ၁

ဖလမ်းမြို့ ဗလိုင်ရပ်ကွက်တွင် အင်္ဂလိပ်စကားပြောသင်တန်း တက်ရောက်နေသော သင်တန်းသား သင်တန်းသူများသည် ဗါးရံကျေးရွာအနီးရှိ မဏိပူရ်မြစ်တွင် ရေဆင်းချိုးရာမှ သင်တန်းသား သုံးဦး ရေနစ်သေဆုံးကြောင်း သိရသည်။

ဖလမ်းမြို့ ဗလိုင်ရပ်ကွက်တွင် ဖွင့်လှစ်သော Modern English for Chin New Generation(MECNG) တွင် အင်္ဂလိပ်စကားပြောသင်တန်း တက်ရောက်နေသော သင်တန်းသား သင်တန်းသူ ၂၉ ဦးတို့သည် သင်တန်းဆရာ ဦးလာလ်ဟရွတ် ဦးဆောင်ပြီး မဏိပူရ်မြစ်သို့ ယနေ့ နံနက် ၉ နာရီက ဖလမ်းမြို့မှ မော်တော်ယာဉ်ဖြင့် ပျော်ပွဲစားထွက်ခဲ့ရာ မဏိပူရ်မြစ်တွင် နံနက် ၁၁ နာရီခွဲခန့်က ရေဆင်းချိုးသူများအနက် မောင်နိုင်လျန်ဆန်း (၉ နှစ်)၊ မောင်ဂျိုအဲလ်ငွန်လှယ်ထန်း (၁၂ နှစ်)နှင့် မောင်လာလ်ထကိမ်း (၁၀ နှစ်)တို့သည် ရေစီးဖြင့်မျောပါ သေဆုံးခဲ့သည်။

ရေနစ်သေဆုံးသူများအား ဖလမ်းမြို့ မြို့မရဲစခန်း ဒုစခန်းမှူး ရဲအုပ်ငွေစိုးနှင့် တပ်ဖွဲ့ဝင်များ၊ ဖလမ်းခရိုင်မီးသတ်ဦးစီးမှူး ဦးစာရုံမန်းနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ အနီးနားရှိ ကျေးရွာများမှ ပြည်သူများက ဝိုင်းဝန်းရှာဖွေဆယ်ယူနိုင်ခဲ့ပြီး အလောင်းများကို ဖလမ်းမြို့ ပြည်သူ့ဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ဆောင်ထားကြောင်း သိရသည်။

ဝွန်

မကွေးတိုင်းဒေသကြီး၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁

သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ မေ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်နယ်မြေရဲစခန်းအနောက်ဘက် ၁၀ မိုင်ခန့်အကွာ ခရောင်းချောင်း(ဒေသအခေါ် ကယားလေး)တောထဲတွင် ပျဉ်းကတိုးခွဲသား ဆိုက်စုံ ၃၀ (၃ ဒသမ ၂၄၈၆ တန်) ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။ **တင်နိုင်ဝင်း**

ဗင်နီဇွဲလားအခြေအနေ အမေရိကန် အနီးကပ်စောင့်ကြည့်လျက်ရှိ

ကရာကတ် မေ ၁

အမေရိကန်ထောက်ခံအတိုက်အခံ ခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက လက်ရှိသမ္မတနီကိုးလပ်စ်မာဒူရိုကို ဖြုတ်ချနိုင်ရေးအတွက် ကြိုးပမ်းမှုကို နောက်မဆုတ်နိုင်ဘူးဟု ပြောဆိုလိုက်သည်။ ထောင်ချီသည့် ဗင်နီဇွဲလားအစိုးရ ဆန့်ကျင်သူများ ယမန်နေ့က မြို့တော်ကရာကတ်၌ ဆန္ဒပြခဲ့ကြသည့်အတွက် လုံခြုံရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည်။ အမေရိကန်ဘက်ကလည်း အာဏာကို ငြိမ်းချမ်းသည့်နည်းဖြင့် လွှဲပြောင်းပေးရန် တိုက်တွန်းထားသလို နည်းလမ်းပေါင်းစုံလည်း စဉ်းစားထားသည်ဟု ပြောကြားလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံ၌ လုံခြုံရေးတပ်ဖွဲ့များက ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးပစ်ပေါက်၍ လူစုခွဲနေသည်ကို တွေ့ရစဉ်။

လွတ်မြောက်ရေး ကြိုးပမ်းမှုစတင်ပြီဟု အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ယမန်နေ့က ပြောကြားခဲ့ပြီးနောက်တွင် မြို့တော်ကရာကတ်တွင် ထောင်နှင့်ချီသော ပြည်သူများ ဆန္ဒပြခဲ့ကြသည်။ ယင်းအခြေအနေကို ဗင်နီဇွဲလားအစိုးရက စစ်အာဏာသိမ်းရန် လုပ်ဆောင်နေကြောင်း ပြောသည်။

ဗင်နီဇွဲလားနိုင်ငံရေးအခြေအနေ တင်းမာလာသည့်အတွက် အမေရိကန်အစိုးရက ဗင်နီဇွဲလားကို အနီးကပ်စောင့်ကြည့်နေကြောင်းလည်း သိရသည်။ ထို့အပြင် ဗင်နီဇွဲလား ပြည်သူများ၏ လွတ်မြောက်ရေးအတွက် အမေရိကန်သည် အတူတကွရပ်တည်လျက်ရှိကြောင်း တွစ်တာတွင် အမေရိကန်သမ္မတက ပြောကြားခဲ့သည်။

အတိုက်အခံလှုပ်ရှားမှုတွင် တပ်မတော်သားအချို့ဘက်ပြောင်းပါဝင်လာသလို ဒုတိယ ဗိုလ်မှူးကြီး အိုင်းလစ်ဆန်ချက်ဇ်ကလည်း အတိုက်အခံလှုပ်ရှားမှုတွင် ပြည်သူများပါဝင်လာရန် တိုက်တွန်းထားသည်။

မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး လိုချင်ကြောင်း၊ ထိပ်တိုက်မတွေ့ချင်ကြောင်း၊ ဗင်နီဇွဲလားပြည်သူများ ဂုဏ်သိက္ခာရှိရှိနေနိုင်ရန် လုပ်ဆောင်ချင်ကြောင်း၊ ထိုက်သင့်သည့် လစာရရှိရန်လည်း လိုအပ်ကြောင်းနှင့် နိုင်ငံ၏အနာဂတ် ရှိစေချင်ကြောင်း၊ စစ်ပွဲတွေမလိုလားကြောင်း၊ ငြိမ်းချမ်းရေးသာလိုလားကြောင်း ဂျူအန်ဂွိုက်ဒိုက ပြောသည်။

တပ်မတော်ဝတ်စုံ ဝတ်ဆင်ထားသူများနှင့်အတူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို၏ မိန့်ခွန်းပြောကြားချက် ထွက်ပေါ်လာပြီးနောက် ဗင်နီဇွဲလားအစိုးရဘက်က တပ်မတော်အနေဖြင့် ပုန်ကန်မှုမရှိကြောင်း၊ တပ်မတော်ထဲမှ သစ္စာဖောက်တပ်သားအနည်းငယ်သာ အာဏာသိမ်းရေးအထမြောက်အောင် ကြိုးပမ်းနေကြောင်း၊ မိမိအနေဖြင့်လည်း သက်ဆိုင်ရာကာကွယ်ရေးတပ်ဖွဲ့အကြီးအကဲများနှင့် ပြောဆိုဆွေးနွေးပြီးကြောင်း နီကိုးလပ်စ်မာဒူရိုက ပြောသည်။

ယခုဖြစ်စဉ်အပေါ် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ဗင်နီဇွဲလား ပြည်သူများသည် ကောင်းမွန်သော အစိုးရတစ်ရပ်ပေါ်ပေါက်ရန် လိုလားလျက်ရှိကြောင်း၊ ပေါ်ပေါက်လာသော အစိုးရသည်လည်း ပြည်သူထဲမှ ဖြစ်သင့်ကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

အမေရိကန်နှင့် တာလီဘန်အဖွဲ့ ဆွေးနွေးပွဲများ ဒိုဟာ၌ စတင်

ဒိုဟာ မေ ၁

တာလီဘန်စစ်သွေးကြွအဖွဲ့နှင့် အမေရိကန်တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို မေ ၁ ရက်တွင် ကာတာနိုင်ငံ ဒိုဟာ၌ စတင်လျက်ရှိကြောင်း စစ်သွေးကြွအဖွဲ့မှ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဖိအားတစ်ခု

ဆွေးနွေးပွဲများသည် မကြာသေးမီလများအတွင်းက အမေရိကန်နှင့် တာလီဘန်တို့အကြား ခြောက်ကြိမ်မြောက်ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် တစ်ကျော့ပြန်စလာခြင်းဖြစ်ပြီး အာဖဂန်နစ္စတန်၏ ပဋိပက္ခအတွင်း အခက်အခဲများကို ကျော်လွှားနိုင်စေမည့် ဖိအားတစ်ခုအနေဖြင့် ပေါ်ထွက်လာခဲ့သည်။

သံရုံးက မှတ်ချက်ချခြင်းမရှိ

တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာဘီယူလာမူဂျာဟစ်၏ ပြောကြားချက်အရ ဆွေးနွေးပွဲများကို မေ ၁ရက်တွင် ကျင်းပနေပြီဖြစ်သည်ဟုသိရသည်။ ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးက ဆွေးနွေးပွဲနှင့်ပတ်သက်၍ မှတ်ချက်ချ ပြောကြားခြင်း မရှိသေးပေ။ သို့သော် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံ၏ ငြိမ်းချမ်းရေးသံတမန် ဇယ်လ်မေခါလစ်ဇက်သည် ယခုလတွင် တာလီဘန်အဖွဲ့နှင့် တွေ့ဆုံရန် ကာတာနိုင်ငံမြို့တော် ဒိုဟာသို့ သွားရောက်လိမ့်မည်ဟု ပြောကြားခဲ့သည်။

စိတ်ကသိကအောင့်ဖြစ်

ခါလစ်ဇက်က အမေရိကန်သည် စစ်ပွဲပြီးဆုံးရန် အတော်လေး စိတ်မရှည်တော့သည့် အနေအထားတွင်ရှိပြီး အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံကို အမေရိကန် အခွန်ထမ်းပြည်သူများက နှစ်စဉ်ပေးထားရမှုနှင့် အမေရိကန် ဦးဆောင်သည့် ကျူးကျော်မှု ဖြစ်ပွားခဲ့ချိန်မှ စတင်ကာ တပ်ဖွဲ့ဝင်များ အဆက်မပြတ် ချထားခဲ့ရမှုနှင့် ပတ်သက်၍ စိတ်ကသိကအောက် ဖြစ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အာဖဂန် ၌ ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်သောင်းလေးထောင်အနက် ထက်ဝက်ခန့်ကို ပြန်လည်ရုတ်သိမ်းသွားလိုကြောင်း အကြံပေးအဖွဲ့များအား ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားကျောင်းသို့ ခရီးသွား လာရောက်မှုကျဆင်း

ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရဖြစ်သည့် အန်ကောဝပ်ဘုရားကျောင်းကို တွေ့ရစဉ်။

ဖနောင်ပင် မေ ၁

ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရဖြစ်သည့် အန်ကောဝပ်ရှေးဟောင်းနယ်မြေသို့ ယခုနှစ် ပထမလေးလအတွင်း ကမ္ဘာလှည့်ခရီးသွား ဧည့်သည်ဝင်ရောက်မှုသည် ပထမလေးလအတွင်း ၉၇၃၃၀၅ ဦးရှိခဲ့ပြီး ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း မေ ၁ ရက်တွင် ထုတ်ပြန်ချက်တစ်စောင်၌ ဖော်ပြခဲ့သည်။

အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ဇန်နဝါရီမှ ဧပြီလအထိ လေးလအတွင်း ဝင်ကြေးအမေရိကန်ဒေါ်လာ ၄၄ သန်းရရှိခဲ့ပြီး ယခင်နှစ်ကထက် ၈ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။ အဆိုပါဒေသသို့ လာရောက်လည်ပတ်သူအများစုမှာ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံများမှ ခရီးသွားဧည့်သည်များ ဖြစ်ကြသည်။

အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ရက်ဝင်ကြေးမှာ အမေရိကန်ဒေါ်လာ ၃၇ ဒေါ်လာ၊ သုံးရက်ဝင်ကြေး အမေရိကန် ၆၂ ဒေါ်လာနှင့် တစ်ပတ်ဝင်ကြေး ၇၂ ဒေါ်လာအသီးသီး ကောက်ခံကြောင်း သိရသည်။ နိုင်ငံ၏ အနောက်မြောက်ပိုင်းတွင်တည်ရှိသည့် အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ၁၉၉၂ ခုနှစ် တွင် ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ထည့်သွင်းခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ အထင်ရှားဆုံး ခရီးသွားဒေသတစ်ခုလည်းဖြစ်သည်။ **အေအက်ဖ်ပီ**

တရုတ်-အမေရိကန်ကုန်သွယ်ရေး ဆွေးနွေးပွဲ ပြန်စ

ပေကျင်း မေ ၁

ကာလအတန်ကြာ ကုန်သွယ်ရေးဆိုင်ရာ အဖြေမရှာနိုင်ဘဲ ဖြစ်နေသည့် အမေရိကန်နှင့်တရုတ်ထိပ်တန်းကုန်သွယ်ရေး ညှိနှိုင်းရေးမှူးများသည် မေ ၁ ရက်က နှစ်နိုင်ငံကြား ကုန်သွယ်ရေးဆွေးနွေးပွဲ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရင်းနှီးကျွမ်းဝင်ပြီး ၎င်း၏ လက်ထောက်လည်းဖြစ်သည့် စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် အားကိုးရသူ ဒုတိယဝန်ကြီးချုပ်လျူဟဲသည် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သင်ဇာနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင် မန်နျူချင်တို့နှင့် တွေ့ဆုံပြီး ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ ဆွေးနွေးခဲ့သည်။

လွန်ခဲ့သည့်နှစ်က အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ကုန်သွယ်ရေးတွင် အခွန်များတိုးမြှင့်ကောက်ခံခဲ့ရာမှ ကုန်သွယ်ရေး စစ်ပွဲအသွင်ဆောင်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးအင်အားကြီး နှစ်နိုင်ငံသည် အပြန်အလှန်သွင်းကုန်အခွန်များ အမေရိကန်ဒေါ်လာ ၃၆၀ ဘီလီယံအထိ တိုးမြှင့်ကောက်ခံခဲ့ကြောင်း သိရသည်။ မန်နျူချင်နှင့် လိုက်သင်ဇာတို့သည် မေ ၁ ရက်က Diaoyutai နိုင်ငံတော်ဧည့်ဂေဟာသို့ရောက်စဉ် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့် ဝမ်းမြောက်ဖွယ်ရာ စကားများပြောကြားခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် ယခုလို ပြန်လည်တွေ့ဆုံရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း နှစ်ဖက်အဖွဲ့က ပြောသည်။ တရုတ်ဒုဝန်ကြီးချုပ်သည် မေ ၈ ရက်တွင် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများ ထပ်မံလုပ်ဆောင်နိုင်ရန် အမေရိကန်နိုင်ငံ ဝါရှင်တန်သို့ သွားရောက်မည်ဖြစ်သည်။ အမေရိကန်ဘက်မှ တရုတ်ဘက်သို့ အမေရိကန်နည်းပညာရယူမှုများ ထိန်းချုပ်ဟန့်တားရန်၊ ပြည်တွင်းကုမ္ပဏီများကို မတည်ငွေအမြောက်အမြား ထုတ်ပေးမှုကို ရပ်ဆိုင်းရန်၊ စက်မှုဆိုင်ရာ မူဝါဒများကို ပြန်လည်ပြင်ဆင်ရန် စသည်တို့ကို တိုက်တွန်းခဲ့သည်။

တရုတ်နိုင်ငံသည် မျှတမှုမရှိသည့် လုပ်ထုံး လုပ်နည်းများကို လက်ခံသွားမည်မဟုတ်ကြောင်း သိရသည်။ ထို့အပြင် တရုတ်နိုင်ငံသည် နိုင်ငံရပ်ခြားကုမ္ပဏီများတွင် ဉာဏမူပိုင်ခွင့်များကို ကာကွယ်ရန် နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့သည်။ နှစ်ဖက်နိုင်ငံများသည် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြီးဆုံးအောင် ဆက်လက်ဆွေးနွေးရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း သိရသည်။

အေအက်ဖ်ပီ

ရောဘတ်လိုက်သင်ဇာ(ဝဲ)၊ စတီဗင်မန်နျူချင်(အလယ်)နှင့် လျူဟဲ(ယာ)တို့ကို တွေ့ရစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

တောမီး ငြိမ်းသတ်ရန် မီးသတ်အဖွဲ့ဝင် ၁၀၀၀ ခန့် စေလွှတ်

ဟိုဟွတ် မေ ၁

တရုတ်နိုင်ငံမြောက်ပိုင်း အင်နားမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြောက်ပိုင်းတွင် ဧပြီ ၃၀ ရက်က စတင်လောင်ကျွမ်းခဲ့သည့်တောမီးကို ငြိမ်းသတ်ရန်အတွက် မီးသတ်ကယ်ဆယ်ရေး အဖွဲ့ဝင် ၁၀၀၀ ခန့် ကို စေလွှတ်ခဲ့ကြောင်း သိရသည်။

တောမီးလောင်မှုသည် Hinggan League ရှိ Arxan မြို့၏ Haosengou သစ်တောမြေအတွင်း၌ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မြင့်မားသောတောင်တန်းများ၊ မတ်စောက်သောဆင်ခြေလျှောများ၊ ထူထပ်များပြားသော သီးနှံစိုက်ခင်းများနှင့် လေတိုက်နှုန်းပြင်းထန်မှုတို့က တောမီးငြိမ်းသတ်ရာတွင် အခက်အခဲ ဖြစ်စေခဲ့သည်။

အရှိန်အဟုန်ဖြင့် လောင်နေသော တောမီးကို ငြိမ်းသတ်ရန် မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တောမီးငြိမ်းသတ်ရေးအဖွဲ့မှ မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင် ၄၅၀ ခန့်နှင့် အခြားသော ဒေသမီးသတ်တပ်ဖွဲ့မှ အဖွဲ့ဝင် ၅၀၀ တို့ကို မေ ၁ ရက် ညနေခင်းတွင် စေလွှတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

လစ်ဗျားနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် ကူဝိတ်နိုင်ငံက ကူညီမည်

ကူဝိတ် မေ ၁

လစ်ဗျားနိုင်ငံ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက် ကူဝိတ်နိုင်ငံက ကူညီမည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးဆာဘာခါလက်အယ်လ်ဟာမက် အယ်လ်ဆာဘာက ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခဲ့သည့် အစည်းအဝေးအတွင်း ၎င်းက ကူဝိတ်နိုင်ငံ၏ ရပ်တည်ချက်သဘောထားကို ထပ်မံအတည်ပြုခဲ့သည်။ လစ်ဗျားနိုင်ငံရှိ အဖွဲ့အစည်းများအားလုံးသည် လစ်ဗျားနိုင်ငံ ချမ်းသာကြွယ်ဝရေးနှင့် တိုးတက်မှု ရှိစေရေးအတွက် အကြမ်းဖက်မှုများကို ပူးပေါင်းတိုက်ဖျက်သွားကြရန် အယ်လ်ဆာဘာက ပြောကြားခဲ့သည်။

အစည်းအဝေး ပြုလုပ်မှုအတွင်း လစ်ဗျားနိုင်ငံ၏ သမ္မတကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးချုပ် အာမက်မိတ်တစ်က ကူဝိတ်နိုင်ငံ၏ စေတနာထားရှိမှုကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ပြီး ပြည်သူများ စည်းလုံးညီညွတ်ကြရန် တိုက်တွန်းခဲ့သည်။

ဆင်ဟွာ

သံသယများဖြင့် ဆက်လက်ရုန်းကန်နေရသည့် ပါကစ္စတန်မှ ကျန်းမာရေးလုပ်သားများ

ချိုးစန္ဒီနွေး

ပါကစ္စတန်နိုင်ငံမှာ ၂၀၁၉ ခုနှစ်အတွင်း ပိုလီယို အမြစ်ပြတ်ရေးလုပ်ဆောင်နိုင်ပြီး ပိုလီယို လုံးဝကင်းစင်တဲ့ နယ်မြေအဖြစ် ကြေညာနိုင်ရေး ပါကစ္စတန်အာဏာပိုင်တွေက မျှော်လင့်ခဲ့ကြပေမယ့် လက်တွေ့မှာတော့ မလွယ်ကူလှပါဘူး။ အောင်မြင်မှုရရှိနိုင်ရေး အဟန့်အတားတွေ ရှိနေဆဲပါပဲ။

အစ္စလာမ်မာဘတ်မြို့တွင် ပိုလီယိုအမြစ်ပြတ်ရေး လုပ်သားတစ်ဦး၏ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ကျန်းမာရေးလုပ်သားတွေတိုက်ခိုက်ခံရ

မကြာသေးခင် အချိန်ကပဲ ကျန်းမာရေးလုပ်သားတွေကို ကြောက်မက်ဖွယ်တိုက်ခိုက်ခံရပြီးတဲ့နောက် တိုင်းပြည်အတွင်း ပိုလီယိုကင်းစင်ရေး လှုပ်ရှားမှုမှာ အခက်အခဲတွေ ရှိလာပါတယ်။ နောက်ထပ်ပြဿနာတစ်ခုက ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးဖို့ မိဘတွေကိုယ်တိုင်က ငြင်းဆန်ကြတာပါ။ ဒီလိုမျိုး စိန်ခေါ်မှုတွေကြားထဲ နောက်ထပ် ပိုလီယိုရောဂါသည်တွေ ထပ်မံပေါ်ထွက်လာပါတယ်။ ပိုလီယိုပိုးရပ်စ်ကို မြို့ကြီးတော်တော်များများမှာ စစ်ဆေးကြည့်တဲ့အခါ မိလ္လာအညစ်အကြေးတွေမှာတွေ့ရပါတယ်။ မြို့တော်အစ္စလာမ်မာဘတ်အနီးမှာရှိတဲ့ ရဝါပင်ဒီ မြို့မှာလည်းတွေ့ရှိရပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်ကပဲ ပါကစ္စတန်နိုင်ငံမှာ တစ်ပြည်လုံးအနှံ့ ကာကွယ်ဆေး ပေးရေးလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ပါတယ်။

ယာယီရပ်ဆိုင်း

ဒါပေမယ့်လည်း တိုက်ခိုက်မှု နှစ်ခုကြောင့် ကျန်းမာရေးလုပ်သား အမျိုးသမီးတစ်ဦးနဲ့ ကာကွယ်ဆေးအဖွဲ့ကို လိုက်လံစောင့်ရှောက်ပေးတဲ့ ရဲနှစ်ဦး သေဆုံးပြီးတဲ့အခါမှာတော့ ဆေးပေးခြင်းလုပ်ငန်းတွေကို ယာယီရပ်ဆိုင်းလိုက်ရပါတယ်။ ပြီးခဲ့တဲ့ စနေနေ့ကစပြီး ရပ်ဆိုင်းလိုက်တာပါ။ ပါကစ္စတန်နိုင်ငံမှာ ကလေးပေါင်း ၃၇ သန်း ကျော်ကို ကာကွယ်ဆေးထိုးပေးဖို့ စီမံခဲ့တာဖြစ်ပြီး အနီးစပ်ဆုံး ၃၉ သန်းအထိ ထိုးပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပါတယ်။ မြို့ကြီးတွေဖြစ်တဲ့ ကရာချိ၊ ပတ်ရှဝါ၊ ကွိတာတို့မှာ ကာကွယ်ဆေးမထိုးရသေးတဲ့ ကလေးတွေကို လိုက်လံရှာဖွေတဲ့ လုပ်ငန်းလုပ်ဆောင်ခဲ့ပေမယ့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေကြောင့် လုပ်ငန်း ရပ်ဆိုင်းခဲ့ရပါတယ်။ ဒါကြောင့်မို့ ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းပြန်စနိုင်ပါ့မလားလို့ သံသယ ရှိလာပါတယ်။ ဇွန်လအတွင်းမှာ ပြန်လည်စတင်မယ်လို့ ရက်သတ်မှတ်ထားပေမယ့် အချိန်မီ ပြန်စနိုင်ပါ့မလားလို့ သံသယ ရှိကြပါတယ်။

စိန်ခေါ်မှုတွေရှိနေဆဲ

ဘာဘာ ဘင်အက်တာ ဆိုသူကတော့ ပိုလီယိုအမြစ်ပြတ်ရေးအတွက် ပါကစ္စတန်ဝန်ကြီးချုပ်အင်မရန်ခန်းကိုယ်တိုင် ခန့်အပ်ထားတဲ့ လူပါ။ သူနဲ့ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ စိန်ခေါ်မှုတွေ ဆက်လက်ရှိနေဆဲပဲလို့ ပြောပါတယ်။ ပိုလီယိုရောဂါပိုးတွေ့တယ်ဆိုပြီး သတင်းတက်လာတဲ့ အမှုရှစ်ခုကလွဲရင် မြို့ကြီး၁၂ မြို့မှာလည်း ရောဂါပိုး ပျံ့နှံ့မှုတွေ ရှိနေတယ်ဆိုတာကို ပတ်ဝန်းကျင်စစ်ဆေးမှု နမူနာတွေအရ သိရပါတယ်။ ဒါဟာ တစ်တိုင်းပြည်လုံးက ကလေးတွေအတွက် ခြိမ်းခြောက်မှုတစ်ရပ်ပဲလို့ မစ္စတာအက်တာ က ပြောပါတယ်။ ပါကစ္စတန်ဟာ ပိုလီယိုရောဂါပိုး ရှိနေသေးတဲ့ သုံးနိုင်ငံထဲက တစ်ခုပါပဲ။ ပိုလီယိုရှိနေသေးတဲ့ နိုင်ငံတွေကတော့ ပါကစ္စတန်နဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အာဖဂန်နစ္စတန်နဲ့ နောက်ထပ်တစ်နိုင်ငံကတော့ နိုင်ဂျီးရီးယားတို့ပါပဲ။

ကြောက်ရွံ့မှုတွေ အမြစ်တွယ်

ဒေသတွင်းမှာ ပိုလီယိုရောဂါကာကွယ်ဆေးပေးတဲ့လှုပ်ရှားမှုကို မယုံကြည်နိုင်တဲ့ သံသယရှိမှုတွေ၊ ကြောက်ရွံ့မှုတွေဟာလည်း အမြစ်တွယ်နေပါတယ်။ အစွန်းရောက်လွန်းတဲ့ အစ္စလာမ္မစ်တွေဟာဆိုရင် ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးတဲ့လုပ်ငန်းတွေဟာ သူတို့ကို သားသမီးမထွန်းကားအောင် လုပ်ဆောင်နေတဲ့ အနောက်နိုင်ငံတွေရဲ့ကြိုးပမ်းမှုတစ်ရပ်လို့ ထင်မြင်နေကြပါတယ်။ နောက်တစ်ခုကတော့ စီအိုင်အေ ကလည်း ကာကွယ်ဆေးထိုးပေးတဲ့အဖွဲ့ကို အသုံးချပြီး ပါကစ္စတန်မှာ ပုန်းခိုနေတဲ့ အိုစမာဘင်လာဒင်ကိုခြေရာခံနိုင်ရေး လုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုဖြစ်ရပ်ကြောင့်လည်း တိုင်းပြည်တွင်းမှာ ကာကွယ်ဆေးထိုးပေးတာကို ဆန့်ကျင်မှုတွေ ပိုမိုအားကောင်းလာအောင် လောင်စာပေးလိုက်သလိုဖြစ်နေတာပါ။ စစ်သွေးကြွတွေဟာဆိုရင် ကျန်းမာရေးဝန်ထမ်းတွေကို စပိုင်တွေလို့ စွပ်စွဲပြီး မကြာခဏဆိုသလို တိုက်ခိုက်ကြပါတယ်။ ဒါကြောင့်လည်း ပိုလီယိုကာကွယ်ဆေးပေးမယ့် အဖွဲ့တွေကို ရဲတပ်ဖွဲ့က လုံခြုံရေး ပေးရပါတယ်။

တိုက်ခိုက်မှုတွေရှိနေဆဲ

ကာကွယ်ဆေးမထိုးကြခြင်း၊ အာဟာရချို့တဲ့ခြင်း၊ သန့်ရှင်းသော သောက်သုံးရေမရခြင်း၊ မိလ္လာစနစ် ညံ့ဖျင်းခြင်းတို့ကြောင့် ပိုလီယိုပိုးရပ်စ်ရှင်သန်နေနိုင်ပြီး ကိုယ်ခံအားနည်းတဲ့ ကလေးတွေမှာ ရောဂါဖြစ်ပွားလာတယ်လို့ အရာရှိတွေက ပြောပါတယ်။ နောက်ပြီး ဆိုရှယ်မီဒီယာကို အသုံးပြုပြီး ကာကွယ်ဆေးထိုးတာကို ဆန့်ကျင်တဲ့ ဝါဒဖြန့်မှုတွေကလည်း အတားအဆီးတစ်ခုပါပဲ။ ရလဒ်အနေနဲ့ကတော့ ကလေးတွေကို ကာကွယ်ဆေးအထိုးမခံတာပါပဲလို့ မစ္စတာအက်တာက ပြောပါတယ်။ အစိုးရအဆက်ဆက် ပိုလီယိုရောဂါကာကွယ်ရေးလှုံ့ဆော်မှုတွေ၊ ကာကွယ်ဆေးကို ဆန့်ကျင်တဲ့ဝါဒဖြန့်မှုတွေကို တန်ပြန်တုံ့ပြန်မှုမျိုးတွေ၊ မိဘတွေကို စည်းရုံးဖို့ ဘာသာရေးခေါင်းဆောင်ရဲ့ထောက်ခံမှုရအောင် လုပ်ဆောင်ခဲ့တာတွေ လုပ်ခဲ့ကြပေမယ့် ပိုလီယိုကာကွယ်ဆေးပေးတဲ့အဖွဲ့တွေကို ဦးတည်တဲ့ တိုက်ခိုက်မှုတွေကတော့ ရှိနေဆဲပါပဲ။

ကောလာဟလအန္တရာယ်

ဧပြီ ၂၂ ရက်ကတော့ပတ်ရှဝါမြို့မှာရှိတဲ့ အစိုးရပိုင် ကျန်းမာရေးစင်တာကို ဒေါသထွက်နေတဲ့ လူအုပ်ကြီးက မီးရှို့ပစ်ခဲ့ပါတယ်။ သက်တမ်းလွန်နေတဲ့ ကာကွယ်ဆေးတွေ ကလေးတွေကို ထိုးပေးလို့ဆိုတဲ့ ကောလာဟလတွေ ပျံ့နှံ့လာပြီးတဲ့နောက် အခုလိုဖြစ်ရပ် ပေါ်ပေါက်လာတာပါ။ ပိုလီယိုဆေး တိုက်ကျွေးပြီးတဲ့အခါမှာတော့ ကလေးအချို့ဟာ ပျို့အန်တာတွေ၊ မအီမသာဖြစ်တာတွေ ဖြစ်ပွားခဲ့တဲ့အတွက် ထောင်နဲ့ချီတဲ့ မိဘတွေဟာ သူတို့ကလေးတွေကို စစ်ဆေးပေးဖို့ ဆေးရုံကို အစုလိုက်သွားခဲ့ကြပါတယ်။

ဒေသခံ ဆေးရုံကနေ အရေးပေါ်ကြေညာမှုတွေ ထုတ်ပြန်ခဲ့ပြီး ဒီကာကွယ်ဆေးဟာ သက်တမ်းလွန်လည်း မဟုတ်သလို အန္တရာယ်လည်း မရှိပါဘူးဆိုပြီး အစိုးရက ကြေညာခဲ့ရပါတယ်။ မစ္စတာ အက်တာကတော့ သူဟာ ပတ်ရှဝါမှာနေလာတာ ၁၈ နှစ်ရှိပြီ၊ တစ်ခါမှ ဒီလိုဒေါသထွက်နေတဲ့ လူအုပ်ကြီးကို မတွေ့ဖူးဘူးလို့ ပြောပါတယ်။ ကျန်းမာရေးစင်တာ မီးလောင်ပြီးတဲ့နောက်မှာတော့ ကျန်းမာရေးလုပ်သားတွေရဲ့ လုံခြုံရေးတာဝန်ယူပေးရတဲ့ ရဲအရာရှိ အသတ်ခံရပါတယ်။ နောက်တစ်ရက်ရောက်ပြန်တော့လည်း နောက်ထပ်ရဲတစ်ဦး သတ်ခံရပါတယ်။

ကာကွယ်ဆေးကိုငြင်းဆန်

ကြောက်လန့်မှုတွေနဲ့ ကောလာဟလတွေကြောင့် မိသားစုပေါင်း ၇၀၀၀၀၀ ထက်မနည်းဟာ ကာကွယ်ဆေးကို ငြင်းဆန်ကြတယ်လို့ ဒေသတွင်းမီဒီယာတွေက ပြောပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့ကလည်း သေနတ်သမားတစ်ဦးရဲ့ ပစ်ခတ်မှုကြောင့် အမျိုးသမီးကျန်းမာရေးလုပ်သားတစ်ဦး သေဆုံးခဲ့ပြီး ပါကစ္စတန်အနောက်တောင်ပိုင်းမှာလည်း နောက်ထပ်အမျိုးသမီးကျန်းမာရေး လုပ်သားတစ်ဦး တိုက်ခိုက်ခံရပြန်ပါတယ်။ အစ္စလာမ်မာဘတ်လို မြို့ကြီးတွေမှာတောင် ကာကွယ်ဆေးထိုးပေးတာကို ငြင်းဆန်တဲ့ မိသားစုတွေရှိပါတယ်။ အကြီးဆုံးစိန်ခေါ်မှုကတော့ အစ္စလာမ်မာဘတ်လိုမြို့မှာတောင် ကာကွယ်ဆေးကို မိဘတွေက ငြင်းဆန်ကြတာပဲလို့ အစ္စလာမ်မာဘတ်မြို့ရဲ့ လက်ထောက် ရဲမင်းကြီး မူဟာမတ်ဟမ်ဇာရှဖ်ကတ်က ပြောပါတယ်။

ပိုကြိုးစားမယ်

ပိုလီယိုကာကွယ်ဆေးမထိုးရသေးတဲ့ ကလေးအရေအတွက်ဟာ ရာခိုင်နှုန်းအားဖြင့် တစ်ရာခိုင်နှုန်းသာရှိရင်တောင် ပိုလီယိုရောဂါဆိုတာ ဒီပတ်ဝန်းကျင်ကြီးမှာ ရှင်သန်နေဦးမှာပါပဲ။ နောက်တစ်ခေါက် ကာကွယ်ဆေးထိုးတဲ့ လှုပ်ရှားမှုကြရင် ဒီထက်ပိုပြီး ကြိုးစားသွားရမယ်လို့ သူက ဆက်ပြောပါတယ်။ လူမှုအဖွဲ့အစည်းတွေကြားမှာ နားလည်မှုလွဲမှားနေတာတွေကို ဖြေရှင်းပြီး ယုံကြည်မှု တည်ဆောက်တာတွေ၊ ပိုလီယိုကာကွယ်ဆေးကိုလိုလားလာအောင် လုပ်ဆောင်တာတွေကို အစိုးရက အလေးပေးနေတယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ ဒီလိုမျိုး လုပ်ဆောင်မှုတွေ ရှိနေပေမယ့် မယုံကြည်နိုင်မှုတွေ၊ ကျန်းမာရေးလုပ်သားတွေအပေါ် အထင်အမြင်လွဲမှားနေမှုတွေက ပိုလီယို ကင်းစင်ရေးအတွက် အနှောင့်အယှက် အဟန့်အတားတစ်ခု ဖြစ်နေပါတယ်။

ကိုးကား -နယူးယောက်တိုင်းမ်

> “အစွန်းရောက်လွန်းတဲ့ အစ္စလာမ္မစ်တွေဟာဆိုရင် ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးတဲ့ လုပ်ငန်းတွေဟာ သူတို့ကို သားသမီးမထွန်းကားအောင် လုပ်ဆောင်နေတဲ့ အနောက်နိုင်ငံတွေရဲ့ ကြိုးပမ်းမှုတစ်ရပ်လို့ ထင်မြင်နေကြပါတယ်”

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပဖို့ အားလုံးဝိုင်းဝန်းပါဝင်ကြပါစို့

တက်ကြွပျော်ရွှင် စုပေါင်းအားအင်ဖြင့် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို တွေ့ရစဉ်။ ဓာတ်ပုံ - Clean Yangon

မေ ၁ ရက်နေ့တွင် ရန်ကုန်မြို့ ၄၂ လမ်းနှင့် ဘိုကလေးဈေးလမ်းကြား အမှိုက်များကို Clean Yangon အဖွဲ့မှ ဦးဆောင်၍ စည်ပင်သာယာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်က ဒုတိယအကြိမ်အဖြစ် ရှင်းလင်းခဲ့ကြသည်။ ထိုလမ်းကို ၂၀၁၆ ခုနှစ်တွင် ပထမဆုံးအကြိမ် ရှင်းလင်းခဲ့ပြီး အမှိုက်မျိုးစုံ ပြန်လည်စွန့်ပစ်မှုကြောင့် အမှိုက်များ ပြန်လည်နေရာယူလာသည့်အတွက် Clean Yangon အဖွဲ့နှင့် ပရဟိတအဖွဲ့ပေါင်း ၅၀ မှ လူငယ်များ ဝိုင်းဝန်းရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ယင်းအဖွဲ့ဝင်လူငယ်များသည် သင်္ကြန်ရက်အပါအဝင် ရက်ကြီး၊ အခါကြီးနေ့တို့၌ အင်းလျားကန်၊ ပြည်သူ့ရင်ပြင်၊ ရွှေတိဂုံစေတီတော်ဝန်းကျင်နှင့် အခြားလူစည်ကားရာနေရာတို့တွင် စွန့်ပစ်ထားသောအမှိုက်များကို လစဉ်စုပေါင်းရှင်းလင်းကြလျက်ရှိကာ "မြို့ပြသာယာလှပဖို့ တို့များအားလုံး ပူးပေါင်းပါဝင်ကြပါစို့" ဟူသော ဆောင်ပုဒ်ဖြင့် ပရဟိတလူငယ်များကို လက်ကမ်းကြိုဆိုလျက်ရှိသည်။

ရန်ကုန်မြို့တွင်းရှိ နောက်ဖေးလမ်းကြားဥယျာဉ်များ ဖော်ဆောင်ရာတွင်လည်း Clean Yangon အဖွဲ့နှင့် အခြားသော လူငယ်ပရဟိတအဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကြောင့် ယနေ့အခါ ရန်ကုန်မြို့တွင်း နောက်ဖေးလမ်းကြား ဥယျာဉ်တို့တွင် ပန်းဥယျာဉ်များ၊ စာကြည့်တိုက်များ၊ ကလေးကစားကွင်းများနှင့် အပန်းဖြေအနားယူရာနေရာအဖြစ် ပေါ်ထွန်းလာပြီဖြစ်ရာ နိုင်ငံခြားသားခရီးသွားများ လာရောက်လေ့လာကြည့်ရှုရာနေရာတစ်ခုအဖြစ် တွေ့မြင်လာရပြီဖြစ်သည်။ ရန်ကုန်မြို့တွင်းလမ်းကြားတိုင်း အမှိုက်ကင်းစင်လျက် သန့်ရှင်းသော မြို့ပြကြီးတစ်ခုအဖြစ် ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်သည်။ လမ်းပေါ်အမှိုက်စွန့်ပစ်ခြင်းသည် နိုင်ငံသားတိုင်းအတွက် ရှက်စရာဖြစ်သည့်အပြင် ထိုအမှိုက်ကိုကောက်ယူသိမ်းဆည်းခြင်းသည် ဂုဏ်ပြုဖွယ်ရာဖြစ်ကြောင်း "မြို့တော်သန့်ရှင်းသာယာလှပဖို့ အားလုံးဝိုင်းဝန်းပါဝင်ကြပါစို့" ဟု မှတ်တမ်းဓာတ်ပုံများဖြင့် စုစည်းဖော်ပြလိုက်ပါသည်။

သန်းထိုက်

ရွှေလောင်းကြိုးတံတားဖျက်သိမ်းပြီး သံကူကွန်ကရစ်တံတား အစားထိုးတည်ဆောက်

ရွှေလောင်းကြိုးတံတားအား ဖျက်သိမ်းပြီး သံကူကွန်ကရစ်တံတား တည်ဆောက်နေစဉ်။

ရန်ကုန် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးကားလမ်း ရွှေလောင်းမြစ်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ယခင်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်ဖွင့်လှစ်ခဲ့သော ရွှေလောင်းကြိုးတံတားသည် ယခုအခါ ခံနိုင်ရည်ကျဆင်းလာပြီး ကြံ့ခိုင်မှုအားနည်းလာသောကြောင့် ပင်မကြိုးဆိုင်းများကို ဖြုတ်သိမ်းပြီး သံမဏိရက်မအစားထိုး၍ သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၁၅)က တည်ဆောက်လျက်ရှိသည်။

ရွှေလောင်းကြိုးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၈-၇-၂၀၀၀ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၁-၃-၂၀၀၂ ရက်တွင် ဖွင့်လှစ်ပေးခဲ့သော တံတားဖြစ်သည်။

မူလခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်း ၃၆ တန်ဖြစ်ပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျပြီးနောက်ပိုင်းတွင် ပင်မကြိုးတံတား၏ ခံနိုင်ရည်ကျဆင်းလာသဖြင့် တန် ၂၀ အထိသာ ခွင့်ပြုထားခဲ့ရာမှ ၁-၄-၂၀၁၈ ရက်က မြောင်းမြကြိုးတံတား ပြုတ်ကျခဲ့သည့်ဖြစ်စဉ်ကြောင့် တံတား၏ကြံ့ခိုင်မှုကိုသိရှိနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ တိုင်းတာစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြသည်။

စစ်ဆေးမှုများပြုလုပ်ပြီးနောက် ရရှိလာသော ရလဒ်များအပေါ်အခြေခံ၍ ပင်မကြိုးတံတား၏ ကြံ့ခိုင်မှုအဆင့်ကို (၅) အဖြစ် သတ်မှတ်ပြီး လက်ရှိခွင့်ပြုထားသော တန် ၂၀ ကို လျှော့၍ ၁၀ တန်အထိသာ ခွင့်ပြုသွားရန် သတ်မှတ်လိုက်သည်။

ထိုသို့ ခံနိုင်ရည်အားကျဆင်းလာခြင်းကြောင့် တံတားပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မှု မပြုနိုင်တော့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ပြီး ပင်မကြိုးတံတားကို ဖြုတ်သိမ်း၍ ယာဉ်တစ်စီးချင်း ၇၅ တန်ခံနိုင်ရည်ရှိသော Steel Box Grider သံကူကွန်ကရစ်တံတား အမျိုးအစားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။

အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသော သံကူကွန်ကရစ်တံတားမှာ အလျား ပေ ၁၉၀၀၊ တံတားအကျယ် ၃၀ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက် ၃ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၂၉ ဒသမ ၅၂ ပေ၊ ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်ဖြစ်သည်။ ယခုအခါ တံတားရေလယ်တိုင်၏ ဘိုးပိုင်တူးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး တံတားတစ်စင်းလုံး အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

ဘိုကလေးမြို့နယ် စကားလွန်ကျေးရွာ၌ သောက်သုံးရေလှူဒါန်း

မော်လမြိုင်ကျွန်း မေ ၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု စကားလွန်ကျေးရွာရှိ ကျေးရွာနေပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရေး အတွက် သောက်သုံးရေဖြန့်ဝေလှူဒါန်းပွဲကို ဧပြီ ၂၉ ရက်က စကားလွန်ကျေးရွာ၌ ကျင်းပသည်။

ယင်းသောက်သုံးရေလှူဒါန်းခြင်းကို ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရေဂါလန် ၁၈၀၀ ဆံ့မီးသတ်ကားဖြင့် စကားလွန်ကျေးရွာအရောက် သွားရောက်ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ ဘိုကလေးမြို့နယ် စကားလွန်ကျေးရွာရှိ အိမ်ခြေ ၁၂၄ အိမ်၊ လူဦးရေ ၅၆၆ ဦးတို့ သောက်သုံးရေ ဖူလုံစွာရရှိနိုင်စေရေးအတွက် သွားရောက်ဖြန့်ဝေ လှူဒါန်းခဲ့ကြသဖြင့် စကားလွန်ကျေးရွာ ဒေသခံပြည်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

ဂေါက်သီးစည်းမျဉ်းသင်တန်း မန္တလေးမြို့၌ ဖွင့်လှစ်မည်

မန္တလေး မေ ၁

မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ ပူးပေါင်းဖွင့်လှစ်သော (R&A Level-1 Rules Seminar 2019) မန္တလေးသင်တန်းကို မေ ၁၉ ရက်တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဂေါက်သီးအားကစားနည်းအပေါ် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်လိုသူများသည် မေ ၁၂ ရက် နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်းနံပါတ် ၀၉-၅၁၉၃၄၂၃နှင့် ဦးဝင်းဇော် ၀၉-၂၅၄၂၂၅၀၇၀ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် ဂေါက်သီးစည်းမျဉ်းသင်တန်းကို ဧပြီ ၂၂ ရက်က ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပြီး မန္တလေးမြို့၌ ထပ်မံဖွင့်လှစ်ခြင်းဖြစ်သည်။

ဖိုးသော်ဇင်

မင်းတပ်၌ သစ်တောလုပ်ငန်းဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချနေစဉ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

မင်းတပ် မေ ၁

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းကို ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ခရိုင်သစ်တောဦးစီးရုံး၌ သစ်တောဦးစီးရုံးချုပ် (နေပြည်တော်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မိုး ဦးဆောင်၍ သင်တန်းဆရာမ လေးဦးဖြင့် သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ ခွင့်ပြုပေးပြီး တည်ထောင်ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများအား ထိရောက်သော အသိပညာဖြန့်ဝေခြင်းများနှင့် လုပ်ငန်းစဉ်များတွင် ထိရောက်စွာကူညီပေးနိုင်ရေးတို့အတွက် ရည်ရွယ်၍ မင်းတပ်ခရိုင် မင်းတပ်မြို့နယ်ရှိ တောအုပ်အဆင့်ဝန်ထမ်းများကို သင်တန်းပေးရခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းစာဆရာများအသင်း အလုပ်သဘောတွေ့ဆုံဆွေးနွေး

မန္တလေး မေ ၁

အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းစာဆရာများအသင်း (All-China Journalists Association) အလုပ်သဘောတွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၉ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်းရှိ ပိုင်အိုးနီးယား အိုအေစစ် ရေပေါ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်သဘောတွေ့ဆုံဆွေးနွေးပွဲတွင် အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ ဦးငွေအောင်က အမှာစကားပြောကြားပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းစာဆရာများအသင်း၏ အလုပ်အမှုဆောင် အတွင်းရေးမှူး WANG Dongmei က နှစ်နိုင်ငံသတင်းကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်သဘော နားလည်မှုစာချွန်လွှာများ အပြန်အလှန် လက်မှတ်ရေးထိုးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၅-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၃၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၇၇၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၃၈၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၇၇၄၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၇၅/၁၀၁၀ ကျပ်	၁၀၃၀/၁၀၄၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၈၅/၁၀၂၀ ကျပ်	၁၀၄၅/၁၀၅၅ ကျပ်
အောက်တိန်း ၉၂	၈၄၀/၉၁၀ ကျပ်	၉၂၅/၁၀၂၅ ကျပ်
အောက်တိန်း ၉၅	၉၁၀/၉၆၅ ကျပ်	၉၄၀/၁၀၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၂၂ · ၇
ဥရောပ	တစ်ယူရို	ကျပ် ၁၇၀၆ · ၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၈ · ၈
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၇၅ · ၂
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၆၇ · ၁
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၃ · ၉
တရုတ်	တစ်ယွမ်	ကျပ် ၂၂၆ · ၀၁
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၈၂၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၀ · ၅၉
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၈ · ၁၁
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ · ၆၈၁

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လျှပ်တစ်ပြက်ရန်သူ သတိမူ (အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

၂၀၁၀ ခုနှစ်က ဟေတီနိုင်ငံ၌ ငလျင်ကြီးလှုပ်ခတ်ပြီးနောက် တွေ့မြင်ရသော အပျက်အစီးများ (ဓာတ်ပုံ - Worldvision)

ငလျင်လှုပ်ခြင်းနှင့် ကျောက်ချပ်လွှာကြီးများ

ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားခဲ့ဖူးသော ဘေးအန္တရာယ်များအနက် ငလျင်လှုပ်ခြင်းသည် ရှောင်လွှဲ၍မရသလို ကြိုတင်၍လည်း မသိရှိနိုင်သော သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။ ထို့ကြောင့်ပင် ငလျင်လှုပ်မည့်အရေးကို တွေးတောပူပန်ခြင်းဖြင့် စိတ်ဖိစီးမှုဖြစ်ရန် မလိုအပ်ပေ။ သို့ရာတွင် ငလျင်၏ သဘောသဘာဝကိုမူ ကောင်းစွာနားလည်သဘောပေါက်ကာ သတိရှိနေကြရန် လိုအပ်သည်။

ရှေးခေတ်အခါများက ငလျင်လှုပ်ခြင်းသည် မြေစောင့်နတ်မင်းက ဒဏ်ခတ်ခြင်းဖြစ်သည်ဟုလည်းကောင်း၊ မြေအောက်ရှိ ရောမသတ္တဝါကြီး အိပ်ပျော်နေရာမှ နိုးထလာခြင်းဖြစ်သည်ဟုလည်းကောင်း စွဲမှတ်ယုံကြည်ခဲ့ကြသည်။ အကယ်စင်စစ် ငလျင်လှုပ်ခြင်းမှာ ကမ္ဘာ့ကျောက်ချပ်လွှာကြီးများ တစ်ခုနှင့်တစ်ခု တွန်းတိုက်ရွေ့လျားခြင်းပင် ဖြစ်သည်။ ဤမြေကမ္ဘာကြီးသည် အက်ပြီး မကွဲသေးသော ကြက်ဥပမာပင် ဖြစ်သည်။ အက်ကြောင်းများကြောင့် ပြတ်ထွက်နေသော်လည်း အကာပိုင်းရှိ အကျိအချွဲများနှင့် ကပ်ငြိနေသည့်အတွက် ဝေးရာသို့ ကွဲကွာသွားခြင်းမရှိသော ကြက်ဥအခွံ အကွဲစကလေးများနှင့် သဏ္ဍာန်တူသည့် ကျောက်ချပ်လွှာကြီးများပေါ်၌ ကမ္ဘာ့တိုက်ကြီးများက ပေါလောမျောလျက် တည်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေ တိုက်ကြီးများကို ကျောက်ချပ်လွှာအစုအဖွဲ့ပေါင်း နှစ်ဆယ်ခန့်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းကျောက်ချပ်လွှာကြီးများသည် တစ်ခါတစ်ရံ တစ်ခုနှင့်တစ်ခု တွန်းတိုက်မိကြသလို တစ်ခါတစ်ရံ၌မူ တစ်နေရာဆီသို့ ကွဲထွက်သွားကြလေ့ရှိသည်။ ကျောက်ချပ်လွှာကြီးများ ရွေ့လျားကြသည့်အခါ ကမ္ဘာ့တိုက်ကြီးများကလည်း ယင်းတို့နှင့်အတူ လိုက်ပါရွေ့လျားရင်း တည်နေရာနှင့် တည်နေပုံများကလည်း အခါအားလျော်စွာ ပြောင်းလဲနေကြရသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာ ခြားနေသော တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၃၅ သန်းခန့်က တစ်ဆက်တစ်စပ်တည်း တည်ရှိနေခဲ့ကြရာမှ ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် လိုက်ပါရွေ့လျားရင်း ပထဝီအနေအထား ပြောင်းလဲလာခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာမြေ၏ နက်ရှိုင်းသော အတွင်းပိုင်းရှိ ပူလောင်နေသည့် ကျောက်ချော်ရည်များသည် မြင့်မားသောဖိအားနှင့် တွန်းကန်မှုတို့ကြောင့် ကမ္ဘာ့မျက်နှာပြင် အခွံပိုင်းသို့ တိုးထွက်ရောက်ရှိလာခြင်းဖြင့် အခွံလွှာအသစ်ကို ဖြစ်ပေါ်လာစေသည်။ အသစ်ဖြစ်ပေါ်လာသည့် အခွံလွှာ၏ အောက်သို့ ရောက်ရှိသွားသော မူလအခွံဟောင်းမှာ အလွန်ပူလောင်နေသည့် ကမ္ဘာ့အတွင်းပိုင်းအထိတိုင် ကျရောက်သွားပြီး အရည်ပျော်သွားကြသည်။ ဤနည်းအားဖြင့် ကမ္ဘာ့မြေမျက်နှာပြင် အခွံပိုင်းသည် အမြဲတမ်း ပြောင်းလဲလျက်ရှိနေသည်။

ရှေးခေတ် ပထဝီပညာရှင်တို့က သမုဒ္ဒရာကြမ်းပြင်ဟူသည်မှာ ကုန်းမြေ တိုက်ကြီးများ၏ အနိမ့်ပိုင်းနေရာများဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ အကယ်စင်စစ်အားဖြင့် သမုဒ္ဒရာကြမ်းပြင်များ တည်ရှိနေသော ကျောက်ချပ်လွှာကြီးများနှင့် ကမ္ဘာ့တိုက်ကြီးများ တည်ရှိနေသည့် ကျောက်ချပ်လွှာကြီးများမှာ တစ်ဆက်တစ်စပ်တည်း မဟုတ်သလို မြေလွှာတစ်မျိုးတည်းဖြင့် ဖွဲ့စည်းထားခြင်းလည်း မဟုတ်ပေ။

သမုဒ္ဒရာကြမ်းပြင် ကျောက်ချပ်လွှာများ

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို နှမ်းဖတ်ကျောက်နှင့်တူသော ဆီလီကွန်နှင့် အလူမီနီယမ်တို့ ရောနှောနေသည့် ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး သမုဒ္ဒရာကြမ်းပြင်များကိုမူ ဆီလီကွန်နှင့် မဂ္ဂနီဆီယမ်တို့ ရောနှောပါဝင်နေသည့် Basalt ခေါ် မီးတောင်ချော်နက် ကျောက်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ကမ္ဘာ့တိုက်ကြီးများ၏ ကျောက်သားမြေလွှာများသည် ယင်းတို့ထက် ပို၍လေးလံမာကျောသော သမုဒ္ဒရာကြမ်းပြင် မီးတောင်ချော်နက် ကျောက်များပေါ်၌ တည်ရှိနေကြသည်။ ကမ္ဘာမြေ၏ နက်ရှိုင်းသောအတွင်းပိုင်းတွင် အလွန်ပူလောင်ပြီး အရည်ပျော်နေသည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် သမုဒ္ဒရာကြမ်းပြင် ကွဲထွက်ရာ အက်ကြောင်းများမှတစ်ဆင့် တိုးထွက်လာပြီး အပေါ်ယံသို့ ရောက်ရှိသည့်အခါ အေး၍ မာကျောသွားကြခြင်းဖြင့် သမုဒ္ဒရာကြမ်းပြင်အသစ်ကို ဖြစ်ပေါ်

San Andreas ပြတ်ရွေ့ကြောင်း ငလျင်ကြီးလှုပ်ခတ်ပုံကို စိတ်ကူးယဉ်ရိုက်ကူးထားသည့် San Andreas ရုပ်ရှင်မှ ဇာတ်ဝင်ခန်းတစ်ခန်း

လာစေသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်သည် အက်ကွဲကြောင်း၏ တစ်ဖက်တစ်ချက်ဆီသို့ ရွေ့လျားလျက်ရှိနေသည်။ သို့ရာတွင် ရွေ့လျားသည့်နှုန်းမှာ အလွန်နှေးကာ တစ်နှစ်တာအတွင်း စင်တီမီတာ အနည်းငယ်မျှသာ ခရီး ပေါက်ရောက်သည်။ ယင်းကဲ့သို့ ရွေ့လျားနေကြရင်း ကမ္ဘာ့တိုက်ကြီးများ၏အစွန်းသို့ ရောက်ရှိလာသည့်အခါ ပိတ်ဆို့ခံရသကဲ့သို့ဖြစ်ပြီး တိုက်ကြီးများ၏အောက်ဘက်သို့ ဝင်ရောက်ကျဆင်းသွားသည်။ နက်ရှိုင်းသည့်အတွင်းပိုင်းသို့ အရောက်တွင် ပြင်းထန်လွန်းသော အပူရှိန်ကြောင့် အရည်ပျော်သွားသည်။ ဤနည်းဖြင့် သမုဒ္ဒရာကြမ်းပြင်တို့သည် အမြဲတမ်းဆိုသလို အသစ်နှင့်အဟောင်း လဲလှယ်ဖြစ်ပေါ်လျက် ရှိနေကြသည်။

ဆန်အန်ဒရီးစ် ပြတ်ရွေ့ကြောင်းကြီး

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် ကွဲထွက်ရာမှ အက်ကွဲကြောင်းများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့ဒေသအနှံ့တွင် လှုပ်ခတ်ခဲ့သော ငလျင်များ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပြတ်ရွေ့ကြောင်း(Fault)ဟု ခေါ်ဆိုကြသော အဆိုပါ အက်ကွဲကြောင်းများတစ်လျှောက်နှင့် အနီးတစ်ဝိုက်၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သမုဒ္ဒရာရေပြင်အောက် တောင်တန်းများအထိ ရောက်ရှိသော ယင်းအက်ကွဲကြောင်းများမှတစ်ဆင့် နက်ရှိုင်းသော အတွင်းပိုင်းရှိ အလွန်ပူလောင်သည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် ပြင်းထန်စွာပေါက်ကွဲပြီး အပြင်သို့ တိုးထွက်လာကြကာ ကျောက်ချပ်လွှာများကို တွန်းတိုက်ရွေ့လျားစေခြင်းဖြင့် ပြင်းထန်သော ငလျင်များကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာပေါ်ရှိ ပြတ်ရွေ့ကြောင်းကြီးများအနက် San Andreas Fault သည် အလွန်ထင်ရှားသော ကမ္ဘာသိ ပြတ်ရွေ့ကြောင်းကြီးဖြစ်သည်။ ယင်းပြတ်ရွေ့ကြောင်းသည် အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေရှိ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌ တည်ရှိသည်။ ကယ်လီဖိုးနီးယား ပြည်နယ်ကြီးသည် ကျောက်ချပ်လွှာကြီးနှစ်ခုပေါ်၌ ခွလျက် တည်ရှိနေသည်။ ပစိဖိတ် ကျောက်ချပ်လွှာပေါ်၌ တစ်စိတ်တစ်ပိုင်း တည်ရှိနေပြီး ကျန်အစိတ်အပိုင်းက မြောက်အမေရိက ကျောက်ချပ်လွှာပေါ်၌ တည်ရှိနေသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကို ဆန်အန်ဒရီးစ် ပြတ်ရွေ့ကြောင်းကြီးက ပိုင်းခြားထားလျက်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ်၏ တစ်စိတ်တစ်ပိုင်း တည်ရှိရာနေရာဖြစ်သော ပစိဖိတ်ကျောက်ချပ်လွှာသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနေစဉ် ကျန်တစ်စိတ်တစ်ပိုင်း တည်ရှိနေသော မြောက်အမေရိက ကျောက်ချပ်လွှာကြီးက ဆန့်ကျင်ဘက်အရပ်ဖြစ်သော အရှေ့တောင်ဘက်သို့ ရွေ့လျားလျက်ရှိနေသည်။ ထို့ကြောင့်ပင်လျှင် ကျောက်ချပ်လွှာကြီးနှစ်ခု၏ ဆုံရာဖြစ်သော ဆန်အန်ဒရီးစ် ပြတ်ရွေ့ကြောင်းကြီးတစ်လျှောက်နှင့် အနီးတစ်ဝိုက်တွင် ငလျင်ကြီးများ ဖြစ်ပေါ်လေ့ရှိသည်။

ရှေးခေတ် ပထဝီပညာရှင်တို့က သမုဒ္ဒရာကြမ်းပြင်ဟူသည်မှာ ကုန်းမြေ တိုက်ကြီးများ၏ အနိမ့်ပိုင်းနေရာများဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ အကယ်စင်စစ်အားဖြင့် သမုဒ္ဒရာကြမ်းပြင်များ တည်ရှိနေသော ကျောက်ချပ်လွှာကြီးများနှင့် ကမ္ဘာ့တိုက်ကြီးများ တည်ရှိနေသည့် ကျောက်ချပ်လွှာကြီးများမှာ တစ်ဆက်တစ်စပ်တည်း မဟုတ်သလို မြေလွှာတစ်မျိုးတည်းဖြင့် ဖွဲ့စည်းထားခြင်းလည်း မဟုတ်ပေ။ ကမ္ဘာ့ကုန်းမြေ တိုက်ကြီးများကို နှမ်းဖတ်ကျောက်နှင့်တူသော ဆီလီကွန်နှင့် အလူမီနီယမ်တို့ ရောနှောနေသည့် ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး သမုဒ္ဒရာကြမ်းပြင်များကိုမူ ဆီလီကွန်နှင့် မဂ္ဂနီဆီယမ်တို့ ရောနှောပါဝင်နေသည့် Basalt ခေါ် မီးတောင်ချော်နက် ကျောက်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်။

သာဓကအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၉၄ ခုနှစ်က အင်အားအလွန်ပြင်းထန်သော ငလျင်ကြီး လှုပ်ခဲ့ပြီးဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ဆန်အန်ဒရီးစ် ပြတ်ရွေ့ကြောင်းကြီးမှ ကီလိုမီတာ ၅၀ ခန့်သာ ကွာဝေးသလို မြို့ပတ်ဝန်းကျင်၌လည်း သေးငယ်သော ပြတ်ရွေ့ကြောင်းများ အများအပြား တည်ရှိနေသည်။ ၁၉၉၄ ခုနှစ် ငလျင်ကြီးသည် ထိုပြတ်ရွေ့ကြောင်းငယ်ကလေးများထဲမှ ပြတ်ရွေ့ကြောင်းတစ်ခုကို ဗဟိုပြုခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့သမိုင်းမှ အင်အားပြင်း ငလျင်ကြီးများ

အလားတူပင် ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ၌ လှုပ်ခဲ့သော အင်အားပြင်း ငလျင်ကြီးသည်လည်း ပြတ်ရွေ့ကြောင်းများနှင့်နီးကပ်သော နေရာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါငလျင်ကြီးသည် မြို့တော်တိုကျိုနှင့် ယိုကိုဟားမား ဆိပ်ကမ်းမြို့များကို ဆိုးဆိုးရွားရွား ပျက်စီးစေခဲ့သည်။

ထို့အတူ သမ္မတနန်းတော် အဆောက်အအုံကြီးပါ ပြိုကျခဲ့သည့်အတွက် အုပ်ချုပ်ရေးယန္တရားကိုပါ တုံ့ဆိုင်းသွားစေခဲ့သော ဟေတီငလျင်ကြီးသည်လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှု ကြီးမားလွန်းသောကြောင့် လမ်းပန်းဆက်သွယ်ရေးကိုပါ ပြတ်တောက်သွားစေခဲ့သော ချီလီငလျင်သည်လည်းကောင်း၊ လူအသေအပျောက် အလွန်များခဲ့သည့် တရုတ်နိုင်ငံ စီချွမ်ငလျင်သည်လည်းကောင်း၊ မြို့တစ်မြို့လုံးနီးပါးကို အသစ် ပြန်လည်တည်ဆောက်ခဲ့ရသည့် ဂျပန်နိုင်ငံ ကိုဘေးငလျင်သည်လည်းကောင်း၊ မကြာသေးမီကမှ ဖြစ်ပွားခဲ့သော နီပေါငလျင်နှင့် အီကွေဒေါငလျင်တို့သည်လည်းကောင်း အရွယ်အစားအမျိုးမျိုးရှိကြသည့် ပြတ်ရွေ့ကြောင်းကြီးငယ် အသွယ်သွယ်တို့ကို ဗဟိုပြုလျက် သို့တည်းမဟုတ် ပြတ်ရွေ့ကြောင်းများ၏ အနီးပတ်ဝန်းကျင်ကို ဗဟိုပြုလျက် ဖြစ်ပွားခဲ့ကြခြင်းပင်ဖြစ်သည်။

ယနေ့ခေတ်တွင် သိပ္ပံနှင့် နည်းပညာများ အလွန့်အလွန် တိုးတက်နေသည့်တိုင် ငလျင်လှုပ်မည့်အရေးကို ကြိုကြိုတင်တင် ခန့်မှန်းနိုင်ခြင်း မရှိကြသေးပေ။ ကမ္ဘာ့ငလျင်လှုပ်ခတ်မှုအများဆုံး နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးပြီးဖြစ်သော ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ ငလျင်လှုပ်ခတ်မှု၏ အဦးအစဖြစ်သော မြေအောက်လှုပ်ရှားမှုများကို အချိန်ရနိုင်သလောက် ကြိုတင်ထောက်လှမ်း သိရှိနိုင်သည့် တိုင်းတာရေးစခန်း ကွန်ရက်ကြီးကို ဒေါ်လာသန်း ၅၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။

ငလျင်၏အစ မြေအောက်လှုပ်ရှားမှုများကို တိုင်းတာသည့် စခန်းပေါင်း ၁၀၀၀ ကျော်ကို စီရင်စု တစ်ခုချင်းစီအလိုက် တစ်နိုင်ငံလုံး၌ ကွန်ရက်အဖြစ် ဖြန့်ကြက်ကာ ငလျင်ကြိုတင်သတိပေးဌာနနှင့် ချိတ်ဆက်ထားခဲ့သော ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်ကဖြစ်ပွားခဲ့သည့် ငလျင်လှုပ်မည့်အရေးကို စက္ကန့်ပိုင်းမျှသာ ကြိုတင်သိရှိနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသ အရှေ့ဘက် မိုင် ၈၀ ခန့်အကွာနေရာ၏ မြေအောက်အနက် ၂၅ ဒသမ ၂ မိုင်ကို ဗဟိုပြု၍ ပြင်းအား ၉.၀ မဂ္ဂနီကျူရှိ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီး လှုပ်ခတ်ခဲ့သည်။

ဆက်သွယ်ရေးစနစ် အလွန်ကောင်းမွန်ပြီး တုံ့ပြန်ဆောင်ရွက်မှု အလွန်မြန်ဆန်သည့် ဂျပန်နိုင်ငံသည် စက္ကန့်ပိုင်းမျှသာ ကြိုသိရသည့် ငလျင်လှုပ်မည့်အရေးကို နိုင်ငံတစ်ဝန်း အချိန်ရနိုင်သလောက် ကြိုတင်ထုတ်ပြန်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှု ကြီးမားကျယ်ပြန့်ခဲ့သည့်တိုင် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့သည့် အဆိုပါ ပျက်စီးဆုံးရှုံးမှုများနှင့် နှိုင်းစာလျှင် လူအသေအပျောက်မှာ အလွန် နည်းပါးခဲ့သည်။ ထိုအင်အားပြင်းငလျင်ကြီးကြောင့် ဂျပန်ပင်လယ်ကြမ်းပြင်သည် တစ်ဖက်တစ်ချက်သို့ ၇၉ ပေခန့် ရွေ့သွားခဲ့သည့်အပြင် အပေါ်ဘက်သို့လည်း ၁၀ ပေခန့် မြင့်တက်လာခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဝန်အား လျှော့ချမှုကို ပြည်သူများထိခိုက်မှုအနည်းဆုံးဖြစ်စေရန် လုပ်ဆောင်သွားမည်ဟုသိရ

မန္တလေး မေ ၁

လျှပ်စစ်ဓာတ်အားသုံးစွဲမှု လိုအပ်ချက်အရ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မဂ္ဂါဝပ် ၅၀ ခန့် ဝန်အား လျှော့ချပေးရရာ အဆိုပါဝန်အားလျှော့ချမှုတွင် ပြည်သူများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အချိန်တစ်နာရီထက်မပိုသော ဓာတ်အားလိုင်း ပိတ်နည်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ပြောကြားသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်မှု မဂ္ဂါဝပ်မှာ ၃၆၀၀ ကျော်ရှိသော်လည်း လက်ရှိသုံးစွဲမှု ပမာဏမှာ မဂ္ဂါဝပ် ၃၈၀၀ ကျော်ရှိနေသဖြင့် မဂ္ဂါဝပ် ၂၀၀ ခန့် ဝန်အားလျှော့ချရန် လိုအပ်နေသည့်အတွက် မန္တလေးတိုင်းဒေသကြီးမှ အဆိုပါဝန်အား လျှော့ချမှုတွင် ပြည်သူများ ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် ရာသီဉတုအခြေအနေပေါ်မူတည်၍ မီးဖြတ်တောက်မှုကို လုပ်ဆောင်ပေးနေကြောင်း သိရသည်။

"ဒီနှစ်နွေရာသီမှာ ဓာတ်အား မလုံလောက်မှုတွေက မတ်လ ၂၀ ရက်လောက်ကတည်းက ဖြစ်နေတယ်။ ဒီနှစ်မှာ မိုးရွာသွန်းမှုနည်းတဲ့အပြင် အချို့ဆည်တွေက စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ ရေကို ထုတ်သုံးစွဲနေရတဲ့အတွက် ဓာတ်အားထုတ်လုပ်မှုမှာ ရေမလုံလောက်မှုတွေ ဖြစ်နေတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် မဂ္ဂါဝပ် ၂၀၀ လောက် လိုအပ်နေတယ်။ ဒါကြောင့် တိုင်းဒေသကြီးအတွင်းမှာ လျှော့ချတဲ့ ဓာတ်အားလိုင်းအတွက် လူထုထိခိုက်မှုအနည်းဆုံးဖြစ်အောင် တစ်နာရီထက်မပိုသော လျှော့နည်းမျိုးတွေနဲ့ ပူပြင်းတဲ့အချိန်ကိုရှောင်ပြီး လျှော့ချသွားမယ့်အပြင် ပြည်သူတွေ အများဆုံးနေထိုင်တဲ့ ရပ်ကွက်တွေမှာ ဝန်အားအနည်းဆုံးဖြစ်အောင် လျှော့ချသွားမှာပါ"ဟု တိုင်းဒေသကြီးဝန်ကြီးက ဆက်လက်ပြောပြသည်။

မန္တလေးမြို့တွင်း ရပ်ကွက်တစ်ခုကို တွေ့ရစဉ်။

လက်ရှိအခြေအနေအရ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် ပူပြင်းသော နွေရာသီကိုကာကွယ်ရန် အဲကွန်းသုံးစွဲမှုများပြားလာသည့်အပြင် မီးသုံးစွဲမှုမှာလည်း ရုံးဆင်း၊ ကျောင်းဆင်းချိန်ဖြစ်သော ညနေ ၅ နာရီမှ ည ၈ နာရီအတွင်း အများဆုံး ဖြစ်ပေါ်နေသည့်အတွက် လက်ရှိအခြေအနေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြ၍ ပြည်သူများ ပူးပေါင်းပါဝင်မှုရရှိစေရန် မကြာမီရက်ပိုင်းအတွင်း တရားဝင်အသိပေး ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်အစိုးရကလည်း ပြည်သူတွေအတွက် လုံလောက်ပြည့်စုံတဲ့ လျှပ်စစ်ဓာတ်အားတွေ သုံးစွဲနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ အခုချိန်မှာလည်း လျှပ်စစ်ဓာတ်အားဆိုတာ နိုင်ငံချင်း ကုန်သွယ်တဲ့အဆင့်ကို ရောက်နေတဲ့အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပို့လွှတ်ခြင်းကဏ္ဍတွေကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မယ့် မူဝါဒတွေရှိဖို့ လိုအပ်နေပါပြီ။ ဒီအတောအတွင်းမှာတော့ သည်းခံပြီး ပူးပေါင်းဖြေရှင်းသွားကြပါစို့"ဟု တိုင်းဒေသကြီးဝန်ကြီးက တိုက်တွန်းပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ အိမ်ထောင်စု ၁၃ သိန်းကျော်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၇၇၁၃၇၄ ဦး ရှိရာ မီးသုံးစွဲမှု ပမာဏမှာ ၅၈ ဒသမ ၃၀ ရာခိုင်နှုန်းရှိနေပြီး လက်ရှိအခြေအနေတွင် ဝန်အားလျှော့ချမှုကို ရာသီဉတုပေါ် မူတည်၍ မေလမှ ဇွန်လလယ်ခန့်အထိ နေ့စဉ်အချိန်ပိုင်းအနေဖြင့် ဓာတ်အားများ လျှော့ချသွားမည်ဖြစ်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ကလေးမြို့ချင်းတောင်ခြေရင်းရပ်ကွက်များ ရေပြတ်မှုများကြောင့် ကလေးလွင်ပြင်ရေအလှူတော်ကားဖြင့် သောက်သုံးရေများဖြန့်ဝေလှူဒါန်း

ကလေး မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချင်းတောင်ခြေရင်းရှိ ရပ်ကွက်များဖြစ်သော တာဟန်းရပ်ကွက်၊ တောင်ဖီလာရပ်ကွက်များတွင် အပူဒဏ်မြင့်မားမှုကြောင့် ဧပြီ ၂၈ ရက်နောက်ပိုင်းမှစ၍ ရေတွင်းများတွင် ရေခန်းခြောက်မှုများ ဖြစ်ပေါ်ကာ ရေပြတ်မှုများ ကြုံတွေ့နေရသောကြောင့် ကလေးလွင်ပြင် ရေအလှူတော်ကားဖြင့် မေ ၁ ရက်မှ စတင်ကာ ရေများလိုက်လံလှူဒါန်းပေးနေကြောင်း သိရသည်။

"ကလေးမြို့ တာဟန်းရပ်ကွက်၊ တောင်ဖီလာရပ်ကွက်တွေမှာ ရေလုံးဝပြတ်နေပါပြီ။ တစ်ရပ်ကွက်လုံး ရေတွင်းတွေကို ပြန်တူးတာတွေ၊ ပြင်တာတွေ လုပ်နေကြတယ်။ ရေသွားလှူတဲ့အခါမှာ ရေကို လာရောက်သယ်ယူသူတွေများတာကြောင့် လှူရတာမလောက်ဘူး ဖြစ်နေတယ်။ ချယ်ရီလမ်း၊ စိန်မကယ်လမ်းတွေမှာ ရေပြတ်နေတယ်။ နောက်ပြီး ဝန်ထမ်းအိမ်ရာတွေမှာလည်း ရေပြတ်နေတယ်။ ဝန်ထမ်းအိမ်ရာကိုလည်း လှူခဲ့ပါတယ်" ဟု ကလေးလွင်ပြင်ရေအလှူတော်အဖွဲ့မှ ကိုတင်အောင်ဆင့်က ပြောကြားသည်။

"ကလေးမြို့ရာသီဉတုကတော့ ပြီးခဲ့တဲ့ ဧပြီ ၂၈ ရက်က အပူချိန် ၄၁ ဒသမ ၅ အထိ ရောက်ရှိခဲ့ပါတယ်။ အရင်နှစ်တွေကဆိုရင် ၃၈ ဝန်းကျင်မှာပဲ ရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်တွေမှာ ရေပြတ်တာ တွေအထိ ဖြစ်နေတာပါ။ မုတ်သုံက မြန်မာနိုင်ငံတောင်ပိုင်းကို မေ ၁၈ ရက် ဝန်းကျင်မှာ စဝင်ပါမယ်။ အလယ်ပိုင်းနဲ့ မြောက်ပိုင်းကို မေလလယ်အကျော်မှာ စဝင်ပါမယ်။ မုတ်သုံဝင်ပြီး ဒါမှမဟုတ် မုန်တိုင်းကြောင့် မိုးလေးရွာလာရင်တော့ အပူက လျော့ဖို့ရှိပါတယ်"ဟု ကလေးမြို့ မိုးလေဝသနှင့် ဇလဗေဒဌာနခွဲမှူး ဦးစီးဌာနမှ ဦးတင်စိုးက ပြောကြားသည်။

ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရပ်ကွက်များအတွင်း ရေပြတ်လပ်မှုများ ကြုံတွေ့ရပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဆက်သွယ်ကာ မြို့နယ်စည်ပင်၊ မြို့နယ်ကျေးလက် ဦးစီးမှူးရုံးတို့မှလည်း ရေပြတ်လပ်သည့် ကျေးရွာများသို့ ရေလှူဒါန်းပေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သျှင်နေမင်း (ဂန့်ဂေါ)

မွန်ပြည်နယ်ဝန်ကြီးချုပ် လမိုင်းမြို့မှ ပြည်သူလူထုနှင့် တွေ့ဆုံ

လမိုင်း မေ ၁

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် ဧပြီနောက်ဆုံးပတ်က လမိုင်းမြို့မ(၂)ရပ်ကွက် မုနိပါလခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူ များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

အဆိုပါတွေ့ဆုံပွဲ၌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးတိုးတက်မြင့်မားရေး စသည့်လုပ်ငန်းများအတွက် အစိုးရဌာနများ၊ လွှတ်တော်များက ပြည်သူများ၏ ဆန္ဒနှင့်အညီတင်ပြလာသည့် လုပ်ငန်းများအပေါ် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဒေသခံပြည်သူများက အခက်အခဲ လိုအပ်ချက်များနှင့် ပတ်သက်၍ စာဖြင့်၊ နှုတ်ဖြင့် တင်ပြနိုင်ပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ တွေ့ဆုံပွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထုများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ညောင်ဦးမြို့နယ်တွင် နွားစာဝယ်ယူသူများပြားသည့်အတွက် နွားစာဈေးကောင်းပေးဝယ်ကျွေးကြရ

ညောင်ဦး မေ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးရွာများတွင် တစ်နှစ်ထက်တစ်နှစ်နွားစာရှားပါးလာပြီး မိမိယာမြေမှထွက်ရှိလာသည့်နွားစာအထွက် နည်းပါးလာကြောင်း သိရှိရသည်။ ထိုကဲ့သို့နွားစာ အထွက်နည်းပြီး ရှားပါးလာခြင်းဖြင့် မြေပဲရိုး၊ ကောက်ရိုး၊ ပြောင်းရိုးစသည့်နွားစာများ ရှားပါးလာကြောင်း ဒေသခံနွားမွေးသူ တောင်သူများထံမှ သိရသည်။

"ကျွန်တော်မနေ့က မြေပဲရိုးနွားစာ ထော်လာဂျီတစ်စီး ဝယ်လာတယ်။ တစ်စီးကို တစ်သိန်းပေးရတယ်။ မနှစ်ကဈေးနဲ့ဆိုရင် ထက်ဝက်ကျော်ဈေးတက်တယ်။ ဒီနှစ်တော့ နွားစာဝယ်ကျွေးရတာနဲ့ စီးပွားရေးမချောင်လည်တော့ဘူး။ နောက်ဝါဆို၊ ဝါခေါင်မှာလည်း မိုးက မရွာဘူးဆိုရင် ဝယ်ကျွေးနေရဦးမှာပဲ"ဟု နွားမွေးမြူသူ တစ်ဦးက ပြောသည်။

ကျော်ဌေး

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့နာယက ဦးမြင့်ကြည် (မြင့်ဝင်းနီ)ကွယ်လွန်သွားခြင်းအတွက် အဖွဲ့နာယက ဦးမျိုးမြင့်နှင့် ဦးသန်းမောင်တို့က ဧပြီ ၂၈ ရက်တွင် ကျန်ရစ်သူမိသားစုနေအိမ်သို့ သွားရောက်၍ အဖွဲ့ထောက်ပံ့ငွေကျပ် တစ်သိန်းခွဲအား ပေးအပ်စဉ်။

သန်းဝင်း

အလှည့်ကျဝန်အားလျှော့စနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေ

ရွှေဘို မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း၌ ဧပြီ ၂၇ ရက်မှစတင်ကာ အလှည့်ကျစနစ်ဖြင့် ဝန်အားလျှော့၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဘုန်းမြင့်ဦးထံမှ သိရသည်။ ရွှေဘိုမြို့တွင် စက်မှုဇုန်ဓာတ်အားခွဲရုံ၊ သူဇာ ဓာတ်အားခွဲရုံနှင့် ညောင်ပင်သာဓာတ်အားခွဲရုံဟု ဓာတ်အားခွဲရုံ သုံးရုံရှိပြီး စက်မှုဇုန် ခွဲရုံမှ စက်မှုဇုန် ဖီဒါ(၁)နှင့် (၂)၊ သူဇာခွဲရုံမှ မြို့မဖီဒါ၊ ဦးတိုက်ဖီဒါ၊ စစ်တပ်(အရှေ့)ဖီဒါ၊ စစ်တပ်(အနောက်)ဖီဒါ၊ ကြက်ဇုန်ဖီဒါနှင့် ဆက်သွယ် ရေးဖီဒါ၊ ညောင်ပင်သာခွဲရုံမှ ညောင်ပင်သာဖီဒါ၊ ဆိပ်ခွန်ဖီဒါနှင့် မြို့တွင်းဖီဒါဟု စုစုပေါင်းဖီဒါ ၁၁ ခုရှိကြောင်း သိရ သည်။ လက်ရှိအချိန်တွင် ရွှေဘိုမြို့နယ်၌ ဖီဒါ တစ်ခုစီကို အလှည့်ကျစနစ်ဖြင့် တစ်နေ့လျှင် နှစ်နာရီကြာ နှစ်ကြိမ် အလှည့်ကျဝန်အားလျှော့စနစ်ဖြင့် ဓာတ်အားဖြန့်ဖြူး ပေးနေပြီး နိုင်ငံတော်ဓာတ်အားစနစ် တည်ငြိမ်စေရန်အတွက် အရေးပေါ် ဝန်အားလျှော့ သုံးစွဲရသဖြင့် တစ်ခါတစ်ရံ ယာယီဓာတ်အားယာယီပြတ်တောက်ခြင်းများလည်းရှိကြောင်း သိရသည်။

မိုးသောက် (ရွှေဘို)

မင်းတပ်မြို့၌ ဆီးချို သွေးချိုရောဂါနှင့် နောက်ဆက်တွဲပြဿနာများ အခမဲ့စစ်ဆေးပေး

မင်းတပ် မေ ၁

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ အနောက်ရပ်ကွက်ရှိ ပရိယတ္တိ၊ ပဋိပတ္တိ တောင်ပုလုကျောင်းတိုက်ခွဲ၌ ဧပြီလ နောက်ဆုံးပတ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာစိုးလွင်မြင့်မြင့်၊ ဆေးတက္ကသိုလ်(၂) ဆီးချိုနှင့် ဟော်မုန်းရောဂါ အထူးကုဌာနမှ ပါမောက္ခဒေါက်တာကိုကို ဦးဆောင်သော အထူးကုသမားတော်ကြီးများ၊ မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်း ဦးဆောင်သောအဖွဲ့နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူအေး ဦးဆောင်သောအဖွဲ့တို့က ဒေသခံပြည်သူများအား မကူးစက်နိုင်သော ရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲနှင့် ပူးပေါင်း၍ ဆီးချိုသွေးချိုရောဂါနှင့် နောက်ဆက်တွဲခြေထောက်ပြဿနာများအကြောင်း ရှင်းလင်းပြောကြားသည်။

မင်းတပ်၌ ဆီးချိုသွေးချိုရောဂါဝေဒနာရှင်များအား ကုသပေးနေစဉ်။

အဆိုပါအဖွဲ့က လူနာများအား ရောဂါ ရှိမရှိသွေးဖောက်စစ်ဆေးပေးခြင်း၊ ရောဂါရှိသည့် လူနာများအားသောက်ဆေးများပေးခြင်းနှင့် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆီးချိုသွေးချိုအကြောင်း သိကောင်းစရာများနှင့် ဆောင်ရန် ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

"တောင်ပေါ်ဒေသမှာ အခုလိုမျိုး လာရောက်ပြီး အခမဲ့ကုသမှုတွေ လုပ်ပေးတာ အလွန်ကောင်းပါတယ်။ ဆီးချိုသွေးချိုရောဂါနဲ့ နောက်ဆက်တွဲခြေထောက်ပြဿနာအကြောင်း သိကောင်းစရာတွေလည်း ပိုသိလာတယ်။ နောက်ဆို ပိုဆင်ခြင်လို့လည်း ရသွားပြီ။ တကယ်ဖြစ်ပြီဆိုရင် ဆေးရုံကြီးတွေအထိသွားပြီး ကုဖို့က မလွယ်ဘူး။ တတ်လည်းမတတ်နိုင်ဘူး။ အခုလိုမျိုး နှစ်တိုင်းလာပြီး ကုသပေးရင်တော့ ပိုကောင်းတာပေါ့။ လာပြီးမကုသနိုင်တဲ့သူတွေကိုလည်း လက်ဆင့်ကမ်းပြောပြပါမယ်။ အခမဲ့ လာရောက်ကုသပေးတဲ့ ဆရာဝန်ကြီးတွေနဲ့ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်"ဟု လာရောက်ကုသသည့် လူနာတစ်ဦးကပြောသည်။

ဆီးချိုသွေးချိုနှင့် နောက်ဆက်တွဲ ခြေထောက်ပြဿနာများ စစ်ဆေးကုသပေးမှုတွင် မင်းတပ်မြို့ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြပြီး လာရောက်ကုသကြသူ စုစုပေါင်း ၅၀၀ ခန့်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မိုးလေဝသနှင့် ဇလဗေဒစခန်းများကို အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်

မုံရွာ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် မူးမြစ်၊ မြစ်သာမြစ်တို့ရှိ ဇလဗေဒစခန်းများကို Staff Gauge ဖြင့် တိုင်းတာနိုင်သော စခန်းများအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (ဇလဗေဒဌာနခွဲ) နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထွန်းဦးထံမှ သိရသည်။

"ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ မြစ်သာမြစ်နဲ့ မူးမြစ်အတွင်းမှာရှိတဲ့ နေရာအားလုံးနီးပါးကို တပ်ဆင်ပြီးသွားပြီ။ တစ်ခုနှစ်ခုလောက်ပဲ ကျန်တော့တယ်။ မေလလယ်လောက်ဆိုရင်တော့ အားလုံးပြီးစီးမှာပါ။ Staff Gauge နဲ့ တိုင်းတာစနစ်တွေ တပ်ဆင်ပြီးသွားရင်တော့ မြစ်ရေအမှတ်တွေကို ဌာနက ဝန်ထမ်းတွေပြောမှ သိမှာထက် ကိုယ်ကိုယ်တိုင်လည်း သွားပြီးတော့ အလွယ်တကူ ကြည့်နိုင်မှာဖြစ်တဲ့အတွက် ရေဘေးကာကွယ်ရေး၊ ရွှေ့ပြောင်းရေးလုပ်ငန်းတွေမှာ ပိုမိုထိရောက်မှုရှိနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

Staff Gauge ဖြင့် တိုင်းတာသည့်စနစ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ခန္တီး၊ ကောင်းဟိန်၊ ထမံသီ၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ တွန်းဇံ၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းတို့တွင်လည်းကောင်း၊ ဧရာဝတီမြစ်အတွင်းရှိ ကသာ၊ ထီးချိုင့်၊ စစ်ကိုင်းနှင့် မြင်းမူမြို့တို့တွင်လည်းကောင်း၊ မူးမြစ်အတွင်း ပင်လည်ဘူးမြို့တွင်လည်းကောင်း၊ မြစ်သာမြစ်အတွင်း သစ်ချောက်ကျေးရွာနှင့် ပြင်သာကျေးရွာတို့တွင်လည်းကောင်း တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

မော်လမြိုင်ကျွန်းတွင် ကမ်းထိန်းလုပ်ငန်းဆောင်ရွက်

မော်လမြိုင်ကျွန်း မေ ၁

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ မော်လမြိုင်ကျွန်းမြို့နယ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းပြီး မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်း ကမ်းပြိုရေတိုက်စားခဲ့သော အနောက်ထုံးလှဲချောင်းမြစ် ဗိုလ်ချုပ်ဈေးယမုန်နာ ကမ်းနားတစ်လျှောက် ကမ်းထိန်းလုပ်ငန်းဖြစ်သော ကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိရာ ယမန်နေ့က ကမ်းထိန်းလုပ်ငန်းခွင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကမ်းထိန်းခြင်းလုပ်ငန်းကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေဖြင့် အရှည်ပေ ၁၅၀၀ အထိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်ပေးသွားမည်ဖြစ်သည်။ **မော်ကျွန်းမြင့်အောင်**

မုန်တိုင်းဘေး အသိပညာပေး

မုန်တိုင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။

၂။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၃။ မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)

၄။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ လေလုံပီတ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊သစ်တုံး ကားတာယာကျွတ် အစရှိသည့် .....

မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။

၂။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၃။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ကျေးရွာ၊မြို့၊ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီးမိသားစုဝင်တိုင်း ယူဆောင်ထားပါ။

၄။ မုန်တိုင်းဒီရေကို အထူးဂရုပြုပါ။

၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။

၂။ မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း မကြာမီ အချိန်အတွင်း ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့် လေများ တိုက်ခတ်လာနိုင်သည်ကို သတိပြုပါ။

၃။ မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာအစိုးရဌာနမှ သတင်းထုတ်ပြန်သည်အထိ ဘေးကင်းလုံခြုံသောနေရာတွင် နေထိုင်ပါ။

မိုက်ခရိုဆော့ဖ် အထူးကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲအတွက် နိုင်ငံအဆင့်ပြိုင်ပွဲများ ကျင်းပနေ

ရန်ကုန် မေ ၁
အမေရိကန်နိုင်ငံရှိ Certiport အဖွဲ့အစည်းမှ ကြီးမှူးကျင်းပသော မိုက်ခရိုဆော့ဖ် အထူးကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ (Microsoft Office Specialist World Championship Competition 2019-MOSWC)တွင် မြန်မာနိုင်ငံမှ ကျောင်းသားများ ပထမဆုံးအကြိမ်အဖြစ် သွားရောက် ယှဉ်ပြိုင်မည်ဖြစ်ရာ ထိုပြိုင်ပွဲအတွက် ပြည်တွင်း ဒုတိယအဆင့်ဖြစ်သော နိုင်ငံတကာအဆင့် ဆီမီးဖိုင်နယ်ပြိုင်ပွဲကို ဧပြီ ၂၉ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်(လှိုင်)၌ ကျင်းပခဲ့သည်။

MOSWC ပြိုင်ပွဲ

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သော ထိုပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနနှင့် IIG Education Myanmar တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဆက်သွယ်ရေး အော်ပရေတာ မိုင်တဲလ်က အဓိကကူညီ ထောက်ပံ့ပေးကာ MOSWC ပြိုင်ပွဲကို နိုင်ငံတော်အဆင့်နှင့် ကမ္ဘာ့ချန်ပီယံအဆင့်အဖြစ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ ကျင်းပခြင်းဖြစ်သည်။

ပြည်တွင်းအဆင့် ပြိုင်ပွဲသုံးဆင့်အဖြစ် ကျောင်းတွင်းပြိုင်ပွဲ ပထမအဆင့်၊ နိုင်ငံတော်အဆင့် ဆီမီးဖိုင်နယ်ပြိုင်ပွဲ ဒုတိယအဆင့်နှင့် နိုင်ငံတော်အဆင့် တတိယအဆင့်ဖိုင်နယ်ပြိုင်ပွဲတို့ကို ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်က တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းပေါင်း ၉၄ ကျောင်းမှ အသက် ၁၃ နှစ်မှ ၂၂ နှစ်ကြား ကျောင်းသားကျောင်းသူ ၁၁၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ယင်းနေ့ ဒုတိယအဆင့်တွင် ကျောင်းသား ကျောင်းသူ ၆၇၄ ဦးတို့က ဧပြီ ၂၉ ရက်နှင့် ၃၀ ရက် နှစ်ရက်တာ ဖြေဆိုလျက်ရှိသည်။

တတိယအဆင့် ပြည်တွင်းဖိုင်နယ်ပြိုင်ပွဲကို မေ ၂၄ ရက်တွင် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(လှိုင်)၌ပင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါ ပြည်တွင်းဖိုင်နယ်ပြိုင်ပွဲတွင် မိုက်ခရိုဆော့ဖ် တစ်ဘာသာချင်းအလိုက် ယှဉ်ပြိုင်ကာ ရမှတ်အများဆုံးရရှိသူသုံးဦးကို ရွေးချယ်ပြီးနောက် ၎င်းလူငယ်သုံးဦးသည် မြန်မာနိုင်ငံ၏ MOS ကိုယ်စားလှယ်လောင်းအဖြစ် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် နိုင်ငံတကာမှ ယှဉ်ပြိုင်သူများနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ၏အကျိုးကျေးဇူး

ယခုလို မိုက်ခရိုဆော့ဖ် အထူးကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ 2019(MOSWC)တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် ပြိုင်ပွဲဝင်များသည် Microsoft office ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုလာနိုင်ပြီး အရည်အသွေးတိုးတက်လာခြင်း၊ လူငယ်များအတွက် အနာဂတ် အလုပ်အကိုင်အခွင့်အလမ်းများ ကြိုတင်ပြင်ဆင်ပြီးဖြစ်ခြင်း၊ နိုင်ငံတကာအဆင့် အိုင်တီနည်းပညာနှင့် အတတ်ပညာများရရှိနိုင်ခြင်း၊ နိုင်ငံတကာအဆင့် အိုင်တီပြိုင်ပွဲများ ယှဉ်ပြိုင်မှုမှ အတွေ့အကြုံကောင်းများရရှိခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု မိုက်ခရိုဆော့ဖ်အောင်လက်မှတ် ရရှိနိုင်ခြင်း၊ အိုင်တီနည်းပညာများကို အမိနိုင်ငံတွင် ပြန်လည်မျှဝေနိုင်ခြင်းနှင့် နိုင်ငံပေါင်းစုံမှ လူငယ်လူရွယ်များနှင့် သိကျွမ်းခြင်းနှင့်အတူ နည်းပညာဗဟုသုတများ ဖလှယ်နိုင်ခြင်း စသောအကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

ဆုများချီးမြှင့်မည်

ယခုကျင်းပနေသော ဒုတိယအဆင့် ဆီမီးဖိုင်နယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များသည် Microsoft Office ဆော့ဖ်ဝဲများဖြစ်သော Word, Excel နှင့် Powerpoint တို့မှ ၎င်းတို့ ရွေးချယ်ထားသော ဘာသာရပ်အလိုက် 2013 Version ဖြင့် ဖြေဆိုကြရပြီး ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူ ၂၀ စီဖြင့် စုစုပေါင်း ၆၀ ကို တတိယအဆင့်(နိုင်ငံတော်အဆင့်) ပြည်တွင်းဖိုင်နယ်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်စေ၍ ဘာသာရပ် အလိုက် ထူးချွန်ကျောင်းသားများအား IIG Education Myanmar က ပထမဆုအဖြစ် အမေရိကန်နိုင်ငံတွင်ယှဉ်ပြိုင်မည့် ကမ္ဘာ့အဆင့်ပြိုင်ပွဲခရီးစဉ်နှင့် ဒေါ်လာ ၃၄၀၀ ခန့်တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ၊ ဒုတိယဆု ဒေါ်လာ ၄၀၀ ခန့်တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများနှင့် တတိယဆု ဒေါ်လာ ၂၀၀ ခန့် တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ၊ နှစ်သိမ့်ဆု သုံးဆုအတွက် ဒေါ်လာ ၈၀ ခန့်တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

တတိယအဆင့်(နိုင်ငံတော်အဆင့်) ပြည်တွင်းဖိုင်နယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူများ၏ကျောင်းများ(အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများ) ကိုလည်း IIG Education Myanmar အဖွဲ့က ဆုချီးမြှင့်မည်ဖြစ်ကာ ပထမဆုရရှိသော ကျောင်းသား ကျောင်းသူများ၏ ကျောင်းနှင့် ကျောင်းသားအများဆုံး ဝင်ရောက်ယှဉ်ပြိုင်သော ကျောင်းတို့ကို ဒေါ်လာ ၂၀၀ ခန့်စီတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ ချီးမြှင့်မည် ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းဖိုင်နယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်အားလုံးကို အမှတ်တရလက်ဆောင်များနှင့် ပြည်တွင်း ဖိုင်နယ်ပြိုင်ပွဲတွင် ဖြေဆိုအောင်မြင်သည့် ပြိုင်ပွဲဝင်များအနက် ရမှတ် ၇၀၀ အထက်ရရှိသူများအား နိုင်ငံတကာအသိအမှတ်ပြု Microsoft အောင်လက်မှတ်များကို ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ချန်ပီယံပြိုင်ပွဲမှဆုများ

နိုင်ငံတော်အဆင့် ပြည်တွင်းဖိုင်နယ်ပွဲမှ တစ်ဘာသာချင်းအလိုက် အမှတ်အများဆုံးရရှိသူ သုံးဦးသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပမည့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲသို့လည်း ဇူလိုင် ၂၈ ရက်မှ ၃၁ ရက်အထိ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ထိုပြိုင်ပွဲတွင် ဆုရရှိသူသုံးဦးသည် အမေရိကန်နိုင်ငံ Certiport အဖွဲ့အစည်းမှ ချီးမြှင့်မည့်ဆုများကို ရရှိမည်ဖြစ်ကြောင်း၊ Microsoft Word, Excel နှင့် Powerpoint ဘာသာရပ်အလိုက် ဆုများမှာ ပထမဆု အမေရိကန်ဒေါ်လာ ၇၀၀၀၊ ဒုတိယ ဆု ၃၅၀၀၊ တတိယဆု ၁၅၀၀ ဖြစ်ကြောင်း သိရသည်။

သန်းထိုက်

မြန်မာ ဥပဒေကျောင်းသားကျောင်းသူများ ညီလာခံနှင့် သရုပ်ပြတရားခွင်ပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် မေ ၁
တတိယအကြိမ်မြောက် မြန်မာဥပဒေကျောင်းသားကျောင်းသူများ ညီလာခံနှင့် သရုပ်ပြ တရားခွင်ပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဧပြီ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိရာ တစ်နိုင်ငံလုံးမှ ဥပဒေကျောင်းသားများ တက်ရောက်လေ့လာ ယှဉ်ပြိုင်လျက်ရှိသည်။

ဥပဒေကျောင်းသားကျောင်းသူများ ညီလာခံ ကျင်းပနေစဉ်။

တတိယအကြိမ်မြောက် မြန်မာဥပဒေကျောင်းသား ကျောင်းသူများ ညီလာခံသို့ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မန္တလေး၊ မုံရွာ၊ ပခုက္ကူ၊ စစ်တွေ၊ မော်လမြိုင်၊ ပုသိမ်၊ ရတနာပုံ၊ တောင်ငူ၊ မြစ်ကြီးနား၊ ဘားအံ၊ မကွေးတက္ကသိုလ်များနှင့် အဝေးသင်တက္ကသိုလ် စသည့်ကျောင်းပေါင်း ၁၆ ကျောင်းမှ ကျောင်းသားကျောင်းသူ ၂၀၀ ကျော် တက်ရောက်ကြပြီး သရုပ်ပြ တရားခွင်ပြိုင်ပွဲတွင်လည်း အဆိုပါ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများက အသင်းတစ်သင်းလျှင် ငါးဦးနှုန်းဖြင့် အသင်းပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ညီလာခံကို အာရှဥပဒေကျောင်းသား ကျောင်းသူများ အသင်း(မြန်မာ)က ကြီးမှူး၍ ဥပဒေပညာနယ်ပယ်မှ ကျွမ်းကျင်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ဥပဒေကျောင်းသား ကျောင်းသူများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုပိုမိုရရှိလာစေရန်၊ ပညာရေးဆိုင်ရာ ကဏ္ဍများပိုမိုကောင်းမွန်လာစေရန်၊ တစ်ဦးနှင့်တစ်ဦး အတွေးအမြင်များ ဆွေးနွေးဖလှယ်နိုင်ရန်၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် နှီးနှောဖလှယ်ပွဲများတွင် ပူးပေါင်းဆွေးနွေးနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံမှ ဥပဒေကျောင်းသားများအနေဖြင့် တရားရုံးများ၊ အနုညာတခုံရုံးများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေ ရန်၊ ရှေ့နေရှေ့ရပ်ပညာရပ်များဖြစ်သည့် အပြောစွမ်းရည်၊ အရေးစွမ်းရည်နှင့် သုတေသနစွမ်းရည်များ တိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် မြန်မာဥပဒေကျောင်းသားကျောင်းသူများ ညီလာခံနှင့်အတူ သရုပ်ပြတရားခွင်ပြိုင်ပွဲကိုလည်း ပူးတွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြတရားခွင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များသည် ဖန်တီးထားသော ရာဇဝတ်မှုအခြေခံ အမှုတစ်ခုအပေါ်တွင် အမှုစစ်ဆေးတင်ပြရပြီး ထိုအမှုပေါ်တွင် ကျေညက်မှု၊ အမှုစစ်ဆေးရာတွင် ကျွမ်းကျင်မှု၊ ဥပဒေကို ကျေညက်စွာ အသုံးချနိုင်မှုတို့အပေါ် မူတည်၍ အမှတ်ပေးသွားခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အဖွဲ့ ၁၈ ဖွဲ့သည် ပွဲစဉ် နှစ်ခုစီဖြင့် အသီးသီး ယှဉ်ပြိုင်ကြရပြီး အမှတ်အများဆုံးရရှိသော အဖွဲ့(၄)ဖွဲ့သည် ဧပြီ ၃၀ ရက်တွင် နောက်ဆုံးအဆင့်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဥပဒေ ကျောင်းသားကျောင်းသူများ ညီလာခံနှင့် သရုပ်ပြတရာ ခွင်ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် Thanlwin Legal Law Firm ၊ Luther Law Firm နှင့် Edulink တို့က လိုအပ်သည်များ ကူညီပံ့ပိုးခဲ့သလို ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂကလည်း အားဖြည့်ကူညီခဲ့ကြောင်း သိရသည်။ **၁၆၄ ၊ ဓာတ်ပုံ -သန်းစိုး**

ခရိုင်အဆင့် စကောကရင်စာပေ(Grade One)သင်ရိုးသစ်သင်တန်း ဖွင့်လှစ်ပို့ချ

မင်းလှ မေ ၁
ကရင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ကရင်စကားများကို ကျွမ်းကျင်စွာ ပြောဆိုတတ်စေရန်နှင့် သင်ကြားနည်းစနစ်များ ပိုမိုအဆင်ပြေစေရန် ရည်ရွယ်ပြီး ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့ဦးဘုန်းတော်ကြီးကျောင်း၌ ခရိုင်ကိုယ်စားပြု စကောကရင်စာပေ (Grade One) သင်ရိုးသစ်သင်တန်းကို ဧပြီ ၃၀ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယကဆရာတော်က လူမျိုးတိုင်း စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းကြရန်လိုကြောင်း ဩဝါဒချီးမြှင့်ပြီး ခရိုင်ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ စောသောင်းကြီးက ကရင် စာသင်ပေးနေကြသည့် ဆရာ ဆရာမများအား ကျေးဇူးတင် ကြောင်းနှင့် အားပေးစကား ပြောကြားသည်။

ထို့နောက် မင်းလှမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဆရာစောထူးဝေက သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအနေဖြင့် မိမိတို့မြို့နယ်တွင် အောင်မြင်စွာ ပြန်လည်ပို့ချနိုင်ရန် အတွက် သင်ရိုးသစ်သင်ခန်းစာများကို ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သာယာဝတီခရိုင်ရှိ မြို့နယ်ရှစ်ခုအတွင်းမှ စကောကရင်စာပေ သင်ကြားနေသော ဆရာ ဆရာမ ၃၆ ဦး တက်ရောက်ကြပြီး Grade One သင်ရိုးသစ် သင်ခန်းစာတွင်ပါဝင်သော သင်ကြားနည်းအသစ်များကို နည်းပြဆရာမနှစ်ဦးက နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကာ သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရ သည်။ **ပေါက်စ (မင်းလှ)**

မြို့နယ်များ၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး

တောင်တွင်းကြီး

ရာသီဥတုပူပြင်းနေချိန်တွင် ပြည်သူများ အပူဒဏ်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးပိုစတာများကို တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ အသိပေးဘုတ်၌ ဧပြီ ၂၉ ရက်က ကပ်ထား၍ ပြည်သူများအား ပြသအသိပညာပေးထားသလို ဧပြီ ၂၈ ရက်ကလည်း တောင်တွင်းကြီးမြို့အတွင်း လူစည်ကားသည့်နေရာများဖြစ်သော မြို့မဈေး၊ ကားဂိတ်၊ ဘူတာရုံနှင့် မြို့ပေါ်ရပ်ကွက် ၁၀ ခုအတွင်း လှည့်လည်ကာ သတိပေးနှိုးဆော်မှုများ ပြုလုပ်ခဲ့ပြီး ဓာတ်ဆားထုပ်များလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

တွံတေး

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အတွင်းရှိ ပြည်သူအများ အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာဗဟုသုတ များ ရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရှိ အသိပေးဘုတ်တွင် အပူဒဏ်အန္တရာယ်အကြောင်း ပညာပေးပိုစတာများကို ဧပြီ ၃၀ မှစ၍ ပြသထားလျက်ရှိသည်။

ယခုနှစ် ဧပြီလအတွင်း အပူချိန်မြင့်တက်လာသည့်အခြေအနေများ၊ သက်ကြီးရွယ်အိုများ၊ ကလေးများ အပါအဝင် ပြည်သူအားလုံး အပူဒဏ်ကြောင့် အန္တရာယ် မဖြစ်ပွားစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားသော အပူအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များ၊ ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပညာပေးဗီနိုင်းများ၊ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးဗီနိုင်းများကို ပြသထားခြင်း ဖြစ်သည်။ **မျိုးလှိုင် (တွံတေး)**

ဇီးကုန်း

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၉ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်နိုင်ဦးက အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သည့် ရောဂါဖြစ်စဉ်နှင့် ရောဂါလက္ခဏာများ၊ သတိပြုဆင်ခြင်ရမည့်အချက်များ၊ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အပူဒဏ်ခံစားနေရသောလူနာအား ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ကုသပုံနည်းစနစ်များ၊ မဖြစ်မနေ အပြင်သို့သွားရလျှင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပြည်ကြီးတံခွန်

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနကြီးမှူး၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို မန္တလေး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ရှိ ပြည်ကြီးမာန်အောင်ဓမ္မာရုံ၌ ဧပြီ ၂၉ ရက်က ကျင်းပသည်။ ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနှင်းနွယ်နီအေးက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းတို့အတွက် အရေးပေါ်ရှေးဦးပြုစုခြင်း စသည့်သိကောင်းစရာများကို အသိပညာပေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြပြီး လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

သန်းဇော်မင်း (ပြန်/ဆက်)

ကွမ်းပင်ထွက်ပစ္စည်းများဖြင့်ထုတ်လုပ်သည့် တစ်ခါသုံး လူသုံးကုန်များကို ဈေးကွက်၌ လူကြိုက်များလာ

မန္တလေး မေ ၁

သဘာ၀ကွမ်းပင်မှထွက်ရှိလာသည့် ကွမ်းအလက်များဖြင့် ထုတ်လုပ်ထားသော ပန်းကန်ပြား၊ ပန်းကန်လုံး၊ လင်ပန်း၊ ဇလုံ စသည့် တစ်ခါသုံး လူသုံးကုန်ပစ္စည်းများကို ပြည်တွင်းရှိ မြို့ကြီးများမှ ဈေးကွက်များအတွင်း ကြိုက်နှစ်သက်စွာ ၀ယ်ယူသုံးစွဲသူ များပြားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သူ မန္တလေးမြို့မှ ဦးကျော်မိုးက ပြည်သူများအနေဖြင့် ဓာတုကင်းစင်၍ အဆိပ်အတောက်မပါသော လူသုံးကုန်ပစ္စည်းများကို သုံးစွဲခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်ကာ သဘာ၀ပတ်၀န်းကျင်ကိုလည်း ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်လျက် ကွမ်းပင်မှထွက်သည့် သဘာ၀ပစ္စည်းများဖြင့် လူသုံးကုန်များ ထုတ်လုပ်ခြင်းကို ၂၀၁၆ ခုနှစ်ကတည်းက စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဈေးကွက်သို့ စတင်ဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

"တစ်ခါသုံးပစ္စည်းတွေကြောင့် ပြည်သူတွေ ရောဂါအန္တရာယ်တွေ ခံစားနေရတာ များနေတယ်၊ ဒါ့အပြင် ဖော့ဘူးတွေ၊ ပလတ်စတစ်တွေကြောင့် သဘာ၀ပတ်၀န်းကျင်ကို ထိခိုက်မှုတွေ ရှိတယ်၊ ဒါကြောင့် ကွမ်းပင်က ကြွေကျလာတဲ့ ဓာတုကင်းစင်တဲ့ ကွမ်းအလက်ကနေ လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်ပြီး ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ သဘာ၀ပတ်၀န်းကျင်ကို ထိခိုက်မှုမရှိစေဖို့ ရည်ရွယ်ပြီး အခုလို ထုတ်လုပ်ဖြန့်ချိတာဖြစ်ပါတယ်၊ ကျွန်တော်ရဲ့ပစ္စည်းတွေက ၁၄၀ ဒီဂရီစင်တီဂရိတ်အထိ အပူဒဏ်ခံနိုင်ပြီး တစ်ကြိမ်မက ၁၀ ကြိမ်အထိ အသုံးခံနိုင်တဲ့အပြင် အသုံးပြုပြီးလို့ စွန့်ပစ်လိုက်ရင်လည်း သုံးရက်လောက်နဲ့ မြေဩဇာ ပြန်ဖြစ်သွားတယ်၊ လက်ရှိ ပြည်တွင်းဈေးကွက်မှာ ထုတ်လုပ်နိုင်မှုထက် ၀ယ်လိုအားက ပိုများနေပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ကွမ်းပင်မှထွက်ရှိသည့် ကွမ်းအလက်များမှ ပန်းကန်ပြား၊ ပန်းကန်လုံး၊ ဇွန်း၊ လင်ဗန်းနှင့် ဇလုံ စသည်တို့အပါအ၀င် တစ်ခါသုံး လူသုံးကုန်ပစ္စည်း အမျိုးအစားပေါင်း ၁၆ မျိုးတို့ကို ထုတ်လုပ်ရောင်းချလျက်ရှိပြီး ပန်းကန်ပြားတစ်ချပ်လျှင် ၁၀၀ ကျပ်နှုန်း၊ ဇွန်းတစ်ချောင်းလျှင် ၁၅ ကျပ်နှုန်းဖြင့် ပြည်တွင်းဈေးကွက်အတွင်း ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

ပြည်ပဈေးကွက်အနေဖြင့် စင်ကာပူနိုင်ငံသို့လည်း တင်ပို့ရောင်းချနေကြောင်းနှင့် အဆိုပါ တစ်ခါသုံး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုအတွက် သက်ဆိုင်ရာ၀န်ကြီးဌာန၏ ဓာတုကင်းစင်ကြောင်း ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ပြုလုပ်ထားပြီးဖြစ်ကြောင်း ဦးကျော်မိုး၏ ပြောကြားချက်အရ သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

ကွမ်းပင်မှထွက်သည့်ပစ္စည်းများဖြင့် ထုတ်လုပ်ထားသော လူသုံးကုန်ပစ္စည်းများ

ကွင်းဆင်းစစ်ဆေးပြီးသော သရက်ခြံ ၁၆ ခြံကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည်

မန္တလေး မေ ၁

ယခုနှစ်တွင် ကွင်းဆင်းစစ်ဆေးပြီးသော မန္တလေးတိုင်းဒေသကြီးအတွင်းမှ သရက်ခြံ ၁၆ ခြံကို GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန(မန္တလေး)မှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်လွင်လွင်ထွန်း၏ ပြောကြားချက်အရ သိရသည်။

သီးနှံများကို ဈေးကွက်အတွင်းသို့ အရည်အသွေးပြည့်မီစွာ ရောင်းချနိုင်ရေးနှင့် ပြည်ပနိုင်ငံများသို့ စံချိန်စံညွှန်းမီ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအား GAP လက်မှတ် ထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်း၍ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ယခုနှစ်အတွင်း ကော်ဖီခြံ ၁၅ ခြံနှင့် စတော်ဘယ်ရီခြံ ရှစ်ခြံတို့ကို စစ်ဆေး၍ GAP လက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကာ ဆက်လက်ထုတ်ပေးရန် သရက်ခြံ ၁၆ ခြံကိုလည်း ကွင်းဆင်းစစ်ဆေးထားပြီးဖြစ်၍ လက်မှတ်များ ထုတ်ပေးသွားတော့မည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးသီးနှံတွေ ထုတ်လုပ်နေတဲ့ တောင်သူတွေကို အရည်အသွေးမီ သီးနှံတွေ ပြည်ပဈေးကွက် တင်ပို့နိုင်ဖို့အတွက် GAP လက်မှတ်တွေ ထုတ်ပေးနေပါတယ်၊ ဒီလက်မှတ်ပေးဖို့ သီးနှံ ၁၅ မျိုး သတ်မှတ်ထားသော်လည်း အဲဒါတွေအပြင် ကျန်တဲ့သီးနှံတွေကိုပါ ပေးသွားမှာပါ၊ လက်ရှိ GAP လက်မှတ် ထုတ်ပေးပြီးသား သီးနှံတွေကတော့ သရက်၊ ကော်ဖီ၊ နှမ်းနဲ့ ပဲတီစိမ်း စတဲ့ သီးနှံတွေ ဖြစ်ပါတယ်၊ ဒီနှစ်ထဲမှာလည်း လာရောက်လျှောက်ထားတဲ့အတွက် ကော်ဖီ၊ စတော်ဘယ်ရီနဲ့ သရက်တွေကို ထပ်မံပြီး GAP လက်မှတ် ပေးသွားမှာပါ၊ နောက်ထပ်ပေးဖို့ရည်ရွယ်ထားတာကတော့ ခါကျက်ဥ သီးနှံကိုလည်း GAP လက်မှတ်ပေးသွားဖို့ စီစဉ်ဆောင်ရွက်မှုတွေရှိနေပါတယ်၊ ကွင်းဆင်းစစ်ဆေးပြီးတော့ ပေးသွားမှာပါ၊ ခုချိန်မှာ GAP လက်မှတ်ပေးဖို့အတွက်ကို စည်းရုံးပြီးတော့ သွားနေရပါတယ်၊ နောင်ဆိုရင်တော့ တောင်သူတွေကိုယ်တိုင် လိုလိုလားလားနဲ့ လာရောက်ပြီးတော့ လျှောက်ထားစေချင်ပါတယ်"ဟု ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။

တောင်သူများအနေဖြင့် GAP သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး သုံးစွဲမှုအတွက် တရား၀င်ခွင့်ပြုပြီး ထောက်ခံချက်ရှိသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကိုသာ သင့်တင့်မျှတစွာ သုံးစွဲ၍ စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်က မန္တလေးတိုင်းဒေသကြီးအတွင်း GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့မှုမှာ မြို့နယ် ၁၁ မြို့နယ်တွင် သရက်ခြံ ၁၅ ခြံ၊ မြို့နယ်တစ်ခုတွင် ကော်ဖီခြံ ခြောက်ခြံ၊ မြို့နယ်လေးခုတွင် နှမ်းစိုက်သူ ၂၁ ဦးနှင့် မြို့နယ်နှစ်ခုမှ ပဲတီစိမ်းစိုက်သူ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

အောင်ဖြိုးကျော်

ဝါမျိုးသန့်မျိုးစေ့ ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ချည်အရည်အသွေးတိုင်းတာခြင်း သင်တန်းဖွင့်

နေပြည်တော် မေ ၁

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် စက်မှုကုန်ကြမ်းသီးနှံများ အရည်သွေးမြင့်မားရေးနှင့် အထွက်နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ဝါသီးနှံ မျိုးသန့်မျိုးစေ့များ ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ဂွမ်းမွေးနှင့် ချည်အရည်အသွေးတိုင်းတာခြင်း နည်းပညာပေးသင်တန်းတစ်ခုကို ဧပြီ ၂၉ ရက်က တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်မည့် ဝါစိုက်တောင်သူများ တက်ရောက်ကြပြီး ဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး၏ စက်မှုကုန်ကြမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်ရေးနှင့် နည်းပညာကိုအခြေခံသော အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရှိန်က ဝါစိုက်တောင်သူများ၏ မျိုးစေ့လိုအပ်ချက်များနှင့် ထိုလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဝါအထွက်နှုန်း တိုးတက်မြင့်မားရေးနှင့် စက်ရုံအလုပ်ရုံများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက အထောက်အကူပြုနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ဒေသတွင်းမှ ဝါစိုက်တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ၆၀ ခန့် တက်ရောက်လေ့လာကြပြီး စိုက်ပျိုးရေးပညာရှင်များက ဝါမျိုးသန့်မျိုးစေ့များ ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ဂွမ်းမွေးနှင့် ချည်အရည်အသွေး တိုင်းတာခြင်းဆိုင်ရာ နည်းပညာများကို ဆွေးနွေးပို့ချခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါစိုက်ဧက ၈၀၀၀၀ ခန့်ရှိပြီး ရွှေတောင်-၈ နှင့် ရွှေတောင်-၉ မျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းနှင့်ညီပြီး အရည်အသွေးပြည့်ဝသည့် သီးနှံထွက်ကုန်များ ဖြစ်စေရေးအတွက် ပြောင်းလဲတိုးတက်လာသည့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပိုင်းဆိုင်ရာများကို စိုက်ပျိုးရေးပညာရှင်များသာမက တောင်သူလယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များပါ သိရှိနားလည်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်သူ့ဆက်ဆံရေးဌာနစိတ် တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

သိမ့်သိမ့်မိုး

ကတိုက်ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရေး အောင်မြင်လာသော မွန်ပြည်နယ်

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကတိုက်ရွာအနီးရှိ ကတိုက်ရေလှောင်တမံမှာ အလျား ပေ ၅၂၀၀၊ အမြင့် ၁၃၄ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၅၄၀၀၀ နှင့် အကျိုးပြုစီမံကိန်း စိစစ်ပြီး ရေယာ ဧက ၁၀၀၀၀ ရှိသော ရေလှောင်တမံဖြစ်သည်။

စိစစ်ရေယာမှာ ဧက ၁၀၀၀၀ သာရှိသော်လည်း ပြည်နယ်အစိုးရ၏ လမ်းညွှန်မှု၊ ဆည်မြောင်းဝန်ထမ်း အဆင့်ဆင့်၏ ကြိုးပမ်းအားထုတ်မှုနှင့် ဒေသတွင်းမှ တောင်သူလယ်သမားများ၏ စိတ်အားထက်သန်မှုတို့ကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ် မူလစိစစ်ပြီး ရေယာ၏ နှစ်ဆခန့်အထိ ယခုနှစ်တွင် တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ကြောင်း သိရသည်။

ထိုအခြေအနေ ရရှိစေရေးအတွက် နွေစပါးရာသီမတိုင်မီ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်းလည်း သက်ဆိုင်ရာဌာနများမှ သိရသည်။

ကတိုက်တမံတွင် ရေပိုမိုသိုလှောင်နိုင်ရန်အတွက် မိုးရာသီအကုန် နိုဝင်ဘာလဆန်းပိုင်းက ရေပိုလွှဲပေါက်၌ သဲအိတ်ဆင့်စီခြင်းလုပ်ငန်း၊ ရေပေးတူးမြောင်းများ ပြင်ဆင်ခြင်းလုပ်ငန်း၊ ရေလှောင်တမံအောက်ဘက်ရှိ ရင်းငြိမ် ရေထိန်းတံခါး၊ End Structure များ၊ ယာယီချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများကို နိုဝင်ဘာလလယ် နောက်ဆုံးထား၍ အပြီး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြရကြောင်း သိရသည်။

မွန်ပြည်နယ်သည် နှစ်စဉ် မိုးရေချိန်လက်မများစွာ ရွာသွန်းသဖြင့် ကတိုက်ဆည်၏ ရေသောက်ရေယာအတွင်းရှိ လယ်ယာမြေများမှာ အစိုဓာတ် ထိန်းသိမ်းမှုကောင်းမွန်ခြင်း၊ တောင်သူများအနေဖြင့် သက်တမ်းတို မျိုးစပါးများကို အသုံးပြု စိုက်ပျိုးလာကြခြင်းနှင့် ရေကို လိုအပ်သမျှသာ ချွေတာသုံးစွဲကြခြင်း စသည့် အခြေအနေအရပ်ရပ်ကြောင့်လည်း ယခုကဲ့သို့ မူလသတ်မှတ်ရေယာထက် ပိုမို စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် နွေစပါး စိုက်ပျိုးရာသီ မစတင်မီအချိန်ကပင် လွှတ်တော်၊ အုပ်ချုပ်ရေးဌာန၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမားများ ကြိုတင်တွေ့ဆုံကာ ရေတို၊ ရေရှည် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းကြပြီး နွေစပါးအတွက် နိုဝင်ဘာလကုန် ဒီဇင်ဘာလဆန်းမှစ၍ ရေစတင်ပေးဝေ စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့် စိုက်ပျိုးအောင်မြင်၍ ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ ယခုနှစ် နွေစပါးစိုက်ပျိုးရာတွင် မိုးစပါးထက် နှစ်ဆခန့် ပိုထွက်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်သဖြင့် ဒေသခံတောင်သူများအနေဖြင့် နွေစပါးကို အားသွန်ခွန်စိုက် စိုက်ပျိုးနေကြကြောင်း ဖြူဘကျေးရွာမှ လယ်သမား ဦးစိုးသန်းက ပြောသည်။

ပေါင်မြို့နယ်အတွင်း ကတိုက်ဆည်ရေဖြင့်စိုက်ပျိုးခဲ့သော နွေစပါးများကို အောင်မြင်စွာ ရိတ်သိမ်းနေစဉ် ။ ဓာတ်ပုံ-မိုးမင်း

ကတိုက်ရေလှောင်တမံနှင့် ရင်းငြိမ်ရေထိန်းတံခါးတို့ကြောင့် ပေါင်မြို့နယ်အတွင်းရှိ ဖြူဘ၊ ရင်းငြိမ်တောင်၊ ရင်းငြိမ်မြောက်၊ ရွာတန်းရှည်၊ ကတွန်နှင့် ပန်းကုံး စသည့် ဆည်ရေအကျိုး ခံစားရသော ကျေးရွာများတွင် မိုးစပါးသီးထပ်နှင့် နွေစပါးများ စိုက်ပျိုးကြခြင်းဖြင့် ဒေသခံတောင်သူလယ်သမားများ၏ ဘဝများမှာလည်း တိုးတက်လာလျက်ရှိကြောင်း သိရသည်။ ။

သတင်းဆောင်းပါး - တင်ဝင်းလှိုင်(ပေါင်)

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက Yangon Aerodrome ကုမ္ပဏီလီမိတက်သို့ အသိအမှတ်ပြုလက်မှတ်ပေးအပ်

ရန်ကုန် မေ ၁

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော Yangon Aerodrome ကုမ္ပဏီလီမိတက်ထံသို့ အသိအမှတ်ပြုလက်မှတ် (Aerodrome Certification) အား မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဧပြီ ၃၀ ရက်က ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိက နိုင်ငံတကာ လေကြောင်းဝင်ပေါက်ဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော Yangon Aerodrome ကုမ္ပဏီလီမိတက်အနေဖြင့် လေဆိပ်လုပ်ငန်းများကို စီမံခန့်ခွဲရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်မှု၊ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် လုပ်ငန်း မြန်ဆန်ထိရောက်မှုဆိုင်ရာ ကျွမ်းကျင်မှုများကြောင့် အဆိုပါ အသိအမှတ်ပြုလက်မှတ်ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသိအမှတ်ပြုလက်မှတ်ကို ပေးအပ်ရာတွင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်(International Civil Aviation Organization-ICAO)၏ အဖွဲ့ဝင်နိုင်ငံများအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် နိုင်ငံတွင်း လိုအပ်ချက်များနှင့်အညီ ပေးအပ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေများလှူဒါန်း

ဧပြီလဆန်းမှစ၍ မြန်မာနိုင်ငံအနှံ့၌ နေ့အပူချိန်များ သိသိသာသာ မြင့်တက်လာခြင်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများ အပါအဝင် နေရာအနှံ့အပြားတွင် ဧပြီလလယ်ခန့်မှစ၍ ရေတွင်းရေကန်များ ရေခန်းခြောက်ကာ ရပ်ကွက်နှင့် ကျေးရွာအချို့မှာ ရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့လာရသဖြင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေရကြောင်း သိရသည်။

တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေကြသည့် အမှတ်(၁၂)ရပ်ကွက်နေ ပြည်သူများထံသို့ သောက်သုံးရေသန့် ဂါလန် ၆၄၀၀ ကို မြို့နယ်ဟိန္ဒူကောင်စီ အမှုဆောင်အဖွဲ့နှင့် ဟိန္ဒူဘာသာဝင် မိသားစုများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းကူညီမှုဖြင့် ဧပြီ ၂၉ ရက်က ဖြန့်ဝေလှူဒါန်းခဲ့သည်။ တောင်ငူမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာအချို့တွင် ယခုနှစ် နွေရာသီကာလအတွင်း ရေတွင်းရေကန်များ ခန်းခြောက်ပြီး ရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နေရသဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆောင်သော ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများက ရေရှားပါးနေသော ရပ်ကွက်နှင့် ကျေးရွာများသို့ ဧပြီ ၂၂ ရက်မှစတင်ကာ ရေများလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **(၀၄၈)**

ကော့သောင်း

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ ရေအခက်အခဲကြုံတွေ့နေရသည့် ရပ်ကွက်များသို့ သောက်သုံးရေများကို ကော့သောင်းခရိုင်ရဲတပ်ဖွဲ့က ဧပြီ ၂၉ ရက်က လိုက်လံဖြန့်ဝေလှူဒါန်းခဲ့သည်။ ယခုနှစ်တွင် အပူချိန် သိသိသာသာမြင့်တက်မှုကြောင့် ကော့သောင်းခရိုင်အတွင်းရှိ ရပ်ကွက်အချို့တွင် ရေတွင်းရေကန်များ ခန်းခြောက်စပြုလာပြီး သောက်သုံးရေအခက်အခဲ ကြုံတွေ့လာရသဖြင့် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမျိုးထွန်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရေများ ဖြန့်ဝေလှူဒါန်းနေခြင်းဖြစ်ကာ ဧပြီ ၃၀ ရက်တွင် အောင်သုခရပ်ကွက်နှင့် ဘုရင့်နောင်ရပ်ကွက်တို့အတွင်းရှိ အိမ်ခြေ ၁၁၀ မှ ပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၃၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ဒီးမော့ဆို

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းမှ ရေရှားပါးနေသည့် ကျေးရွာများသို့ ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၃၀ ရက်က ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံပြ(၆)မိုင် ကျေးရွာအုပ်စု ဒေါဆိုအရှေ့ကျေးရွာအတွက် ရေများ လှူဒါန်းခဲ့သည်။ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သူအောင်၊ ခရိုင်ဦးစီးမှူး ဦးညွှန့်ဇော်နှင့် ဝန်ထမ်းများက သောက်သုံးရေ ဂါလန် ၂၄၀၀ ကို သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှားပါးသော ဒေါဆိုအရှေ့ကျေးရွာသို့ ဧပြီလအတွင်း ရေဂါလန် ၈၄၀၀ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်လှူဒါန်းပေးရန်လည်း စီစဉ်ထားပြီး မြို့နယ်အတွင်းမှ ရေရှားပါးသော အခြားကျေးရွာများသို့လည်း ဌာနအနေဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ထံမှ သိရသည်။

ထို့အပြင် ဒီးမော့ဆိုမြို့နယ်အတွင်းမှ ရေရှားပါးနေသော ကျေးရွာပေါင်း ၂၀ ကျော်မှ ပြည်သူများအတွက်လည်း မြို့နယ် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် သောက်သုံးရေများ လှူဒါန်းပေးနေသလို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ရေများ ဖြန့်ဝေလှူဒါန်းပေးနေကြောင်း သိရသည်။ **ရီရယ် (ဒီးမော့ဆို)**

မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့ အောင်တပ်ရပ်ကွက်တွင် ရေရှားပါးကာ သောက်သုံးရေအခက်အခဲရှိလာသဖြင့် ပြည်သူများထံသို့ သောက်သုံးရေများကို မြောက်ဦးခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက ဧပြီ ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။ မြောက်ဦးခရိုင် မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးရဲထက်စိုး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၂၄၀၀ ကို သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

ချင်းပြည်နယ် တီးတိန်မြို့ပေါ်မှ သောက်သုံးရေရှားပါးနေသော ရပ်ကွက်တစ်ခုဖြစ်သည့် စကောလမ်းရပ်ကွက်နေ ပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးခုပ်ဆောမ်းပြောင် ဦးဆောင်သည့် မီးသတ်ဝန်ထမ်းများက ဧပြီ ၃၀ ရက်က ဖြန့်ဝေလှူဒါန်းပေးနေစဉ်။ မြို့နယ်(ပြန်/ဆက်)

အမေရိကန်နိုင်ငံ ကုန်သည်စက်မှုအသင်းနှင့် UMFCCI တို့တွေ့ဆုံ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် အမေရိကန်နိုင်ငံ ကုန်သည်စက်မှုအသင်း(AMCHAM)တို့ကြား အပြန်အလှန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် တွေ့ဆုံဆွေးနွေးပွဲ (Business Meeting with US Trade Mission)ကို လမ်းမတော်မြို့နယ်ရှိ UMFCCI ရုံးချုပ်၌ ဧပြီ ၃၀ ရက်က ကျင်းပခဲ့သည်။

မြန်မာနှင့် အမေရိကန် ကုန်သည်စက်မှုအသင်းဝင် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးကြစဉ်။

တွေ့ဆုံပွဲတွင် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးက အမေရိကန်နိုင်ငံမှ ကုမ္ပဏီများအား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက် ကုန်သွယ်ရေးကဏ္ဍကို ဆောင်ရွက်စေလိုကြောင်း၊ အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုကို ဘီလီယံထောင်ချီ၍ မျှော်မှန်းထားပြီး တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော ကုမ္ပဏီများ မြန်မာနိုင်ငံသို့ လာရောက်လျက်ရှိကာ ဆက်လက်၍လည်း လာရောက်ကုန်သွယ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သံရုံးမှ အရာရှိတစ်ဦးနှင့် အမေရိကန်နိုင်ငံ ကုန်သည်စက်မှုအသင်း၏ အမှုဆောင်ဒါရိုက်တာတို့က မြန်မာနိုင်ငံနှင့် အမေရိကန် ကုန်သည်များကြား အပြန်အလှန် ကုန်သွယ်ရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍတို့နှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ ကုန်သည်စက်မှုအသင်းတို့ တွေ့ဆုံမှုသည် နှစ်နိုင်ငံ စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကို ဖော်ဆောင်ခြင်းဖြစ်ပြီး ဤသို့ ဦးစွာတွေ့ဆုံမှုဖြင့် နှစ်ဦးနှစ်ဖက် အတူတကွ ပူးပေါင်းလုပ်ဆောင်မှု၏ အောင်မြင်မှုကို ရရှိစေမည်ဖြစ်သောကြောင့် ယခုတွေ့ဆုံမှုအပေါ် နှစ်ဦးနှစ်ဖက် အားရကျေနပ်မှုရှိကြောင်း သိရသည်။

"နှစ်ဦးနှစ်ဖက် အားရကျေနပ်ကြတယ်၊ ယနေ့တွေ့ဆုံမှုက မြန်မာနိုင်ငံ စီးပွားရေးအတွက် အရေးပါပါတယ်၊ သူတို့အဖွဲ့ လာကြမယ်ဆိုတာ အမေရိကန်သံအမတ်ကြီးပြောထားတာ နှစ်လရှိပါပြီ၊ အမေရိကန်က အသေးစားနဲ့ အလတ်စားပဲ လာမယ်လို့ ထင်ထားတာ၊ အခု အကြီးစားစက်မှုလုပ်ငန်းတွေ ပါလာတာကို တွေ့ရတယ်။ ဂူဂဲလ်၊ ဗီဇာနဲ့ အမေရိကန်ရဲ့ ကုန်သွယ်မှုမှာ အကြီးဆုံးကုမ္ပဏီတွေ၊ ကမ္ဘာကို အင်ဂျင်ဝိုင်ဖြန့်နေတဲ့ ကုမ္ပဏီတွေလည်း ပါလာတယ်၊ ပြီးတော့ အာမခံကုမ္ပဏီတွေ ပါလာတာကြောင့် မြန်မာနိုင်ငံက လုပ်ငန်းတွေကို အာမခံပေးနိုင်တဲ့အခြေအနေ ရှိလာတဲ့အတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍဟာ တစ်ရှိန်ထိုး ပြောင်းလဲနိုင်ပါတယ်၊ အမေရိကန်သံအမတ်ကြီးကိုယ်တိုင် ဦးဆောင်တက်ရောက်ပြီး စီးပွားရေးကဏ္ဍ ခြေလှမ်းသစ်တွေ စတင်တာဟာ မြန်မာနိုင်ငံအတွက် ထူးခြားတယ်လို့ ဆိုရမှာပါ"ဟု UMFCCI ၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

ထိုင်းနှင့် စင်ကာပူနိုင်ငံတို့တွင် အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသောလုပ်ငန်းများ ရှိသည့်အတွက် ထိုကုမ္ပဏီများမှ လုပ်ငန်းရှင်များလည်း တွေ့ဆုံပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြပြီး အဆိုပါ အမေရိကန်ကုမ္ပဏီများသည် သီလဝါအထူးစီးပွားရေးဇုန်သို့လည်း သွားရောက်ကြည့်ရှုကာ ခိုင်မာစွာ ရင်းနှီးမြှုပ်နှံထားသော ဂျပန်နိုင်ငံမှကုမ္ပဏီများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် အပြန်အလှန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍတို့ကိုလည်း ဆွေးနွေးခဲ့သည်။

သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး

မြိတ်ဆေးရုံကြီးသို့ ကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ သွားဘက်ဆိုင်ရာဆေးပစ္စည်းများ လှူဒါန်း

မြိတ် မေ ၁

ထိုင်းနိုင်ငံမှ ပရဟိတ အဖွဲ့အစည်းတစ်ခုဖြစ်သော မေတ္တာရှင် ဘုရင်မကြီးအဖွဲ့နှင့် မြန်မာနိုင်ငံမှ Vantage ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ မြိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ကျပ်သိန်း ၅၀၀ ကျော် တန်ဖိုးရှိသည့် သွားဘက်ဆိုင်ရာဆေးပစ္စည်း အမျိုးအစား ၅၀ ကျော်ကို ဧပြီ ၂၉ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုင်းအလှူရှင်အဖွဲ့မှ ဆရာဝန်ကြီးက မြိတ်မြို့မှ သွားရောဂါဝေဒနာရှင်တစ်ဦးအား စစ်ဆေးကုသပေးနေစဉ်။

ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆေးပစ္စည်းများ လှူဒါန်းပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး အလှူရှင် Vantage ကုမ္ပဏီပိုင်ရှင် ဦးစိုင်းသန်းအောင်က သွားဘက်ဆိုင်ရာ ကုသရေးပစ္စည်းများ လှူဒါန်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ မေတ္တာရှင်ဘုရင်မကြီးအဖွဲ့မှ Mr. Boom Than နှင့် ဦးစိုင်းသန်းအောင်တို့က သွားဘက်ဆိုင်ရာ ကုသရေးပစ္စည်းများကို မြိတ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းထံ ပေးအပ်လှူဒါန်းခဲ့ပြီး ဆေးရုံအုပ်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် အလှူရှင်များက မြိတ်ပြည်သူ့ဆေးရုံကြီးရှိ သွားနှင့် ခံတွင်း ကုသမှုဌာနကို လှည့်လည်ကြည့်ရှုခဲ့ပြီး အလှူရှင်အဖွဲ့ထဲမှ သွားဘက်ဆိုင်ရာပါရဂူ ဒေါက်တာ Sitt Hichai နှင့် အဖွဲ့ဝင်များက သွားရောဂါ ဝေဒနာရှင်အချို့အား လက်တွေ့စမ်းသပ်ကုသပေးခဲ့သည်။

မြင့်ဦး (မြိတ်)

မြို့သစ်မြို့နယ်မှ ရေရှားပါးသော ရွာသုံးရွာအတွက် ဆည်ရေတင်လုပ်ငန်းဆောင်ရွက်ပေး

မြို့သစ် မေ ၁

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ ရေအလွန်ရှားပါးသည့် ကျေးရွာ သုံးရွာတွင် ရာသီမရွေး သောက်သုံးရေရရှိရန်အတွက် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆည်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါ ဆည်ရေတင်လုပ်ငန်းကို ကိုဒူကျေးရွာ၊ ကျောက်ထရံကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့တွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၂၇ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး အမြင့်ပေ ၂၀၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တစ်ခု၊ စွန်ဆည်မှ ရေတင်ရန် ရေစက်ရုံတစ်ရုံ၊ ကျေးရွာသုံးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တစ်လုံးစီနှင့် အရှည်ပေ ၉၆၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများက ဧပြီ ၃၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် လွှတ်တော်ကိုယ်စားလှယ်က မှာကြားခဲ့သည်။

အဆိုပါ ဆည်ရေတင်လုပ်ငန်းကို ယခုနှစ် မတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းပြီး မေ ၁၅ ရက်တွင် လုပ်ငန်းအားလုံးပြီးစီး၍ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဇော် (မြို့သစ်)**

ထိုင်းနိုင်ငံမှပြန်ပို့သည့် မြန်မာအလုပ်သမားများကို ကော့သောင်းနယ်စပ်ဂိတ်၌ ပြန်လည်လက်ခံ

ကော့သောင်း မေ ၁

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၇၁ ဦးနှင့် အမျိုးသမီး ၁၇ ဦးတို့အား ထိုင်းနိုင်ငံ ရနောင်းမြို့ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ ကော့သောင်းမြို့မှ ဒေသအာဏာပိုင်များထံသို့ ရေလမ်းခရီးဖြင့် ဧပြီ ၃၀ ရက်က လာရောက်လွှဲပြောင်းပေးခဲ့ရာ မြန်မာတာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့သည်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံ ဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ ပြန်ပို့ခံရခြင်းဖြစ်ကာ အဆိုပါ အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြပြီး ပြည်သူ့ကျန်းမာရေးဌာနကလည်း အလုပ်သမားများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး၍ ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၃) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ် ၊ မေ လ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ကခ - ၅၈၅၀၂၄

ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဗ - ၆၂၆၂၈၆	ပ - ၈၃၄၁၄၇

ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

သ - ၃၅၈၇၉၈
ဓ - ၇၀၅၅၈၈
ဋ - ၇၁၄၅၈၉

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀၀၀) ဆု (၂) ဆု

ဇ - ၅၅၉၃၁၉
ရ - ၇၆၃၀၂၃

ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဒ - ၁၁၉၇၈၅
သ - ၄၇၉၃၅၃
ဈ - ၆၉၆၉၇၉
ခ - ၇၇၂၄၃၅
ဂ - ၇၇၃၀၇၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀၀၀)ဆု (၄) ဆု

ကဃ - ၂၂၁၅၂၁	ဒ - ၈၀၉၁၅၃
မ - ၇၈၅၉၅၀	ဇ - ၈၉၄၀၀၇

ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဗ - ၁၃၉၈၂၄	န - ၃၅၇၈၆၈
ည - ၁၅၆၀၆၁	ခ - ၇၁၅၀၀၄
ဃ - ၂၃၉၃၈၁	ထ - ၇၄၅၉၁၃
ဌ - ၃၀၂၉၅၁	ဒ - ၉၄၀၄၁၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀)ဆု (၄) ဆု

ခ - ၃၃၄၃၉၀	သ - ၆၃၉၆၇၉
ည - ၄၄၃၂၀၉	ဟ - ၈၅၆၈၅၂

ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

ဃ - ၂၂၃၅၉၃	အ - ၇၁၀၃၁၂
ရ - ၂၄၂၂၅၆	ကခ - ၈၂၉၂၂၉
ဃ - ၂၅၃၃၀၈	င - ၈၃၅၆၆၃
ကဃ - ၃၃၈၈၈၇	ဍ - ၈၆၁၃၅၀
အ - ၃၄၈၅၀၁	စ - ၉၈၃၀၂၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀၀) ဆု (၃) ဆု

ဌ - ၁၀၆၁၇၁	လ - ၈၆၈၄၁၇
ဓ - ၈၅၇၈၂၅	

ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ရ - ၁၄၈၁၂၂	လ - ၅၆၃၃၄၇
ကဃ - ၃၂၃၆၂၀	ခ - ၆၈၄၂၄၉
မ - ၃၂၈၃၄၇	ကဃ - ၇၄၁၅၅၅
ည - ၃၅၃၇၁၀	ည - ၈၇၇၂၃၇
ဂ - ၃၉၃၅၁၀	မ - ၉၁၈၈၆၈
တ - ၅၁၆၅၄၃	ကဂ - ၉၉၇၇၆၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀၀)ဆု (၁) ဆု

ဇ - ၉၆၁၆၉၇

ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

သ - ၁၅၇၀၉၄	မ - ၂၈၃၄၆၇	ပ - ၆၇၀၄၀၉	ပ - ၇၃၆၁၂၉	ရ - ၈၂၉၄၂၀
ည - ၂၀၅၀၈၃	ဟ - ၃၁၂၇၉၆	ဒ - ၇၁၈၉၃၉	အ - ၇၄၆၀၂၁	ဒ - ၉၃၄၅၇၁
က - ၂၅၂၆၂၀	န - ၅၅၅၇၅၇	ဟ - ၇၃၆၀၄၁	ဟ - ၈၁၂၂၆၄	မ - ၉၄၁၀၄၅

ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

ဗ - ၁၄၂၀၀၃	ခ - ၄၇၁၉၄၃	ထ - ၆၉၀၄၄၉
ဈ - ၁၄၂၄၃၀	ဎ - ၅၃၇၆၆၈	တ - ၆၉၁၉၅၁
ဂ - ၂၀၈၀၀၀	ကက - ၅၄၂၃၉၁	ဟ - ၈၄၂၉၅၇
ထ - ၂၉၂၀၁၄	မ - ၆၅၇၄၇၅	ည - ၈၈၂၆၀၉
ဘ - ၄၀၃၇၃၀	ဓ - ၆၅၉၅၉၃	ဍ - ၉၆၂၀၇၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀) ဆု (၁) ဆု

ထ - ၅၇၂၄၇၂

ဆုတစ်ဆုစျင်း ကျပ်(၁၀)သိန်းဆုများ

ရ - ၁၇၉၅၇၀	ဎ - ၄၁၇၂၂၀	ဓ - ၆၄၅၄၂၄	သ - ၇၉၈၉၃၁
ဖ - ၂၄၃၀၄၃	မ - ၅၀၆၇၀၇	ဃ - ၆၆၄၉၇၇	ဍ - ၈၅၇၃၀၃
ဟ - ၂၇၁၈၇၀	ဒ - ၅၈၂၇၀၇	ဆ - ၇၀၅၉၀၄	
သ - ၂၉၃၁၀၃	ဂ - ၆၀၀၃၄၄	ထ - ၇၂၉၈၀၇	
င - ၄၀၂၀၀၃	ဒ - ၆၀၅၂၁၆	အ - ၇၆၈၅၂၁	

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် (၁၀) သိန်း ဆု (၂) ဆု

ဈ - ၇၉၄၉၃၉
ဇ - ၉၃၁၃၄၃

ဆုတစ်ဆုချင်း ကျပ်(၅)သိန်းဆုများ

ဍ - ၁၁၂၀၂၀	ကက - ၄၁၇၅၄၉	ကဂ - ၆၀၇၅၃၆	အ - ၈၉၂၇၃၈
ရ - ၁၈၃၁၅၂	ဃ - ၄၈၈၄၁၅	ဟ - ၆၂၃၁၄၄	မှ - ၉၂၅၉၉၇
က - ၂၃၃၇၅၅	တ - ၅၁၉၉၈၂	တ - ၇၄၆၁၉၄	
ဓ - ၂၇၃၈၁၅	ဝ - ၅၉၇၉၈၃	သ - ၇၈၀၈၅၈	
ခ - ၃၂၉၇၇၈	ထ - ၆၀၇၀၃၃	စ - ၇၉၃၃၅၅	

ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

အ - ၁၂၀၉၇	ယ - ၄၅၉၄၈	င - ၅၅၆၈၉	တ - ၆၇၂၇၈
န - ၁၃၅၂၁	ဟ - ၄၆၁၀၉	န - ၅၆၀၂၃	ဓ - ၈၉၈၁၇
ကယ - ၂၅၂၈၇	ဏ - ၄၆၄၂၃	ပ - ၅၆၂၄၄	မ - ၉၂၀၇၀
ဠ - ၄၃၇၄၅	ည - ၅၀၉၄၉	ခ - ၆၂၅၈၂	

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ကက - ၁၆၂၁	ဏ - ၅၃၂၇	ဂ - ၇၅၃၁	မ - ၉၃၃၄
ဆ - ၂၁၂၅	ဃ - ၆၀၇၅	ဗ - ၇၇၀၇	ကယ - ၉၅၁၆
ကယ - ၃၁၂၇	ထ - ၆၄၂၂	ဟ - ၈၁၅၆	င - ၉၈၇၃
င - ၄၂၈၁	မ - ၇၂၅၈	ဂ - ၉၂၁၃	

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဆ - ၁၂၀	ဋ - ၄၆၄	ထ - ၇၂၃	ထ - ၈၈၉
ရ - ၂၀၆	ဓ - ၄၆၅	ကယ - ၇၉၄	ပ - ၈၉၇
ကခ - ၃၇၃	ထ - ၄၆၇	ဈ - ၈၃၂	င - ၉၄၇
န - ၃၇၅	ထ - ၅၃၄	ဗ - ၈၅၉	ကဂ - ၉၆၆
အ - ၄၀၇	တ - ၅၈၀		

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

ပ - ၁၄	ကက - ၅၅	ဝ - ၈၂
ဠ - ၄၀	ည - ၅၆	စ - ၉၁
ကခ - ၄၃	ခ - ၅၇	အ - ၉၂
ဆ - ၄၆	ဠ - ၅၈	က - ၉၄
ဆ - ၅၀	သ - ၆၀	
ဏ - ၅၁	တ - ၆၁	
အ - ၅၁	ကခ - ၇၄	
အ - ၅၄	ဘ - ၇၆	

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၉ခုနှစ်၊ မေလ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၃) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၀၀၇၄၅) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၉ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၄) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ ထီလက်မှတ်များကို (က)အက္ခရာမှ (အ) အက္ခရာထိ အက္ခရာ (၃၃)လုံး၊ (ကက)အက္ခရာမှ (ကည) အက္ခရာထိ အက္ခရာ (၁၀)လုံး၊ စုစုပေါင်း အက္ခရာ (၄၃)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ၂၀၁၉ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၄) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ ထီလက်မှတ်များထပ်မံဝယ်ယူလိုသူများအနေဖြင့် (၂၈. ၅. ၂၀၁၉)ရက်နေ့ထိ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။

၄။ ယခု (၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂ . ၅ . ၂၀၁၉) ရက်နေ့မှစတင်၍နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၃ . ၅ . ၂၀၁၉) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

မွေးသက္ကရာဇ်အမှန်

ဦးအောင်နိုင်-ဒေါ်ဥမ္မာရွှေတို့၏ သမီး တောင်ဒဂုံမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မဖြိုးပပအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၂၀၀၀ ဖြစ်ပါကြောင်း။ **မဖြိုးပပအောင်**

မိခင်အမည်မှန်

မုဒုံမြို့၊ အထက (၃)၊ သတ္တမတန်းမှ မစံပယ်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမှုတ် ၁၀/မဒန(နိုင်)၁၂၃၂၁၈ ဖြစ်ပါကြောင်း။

ဒေါ်အေးအေးမှုတ်

ပျောက်ဆုံးကြောင်း

ကျွန်မ မကြည်ကြည်ငြိမ်း ၇/ဝမန(နိုင်)၁၉၉၀၀၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၁၀၀၂၈၄**

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ် (A-206)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဗိုလ်မှူးကြီးတင့်လွင် (ဘ)ဦးအုန်းကြိုင် ၉/ပမန(နိုင်)၁၄၇၁၆၄ အမည်ပေါက် နှစ်၃၀ မြေငှားစာချုပ်မြေကွက်အား ဗိုလ်မှူးကြီးတင့်လွင်၏ အထူးကိုယ်စားလှယ်လွှဲအပ်စာရရှိထားသူ ဒေါ်ပိုးသီရိ (ဘ) ဦးခင်မောင်ကျော် ၉/အမဇ(နိုင်) ၀၁၈၅၉၂ မှ ဦးဝင်းခိုင်ဦး (ဘ)ဦးဝင်းမောင် ၁၀/ကထန(နိုင်)၀၁၉၁၈၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၅၇၆)၊ ဧရိယာ ၀ ဒသမ ၁၅၁ ဧကရှိ ဦးဝင်းကို (ဘ)ဦးမြင့်ဝေ ၁၀/မလမ(နိုင်)၀၂၆၄၅၂ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဦးဝင်းကို၏ အထူးကိုယ်စားလှယ်လွှဲအပ်စာရရှိထားသူ ဒေါ်တင်တင်ဝင်း (ဘ)ဦးဝင်းမောင် ၅/ကဘလ(နိုင်)၁၀၁၈၀၆ မှ ဒေါ်သန္တာဝင်း (ဘ)ဦးဝင်းမောင် ၁၂/ကတတ(နိုင်)၀၀၈၃၀၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၆၂၆) (A)၊ ဧရိယာ ၉ ဒသမ ၆၄၄ဧကရှိ ဦးသက်လင်း (TZTM. Co; Ltd) (ဘ)ဦးရန်အောင် ၁၂/အလန(နိုင်) ၀၃၃၉၇၃ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဦးသက်လင်း၏ အထူးကိုယ်စားလှယ်လွှဲအပ်စာရရှိထားသူ ဦးကျော်စွာဝင်း (ဘ)ဦးတင်ဝင်း ၁၂/သဃက(နိုင်)၁၆၁၅၂၄ မှ ဦးလှုတယ်ဟုန် (ရွှေကမ္ဘာအောင်မြေကုမ္ပဏီလီမိတက်) ၁၃/မဆတ(နိုင်)၀၄၈၁၆၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းများ ဖွင့်လှစ်မည့်ကျောင်းများ၌ လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

စဉ်	ရာထူး၊ လစာနှုန်း	ပညာအရည်အချင်း	ခန့်အပ်မည့်ဦးရေ
(က)	နည်းပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)	Bachelor of Business Management (BBM), Bachelor of Tourism and Hospitality Management (BTHM), BA(Tourism) ဘွဲ့ရ၊ ဘွဲ့တစ်ခုခုရရှိပြီးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်တွင်ဒီပလိုမာ (သို့) သင်တန်းဆင်းလက်မှတ်တစ်ခုခုရရှိပြီးသူ	(၂၆)ဦး

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁-၅-၂၀၁၉ရက်တွင် [ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်] ထက် မကျော်လွန် သူဖြစ်ရမည်။
- (ဂ) ရွေးချယ်ခံရပါက အနည်းဆုံး(၃)နှစ်တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။
- (ဃ) နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိကျောင်းများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ နီးစပ်ရာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် လျှောက်လွှာများထုတ်ယူပြီး အဆိုပါကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများထဲမှ မည်သည့်ကျောင်းတွင်မဆို ၃၀-၅-၂၀၁၉ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်-
- (က) ဘွဲ့လက်မှတ်မိတ္တူ၊
- (ခ) ခြောက်လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံသုံးပုံ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ် ရေးကတ်ပြားမိတ္တူ၊
- (ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အဖွဲ့အစည်းအကြီးအမှူးခွင့်ပြုချက်နှင့် ဝန်ထမ်းမဟုတ်သူများအတွက် တစ်နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
- (ဃ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။
- (င) လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း၊

၄။ သတ်မှတ်ချက်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲကို အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့ရှိ စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း (SMVTI)တွင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် (ဘွဲ့လက်မှတ်၊ သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်)မူရင်းများ တင်ပြနိုင်ရမည်။

၆။ ရေးဖြေအောင်မြင်သူစာရင်းနှင့် လူတွေ့အောင်မြင်သူများစာရင်းအား www.tvetmyanmar.gov.mm/my/new-events/announcements နှင့်နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာ ကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့်ဌာနများတွင် ကြေညာသွားမည်ဖြစ်ပါသည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက်နောက် ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

စဉ်	ဖြေဆိုမည့်ဘာသာရပ်	နေ့ရက်အချိန်
၁။	သက်ဆိုင်ရာဘာသာရပ်	၁၅-၆-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအထိ
၂။	အင်္ဂလိပ်စာ	၁၅-၆-၂၀၁၉ရက်(စနေနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

မှတ်ချက်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၄၀၁၉၊ ၀၆၇-၄၀၄၀၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားဈေး၊ ဆိုင်ခန်းအမှတ်(C1က-၂၀၄) (C1က-၂၀၅)၊ (၂)ခန်းအား နေပြည်တော်၊ ပျဉ်းမနား၊ ရွှေချီရပ်ကွက်၊ (၆)လမ်း၊ အိမ်အမှတ်(၈၀၀)နေ ဒေါ်တင်အေး ၉/ပမန(နိုင်)၀၀၈၇၀၀ အမည်ပေါက် ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အိမ်အမှတ်(၄/၄၉) နေ ဦးကျော်ဇေယျ ၉/ပမန(နိုင်)၁၂၂၅၅၀ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁/ပေါင်းလောင်း-၁)၊ ဦးညွန့်အောင်အမည်ပေါက် ဦးပိုင်အမှတ် (၁၂၅)၊ မြေကွက်အမှတ် (၃၇၅)၊ ပေ(၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား ဒုတိယဗိုလ်မှူးကြီး အုန်းမော် (ဘ)ဦးတင်ညွန့် ၉/မရမ(နိုင်)၀၂၄၅၉၄ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသောမြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
၂၀၁၉ ခုနှစ် မေ ၂ရက်
လက်ကိုင်ဖုန်းဟန်းဆက် (Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရေးကိစ္စ

- * ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ၏ စည်းမျဉ်း ၄၀၊ စည်းမျဉ်းခွဲ(က)၊ စည်းမျဉ်းခွဲငယ်(၃)တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာဖြင့် ရောင်းရငွေ (သို့မဟုတ်) ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်အခွန်ကို ကုန်စည်ဝယ်ယူသူထံမှ တစ်ပါတည်းကောက်ခံရမည်ဟု ပြဋ္ဌာန်းထားပါသည်။
- * အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၄၀၊ စည်းမျဉ်းခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လက်ကိုင်ဖုန်းဟန်းဆက် (Handset)နှင့် ဆက်စပ်ပစ္စည်းများရောင်းချရာတွင် ပစ္စည်းတန်ဖိုးနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့်ပြေစာဖြင့် ရောင်းချခြင်းဆိုင်ရာနည်းလမ်းများကို ထုတ်ပြန်သတ်မှတ်ထားပြီးဖြစ်ပါသည်။
သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနား လှိုင်သာယာမြို့နယ်၌ စည်ကားစွာ ကျင်းပ စာ » ၁၀

AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်မှ ရန်ကုန်အသင်း ထွက်ရ စာ » ၁၂

တောင်ကြီးမြို့ လေးလောင်းပြိုင် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ စာ » ၁၃

ဆိုင်ကလုန်းမုန်တိုင်း ဖနီ မြန်မာနိုင်ငံဘက်ဦးတည်မည့် အခြေအနေမရှိ မုန်တိုင်းအရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၃၃၀ ခန့်၊ ဗီဇာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၂၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"သည် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၄ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၄ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၆၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၁၀ နှုန်း ဖြစ်သည်။

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၇၂ နာရီအတွင်း စာမျက်နှာ ၇ ကော်လံ ၅ ❖

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ရတနာပုံနှင့် ဟံသာဝတီ ကွာတားဖိုင်နယ်တက်

ရန်ကုန် မေ ၁

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ပထမနေ့) ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရတနာပုံနှင့် ဟံသာဝတီအသင်း ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့် ပွဲတွင် ရတနာပုံအသင်းက ရောဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းနှစ်သင်းသည် မိနစ် ၉၀ ပြည့်သည်အထိ သရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး ရတနာပုံအသင်းက အချိန်ပိုပြီးခါနီးတွင် သွင်းယူသည့်ဂိုးဖြင့် စာမျက်နှာ ၁၂ ကော်လံ ၁ ◆

ရောဝတီအသင်းအတွက် ချေပဂိုးကို သီဟဇော် ခေါင်းတိုက်သွင်းယူလိုက်စဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းများနှင့် ကုမ္ပဏီကြီးများအတွက်

• ငွေစုစာအုပ်များ • ချက်လက်မှတ်များ / ချက်စာအုပ်များ • ငွေသွင်း / ငွေထုတ်ကဒ်များ
• ကျောင်း/သင်တန်း ဘွဲ့လက်မှတ်များ • ရွှေနှင့်အဖိုးတန်ရတနာ ဘောက်ချာများ • Logo ပါ ATM စက္ကူလိပ်များ
• လုပ်ငန်းသုံး စာရွက်စာတမ်းများ • Carbonless ဘောက်ချာများ

• Saving • Call • Fixed Deposit Passbooks • All type of Cheques • Certificates • Credit / Debit Cards
• MPU • JCB • VISA • Master • Contactless Cards • Member Card • Pin Mailer • Gift Vouchers
• Banking Forms • Business Forms • ATM Rolls • POS Rolls • Thermal Roll with Printing

Myanmar DECO-TBSP Special Products Co., Ltd.
Hlaing Tharyar Industrial Zone (3), Yangon, Myanmar info@decotbsp.com 09 4578 97700, 09 7888 50503, 09 4296 13319

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း

ကြာသပတေး၊ မေ ၂၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တပ်မတော်

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဦးလည်မသုန် စွမ်းစွမ်းတမံကြိုးပမ်းထမ်းရွက်ခဲ့သည့်နည်းတူ လက်ရှိအစိုးရလက်ထက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရေးကို အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အချပ်ပို(ခ)သို့

‘ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံရသူများ စစ်မှုထမ်းဆောင်နေခြင်း လုံးဝမရှိစေရေး ဖော်ထုတ်လျက်ရှိပြီး မြန်မာ့တပ်မတော်အား ကလေးစစ်သားအသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့(CTFMR) နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိ ’

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း

အချုပ်ပို(က)မှ

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်အထိ (၁၂)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (12th ASEAN Defence Ministers' Meeting-ADMM) နှင့် (၅)ကြိမ်မြောက် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (5th ASEAN Defence Ministers' Meeting-Plus) များသို့ တက်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ (၈)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (8th Beijing Xiangshan Forum) သို့ တက်ရောက်ခဲ့ပြီး ကမ္ဘာ့လုံခြုံရေးဆိုင်ရာများကို သိရှိနားလည်ပြီး စိန်ခေါ်မှုများအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ရေး ရှုမြင်သုံးသပ်မှုများ၊ ဒေသတွင်းတည်ငြိမ်ငြိမ်းချမ်းရေးနှင့် ချမ်းသာဝပြောခြင်းတို့ကို အထောက်အပံ့ဖြစ်စေမည့် နိုင်ငံပေါင်းစုံပါဝင်သည့် အနာဂတ်ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မြဲစေရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

မြောင်းမြကြိုးတံတားပျက်စီးမှုကြောင့် ပြည်သူများ သွားလာမှုအဆင်ပြေစေရန် တပ်မတော် (ရေ)မှ ကမ်းထိုးရေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ပေးစဉ်။

ရေကြီးမှုဖြစ်ပွားခဲ့သည့် မော်လမြိုင်နှင့် ရေးမြို့တို့မှ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်စဉ်။

ကာကွယ်ရေးဝန်ကြီးဌာနနှင့် United Nations Country Task Force on Monitoring and Reporting (UN CTFMR)တို့အကြား အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီကိုအဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးမှုများအနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် နှစ်ကြိမ်၊ ရန်ကုန်မြို့တွင် တစ်ကြိမ်ပြုလုပ်ခဲ့ပြီး Monitoring Visit အနေဖြင့် ခြေလျင်/ခြေမြန်တပ်ရင်း နှစ်ရင်း၊ လက်ရုံး/ဝန်ထမ်း နှစ်တပ်တို့သို့ သွားရောက်ခဲ့ပါသည်။ တိုင်းစစ်ဌာနချုပ်များ အစီအစဉ်ဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများကို အရာရှိ ၁၅၂၀ နှင့် အခြားအဆင့် ၆၁၆၃ ဦးတို့အားပို့ချခဲ့ပြီး ဆက်လက်၍လည်း တိုင်းစစ်ဌာနချုပ်အလိုက် နှစ်လ တစ်ကြိမ် ဖွင့်လှစ်လျက်ရှိပါသည်။ တပ်မတော်သို့ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၇၅ ဦးကို ၂၀၁၈ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံသို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ အခမ်းအနားဖြင့် လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ ထပ်မံစိစစ်တွေ့ရှိရသည့် စစ်သည် ၃၂ ဦးကိုလည်း ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် မိဘ၊ အုပ်ထိန်းသူများထံသို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ အခမ်းအနားဖြင့် ထပ်မံလွှဲပြောင်းပေးပြီး ဖြစ်ပါသည်။

တပ်မတော်သို့ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးသူများ မပါရှိစေရေးအတွက် အရိုးဓာတ်မှန်ဖြင့် အသက်အရွယ်ပိုင်းခြားခြင်းစနစ်ကို အသုံးပြု၍လည်း တပ်သားလောင်း ၁၆၃၆ ဦးတို့ကို စစ်ဆေးနိုင်ခဲ့မှုတို့ကြောင့် တတိယ တစ်နှစ်တာကာလအတွင်း စုဆောင်းမှုနည်းလမ်းမမှန်ဘဲ မှားယွင်းစုဆောင်းခဲ့သည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် UN CTFMR နှင့်ပူးပေါင်း၍ Plan of Action စာချုပ်ပါအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် CTFMR မှ National Campaign Materials တစ်ရပ် နောက်တစ်ကြိမ်ဆောင်ရွက်နိုင်ရေး အဆိုပြုလာမှုကိုလည်း ခွင့်ပြုပေးခဲ့ပြီး ၂၀၁၇ ခုနှစ် မေ ၉ ရက်မှစ၍ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ပေးခဲ့ပြီး သတင်းစာများတွင်လည်း ပညာပေးကြော်ငြာထည့်သွင်းခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံရသူများ စစ်မှုထမ်းဆောင်နေခြင်းလုံးဝမရှိစေရေး ဖော်ထုတ်လျက်ရှိပြီး မြန်မာ့တပ်မတော်အား ကလေးစစ်သားအသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (CTFMR) နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

တပ်မတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာစောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက်ကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာ တပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက်ညွှန်ကြားထားပြီး လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

အချုပ်ပို(ဂ)သို့

တာဝန်ရှိသူများက တပ်မတော်အတွင်းမှ ပြန်လည်နုတ်ထွက်ခွင့်ပြုသည့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို လိုက်လံနှုတ်ဆက်စဉ်။

အချပ်ပို(ခ)မှ

တပ်မတော်သည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းနှင့် ဆည်/ရေလှောင်တမံကျိုးပေါက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အချိန်တိုင်းတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သကဲ့သို့ တပ်မတော်မိသားစုဝင်များကလည်း ငွေကြေး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၂၁၄ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဘုန်းကြီးကျောင်း လေးကျောင်း၊ အိမ်ခြေ ၄၆ လုံးတို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၄၉ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတို့တွင် ဖြစ်ပွားခဲ့သည့် မီးဘေးသင့်ပြည်သူများကို တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၉၇၉ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဘုန်းကြီးကျောင်း ခြောက်ကျောင်း၊ အိမ်ခြေ ၉၆ လုံးတို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၆ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံများ၊ အစိုးရအဆောက်အအုံများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရာ တပ်မတော်မှ အိမ်ထောင်စု ၁၀၂၀ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဘုန်းကြီးကျောင်း ၁၈ ကျောင်း၊ စာသင်ကျောင်း ၁၅ ကျောင်း၊ ဆေးရုံတစ်ရုံ၊ အိမ်ခြေ ၅၉၈ လုံးတို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ သုံးနှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံများ၊ အစိုးရအဆောက်အအုံများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့၍ တပ်မတော်မှ အိမ်ထောင်စု ၂၂၄၁ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဘုရားစေတီ ၉၅၀ ဆူ၊ ဘုန်းကြီးကျောင်း ၁၁၂ ကျောင်း၊ စာသင်ကျောင်း ၁၁၅ ကျောင်း၊ ဆေးရုံကိုးရုံ၊ အိမ်ခြေ ၅၉၉၉ လုံးတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ကုန်တန်ချိန် ၁၉ ဒသမ ၅၀ တန်ကျော်အား တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ခေါက်ရေသုံးခေါက် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၆ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှု ဖြစ်ပွားခဲ့ရာ တပ်မတော်မှ အိမ်ထောင်စု ၁၈၃၄၇ စုကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခြင်း၊ ဘုရားစေတီနှစ်ဆူ၊ ဘုန်းကြီးကျောင်း ၁၂ ကျောင်း၊ စာသင်ကျောင်း ၂၀ ကျောင်း၊အိမ်ခြေ ၉၁ လုံးတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ခေါက်ရေခြောက်ခေါက်ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း ကုန်တန်ချိန် ၆ ဒသမ ၉၁ တန်ကျော် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၅ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ သုံးနှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ တပ်မတော်မှ အိမ်ထောင်စု ၃၀၁၉၈ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ဘုရားစေတီအဆူ ၃၀၊ ဘုန်းကြီးကျောင်း ၈၇ ကျောင်း၊ စာသင်ကျောင်း ၇၃ ကျောင်း၊ဆေးရုံခြောက်ရုံ၊ အိမ်ခြေ ၁၁၈၂ လုံးတို့ကိုရှင်းလင်းပြုပြင်ပေးခြင်း၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၄၇ ခေါက်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းကုန်တန်ချိန် ၁၃၃ ဒသမ ၉၁ တန် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၅၂ သန်းကျော် ထောက်ပံ့ ပေးနိုင်ခဲ့ပါသည်။ဆည်/ရေလှောင်တမံကျိုးပေါက်မှု၊ ရေတိုက်စားမှုတို့ဖြစ်ပွားခဲ့သည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်နှင့် ဆွာဘူတာအကြား၌ တပ်မတော်မှCity Bus မော်တော်ယာဉ် ၁၈ စီးဖြင့် ရထားဝန်ထမ်း ၅၀ နှင့် ရထားစီးခရီးသည်၁၂၀၉ ဦးတို့ကို အပြန်အလှန်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ထို့ပြင် စာသင်ကျောင်းသို့ ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များ၊ သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ လမ်းများပြုပြင်ပေးခြင်း၊ သန့်ရှင်းရေး ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သဘာဝဘေးအန္တရာယ် ကျရောက်စဉ် တပ်မတော်(ရေ)မှ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို စစ်ရေယာဉ် ၁၅ စင်းဖြင့် လူ ၁၅၉ ဦးအား ကယ်ဆယ်မှု ပြုလုပ်နိုင်ခဲ့ပါသည်။ မြောင်းမြကြိုးတံတား ပျက်စီးမှုကြောင့် ခရီးသွားလာရေး အခက်အခဲရှိသည့်ပြည်သူ ၅၅၅၂၃၇ ဦးကို ၂၀၁၈ ခုနှစ် ဧပြီ ၁၄ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်အထိတပ်မတော်(ရေ)မှ ကမ်းထိုးရေယာဉ် နှစ်စင်းဖြင့် ခေါက်ရေ ၁၂၄၃၂ ခေါက် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ရာ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းကုန်တန်ချိန် ၆ ဒသမ ၉ တန်ကျော် ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ သွားလာရေးလွယ်ကူအဆင်ပြေစေရေးအတွက် ခရီးသည် ၆၄၇၉ ဦးနှင့် ကုန်တန်ချိန် ၄ ဒသမ ၄၈ တန်ကျော်ကို တပ်မတော်(လေ)မှ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ခေါက်ရေ ၁၁၆ ခေါက်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ပင်လယ်ကမ်းရိုးတန်းသွား ဆေးရုံရေယာဉ်(သံလွင်)နှင့် မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)အပါအဝင် ဆေးရုံရေယာဉ်နှင့် အကူရေယာဉ် စုစုပေါင်းလေးစင်းတို့ဖြင့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ်လအထိ ဆေးကုသမှုငါးကြိမ်သွားရောက်ခဲ့ပြီး လူနာ ၃၉၃၅၂ ဦးကို ဆေးကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရွှေ့လျားခွဲစိတ်ယာဉ်၊ ဓာတ်ခွဲယာဉ်၊ ဓာတ်မှန်ရိုက်ယာဉ်နှင့် သွားဆေးကုသမှုယာဉ်များဖြင့် ပြည်သူလူထုအတွင်း အဖြစ်များသော ရောဂါများအား

အချပ်ပို(ဃ)သို့

ဆွာချောင်းရေလှောင်တမံ ပင်မရေပိုလွှဲ ကျိုးပေါက်၍ မီးရထားလမ်းရေကြီးနစ်မြုပ်ပျက်စီးခဲ့သဖြင့် ရထားစီးခရီးသည်များကို တပ်မတော်မှ City Bus မော်တော်ယာဉ်များဖြင့် ဆွာဘူတာနှင့် ရေတာရှည်ဘူတာတို့အကြား အပြန်အလှန်ပို့ဆောင်ပေးစဉ်။

မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များက ရွှေ့လျားခွဲစိတ်ယာဉ်ဖြင့် မီးဖွားလူနာတစ်ဦးကို မီးဖွားပေးစဉ်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၂၊ ၂၀၁၉

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စစ်ဘက်ဆေးပညာ လက်တွေ့လေ့ကျင့်ခန်း၏ နောက်ဆုံးအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အချပ်ပို(၈)မှ

ဓာတ်မှန်၊ တယ်လီဗီးရှင်းဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်၊ ECG တို့ဖြင့် စမ်းသပ်ရှာဖွေကုသပေးခြင်း၊ သွေးဖောက်စမ်းသပ်စစ်ဆေးခြင်း၊ အရေးပေါ်ခွဲစိတ်ကုသမှုများ၊ အကြီးစားခွဲစိတ်ကုသမှုများ၊ အသေးစားခွဲစိတ်ကုသမှုများ၊ မျက်စိခွဲစိတ်ကုသမှုများနှင့် သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများအား ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၃၀ ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု နှစ်ကြိမ်၊ ဆေးကုသမှုဆိုင်ရာရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ ကလေးရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ စုစုပေါင်း ၁၄၂၂၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ယင်းကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်သည့် အကြိမ်အရေအတွက် ၁၃၅၆ ကြိမ်၊ ဆေးဝါးကုသမှုခံယူသည့် ဒေသခံပြည်သူ ၄၄၁၄၈၂ ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ ၂၉၉၈ ဦးကို တပ်မတော်ဆေးရုံများသို့ ပြောင်းရွှေ့တက်ရောက်ဆေးကုသစေခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ချင်းပြည်နယ်နှင့် နာဂဒေသရှိ မြို့နယ် ၂၂ မြို့နယ်တွင် တပ်မတော်မှ ပါရဂူ/ဆေးမှူးအရာရှိများဖြင့် ဆေးကုသမှုလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ကျောင်းသားလူငယ်များ၏ အတန်းပညာသင်ကြားရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး လိုအပ်ချက်များကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့များ၏ သုံးနှစ်တာသက်တမ်း ပူးတွဲဥက္ကဋ္ဌတာဝန်ကို တပ်မတော်ဆေးတပ်ဖွဲ့နှင့် အိန္ဒိယနိုင်ငံဆေးတပ်ဖွဲ့တို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့မှ ဒုတိယအကြိမ် အာဆီယံစစ်ဘက်ဆေးပညာညီလာခံ (2nd ASEAN Military Medicine Conference-2nd AMMC)ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ Melia ဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့ပါသည်။ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများကို အခြေခံစစ်ပညာများအား သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်ကြသည့်အခါတွင် အထောက်အကူရရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုရင့်သန်လာစေမည်ဖြစ်ပါသည်။

၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်လေ့ကျင့်ရေးတပ်များကို စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၈ ခုနှစ်အထိ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၁၈၂၀၁ ဦး၊ အမှတ်(၂)တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၁၀၈၅၄ ဦးနှင့် အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၅၁၉၀ စုစုပေါင်းတပ်ဖွဲ့ဝင် ၃၄၂၄၅ ဦးတို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ် တက္ကသိုလ်ပညာသင်နှစ်တွင် အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၁၉၅၄ ဦး၊ အမှတ်(၂)တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၉၀၁ ဦး၊ အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၄၇၉ ဦး၊ အမှတ်(၄)တက္ကသိုလ် လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၆၂၇ ဦးနှင့် အမှတ်(၆) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၄၁၈ ဦး စုစုပေါင်း ၄၃၇၉ ဦးတို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။ သုံးနှစ်တာကာလအတွင်း တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် စုစုပေါင်းတပ်ဖွဲ့ဝင် ၁၅၉၉၄ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် နယ်မြေခံတပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းနှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ရမည်းသင်းမြို့နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးတပ်နှင့် အောက်တိုဘာ ၂၂ ရက်တွင် တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတို့၌ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်း တက်ရောက်နေသော တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို သွားရောက်တွေ့ဆုံ အမှာစကားပြောကြား၍ ကျောင်းသားကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပါသည်။ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်ပြီး တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းများနှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များတွင် တက္ကသိုလ်ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၈၅၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်မှယနေ့အထိ တက္ကသိုလ်ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၉၀၄ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။ သက်ဆိုင်ရာတက္ကသိုလ်များမှ ဆရာ ဆရာမများကို ဂုဏ်ထူးဆောင် ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်နိုင်ရေးအတွက် အကြံပေးအဖွဲ့မှ စိစစ်ရွေးချယ်၍ သင့်လျော်သည့် ဆရာ ဆရာမများကို ခန့်အပ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တပ်ဖွဲ့ဝင်ကျောင်းဆရာ ဆရာမ စုစုပေါင်း ၁၆ ဦးကို ဂုဏ်ထူးဆောင်ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်ပေးနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ တက္ကသိုလ်ပညာသင်နှစ်တွင် တပ်ဖွဲ့ဝင်ကျောင်းဆရာ ဆရာမ ၁၂ ဦးကို ဂုဏ်ထူးဆောင်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(ရွှာသစ်ကြီး)မှ ကျောင်းသား ကျောင်းသူ ၃၀၂ ဦးကိုလည်း တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် အခြေခံစစ်ပညာသင်တန်းလေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ၂၀၁၈-၂၀၁၉ တက္ကသိုလ်ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)မှ ကျောင်းသား ကျောင်းသူများကိုလည်း လေ့ကျင့်သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)မှ ကျောင်းသား ကျောင်းသူ ၇၂၃ ဦးတို့ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (ရွှာသစ်ကြီး)တွင် ကျောင်းသား ကျောင်းသူ ၈၇၃၇ ဦးကိုလည်းကောင်း စုစုပေါင်း ၉၄၆၀ ကို အခြေခံစစ်ပညာသင်တန်း လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။ မြန်မာ့တပ်မတော်သည် ဒွိတာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို တစ်တပ်တစ်အား ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို မှတ်တမ်းပြုတင်ဆက်လိုက်ရပါသည်။ ။

တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ရေး ပြုလုပ်စဉ်။

တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ စခန်းချလေ့ကျင့်ရေး ပြုလုပ်စဉ်။

တတိယ (၁)နှစ်တာအတွင်း စိုက်ထူနိုင်ခဲ့သော မကွေးတိုင်းဒေသကြီး၏ အောင်မြင်မှုပန်းတိုင်များ

သတင်းဆောင်းပါး - မော်စီ၊ ဓာတ်ပုံ - ခန့်မော်ဦး

၂၄-၁၂-၂၀၁၈ ရက်က မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျေးရွာ ၂၉ ရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ပြည်သူများ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့အစိုးရ၏ အရှိန်အဟုန်ပြင်းပြင်းဖြင့် လျှောက်လှမ်းနေသည့် ပြည်သူ့အတွက် တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များတွင် ပြောင်းလဲမှုများစွာ၊ တိုးတက်မှုများစွာ၊ အောင်မြင်မှုများစွာနှင့် မှတ်တိုင်များစွာ စိုက်ထူနိုင်ခဲ့သည်ကို ထင်ထင်ရှားရှား မြင်တွေ့ရသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုတို့ကို အချိုးကျစွာ ပြောင်းလဲတိုးတက်လာနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် တတိယ (၁)နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

သမိုင်းမှတ်တိုင်များ

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဟန်ချက်ညီညီ တိုးတက်ပြောင်းလဲအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများသည် မည်သူမျှ ငြင်းပယ်၍မရသော ခိုင်မာသည့် သမိုင်းမှတ်တိုင်များ ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း လမ်းမိုင်ပေါင်း (၂၁၈၇/၅)မိုင် ၅၄၄ ပေကို လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လမ်းမိုင် (၄၅၄/၃)မိုင် ပေ ၄၆၀ ကို ပုဂ္ဂလိက ကုမ္ပဏီ ခြောက်ခုမှ B.O.T စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးလမ်းဦးစီးဌာန အောက်တွင် ခရိုင် ငါးခု၊ လမ်း၊ တံတားအထူးအဖွဲ့ သုံးခုရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေ ရရှိမှုပေါ်မူတည်၍ လမ်း၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ပြင်/ထိန်းရန်ပုံငွေ ၁၅၀၇၀ ဒသမ ၅၄၄ သန်းနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ပြင်ထိန်းရန်ပုံငွေ ၁၆၉၆၇၇ ဒသမ ၅၂ သန်း စုစုပေါင်း ၁၈၄၇၄၈ ဒသမ ၀၆၄ သန်း ရရှိခဲ့ပြီး ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကတ္တရာ ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာလမ်းတိုးချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ ကျောက်ခင်းခြင်း၊ အမာခံလမ်းခင်းခြင်း၊ မြေသားတာပေါင် တိုးချဲ့ခြင်း၊ တံတားတည်ဆောက်ခြင်းနှင့် ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စည်ပင်သာယာရေးဦးစီးဌာနသည် အဖွဲ့ရန်ပုံငွေကို အသုံးပြု၍ အဖွဲ့ဆောင်ရွက်မှုအနေဖြင့် လမ်း ၁၂၀/၅ ဒသမ ၆၂ မိုင်၊ တံတား ၆၈၂ ခု၊ ရေပေးရေး ၃၆၇ ခုနှင့် အခြားဆောင်ရွက်မှု ၇၆ ခုကို ဆောင်ရွက်နိုင်ခဲ့သည်။

တင်ဒါစနစ်ဖြင့် လမ်း ၂/၄ ဒသမ ၂၅ မိုင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ထောက်ပံ့ငွေကို အသုံးပြု၍ လမ်း ၁၇/၂ ဒသမ ၂၇ မိုင်၊ တံတား၊ ရေမြောင်း ၁၈၁ ခု၊ ရေပေးရေး ၁၉ ခု၊ အခြားဆောင်ရွက်မှု ၃၆ ခုကို ဆောင်ရွက်နိုင်ခဲ့ပြီး တင်ဒါစနစ်ဖြင့် တံတား၊ ရေမြောင်း ၆၆ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီရင်ခံစာတွင် ပါရှိသည်။

အချပ်ပို (စ) သို့

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို

အချပ်ပို (င) မှ

သဘာဝဘေး

တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၄၅၀ ဖြင့် သောင်တူးခြင်းလုပ်ငန်းများ၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၁၅၅၂ ဒသမ ၉၁၊ အထွေထွေပိုလျှံ ရန်ပုံငွေ ကျပ် ၃၄၀ ဒသမ ၉၃၈ သန်းနှင့် အခွန်ဝေစုရငွေ ကျပ် ၃၈၀ ဒသမ ၄၂ သန်းတို့ဖြင့် ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း များ၊ သဘာဝဘေး ရန်ပုံငွေကျပ် သန်း ၉၀ နှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၁၃၆ ဒသမ ၇၅ သန်းတို့ဖြင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အကျိုးကျေးဇူးများ

မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူဖြစ်မည့် လမ်း၊ တံတားလုပ်ငန်းများကို ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ သုံးနှစ်တာကာလ အတွင်း လမ်း၊ တံတားများကို အဆင့်မြှင့်တင်တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ သဖြင့် တစ်နှစ်ထက်တစ်နှစ် လမ်းပန်းဆက်သွယ် ရေး ပိုမိုကောင်းမွန်လာသဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းစွာ၊ ပိုမိုလွယ်ကူချောမွေ့စွာဖြင့် အချိန်တို အတွင်း ဖြတ်သန်းသွားလာနိုင်ခြင်း၊ ကုန်စည် လည်ပတ်စီးဆင်းမှု ကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခံစားနေရပြီဖြစ်သည်။

စိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အဆင့်မြင့် လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းကို ဆည်ရေသောက်ဧရိယာများတွင် ဖော်ထုတ်ပေး ခဲ့ရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသ ကြီး ဘဏ္ဍာရန်ပုံငွေကျပ် ၁၇၅ ဒသမ ၇၅ သန်းဖြင့် မြို့သစ်မြို့နယ် ကိုရံတောင်အုပ်စုတွင် ဧက ၁၀၀ နှင့် မင်းဘူးမြို့နယ် ကုလားပါးကျေးရွာအုပ်စုတွင် ဧက ၂၀၀ စုစုပေါင်းဧက ၃၀၀ ဖော်ထုတ်ပေးနိုင် ခဲ့ပြီး တောင်သူများ လယ်ယာသုံးစက်ကိရိယာများ ပိုမိုပိုင်ဆိုင်အသုံးပြုနိုင်ရန်အတွက် ဌာနလက်ငင်း စနစ်၊ ဌာနအရစ်ကျစနစ်၊ ကနဦးပေးသွင်းငွေ ၁၀ ရာခိုင်နှုန်းဖြင့် ဌာနနှင့် ပုဂ္ဂလိက ပူးပေါင်း ရောင်းချပေးသည့် စနစ်များဖြင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ထွန်စက်ကြီး ၂၆ စီး၊ လက်တွန်းထွန်စက် ၅၆၆ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးတို့ကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ငွေကျပ်သန်း ၁၀၀ ဖြင့် ရေစကြိုမြို့နယ် ရေစကြို - တမာတန်းတာ ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ပြည်ထောင်စုရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ပထမ ခြောက်လတွင် ငွေကျပ် ၁၀၅၈ ဒသမ ၉၇၆ သန်း ဖြင့် လုပ်ငန်း ၄၅ ခု၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် တွင် ငွေကျပ်သန်း ၂၁၂၀ ဖြင့် လုပ်ငန်း ၁၁၆ ခု ဆောင်ရွက်လျက်ရှိရာ ၇၆ ခုကို ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ဆောင်ရွက်လျက်ရှိ

ထို့ပြင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲ ရေးဦးစီးဌာနသည် ၂၀၁၈ ခုနှစ် (၆)လ ဘတ်ဂျက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းမှ ငွေကျပ်သန်း ၅၆၉ ဖြင့် အကူရေပိုလွှဲတည်ဆောက် ခြင်း Approach Portion မြေကြီးလုပ်ငန်း၊ Crest Portion Walling များကို (RL-560') အထိနှင့် Approach Portion Walling များကို (RL-540') အထိ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းမှ ငွေကျပ်သန်း ၇၅၀ ဖြင့် ရေပိုလွှဲ ရေကျအမှတ်(၂) ပြုပြင်ခြင်းလုပ်ငန်း၊ အကူရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းတွင် Approach Portion Walling များကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ရေပိုလွှဲ ရေကျအမှတ်(၂) ပြုပြင်ခြင်း လုပ်ငန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး Coffer Dam မြေဖို့ခြင်း

၁၆-၁၁-၂၀၁၈ ရက်က စွန့်ဦးတီထွင်လုပ်ငန်းရှင်များနေ့ ၂၀၁၈ အထိမ်းအမှတ်လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ကျင်းပသည့် အထူးဈေးရောင်းပွဲတော်၌ ခင်းကျင်းပြသထားသည်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကြည့်ရှုအားပေးစဉ်။

လုပ်ငန်း၊ Basin မြေဖို့ခြင်းလုပ်ငန်းနှင့် ရေစုပ် ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

အလားတူ ဆည်နှင့် ကျေးလက်ဆည်ကန်များ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ပထမ(၆)လတွင် ငွေ ကျပ် ၄၂၁၇ ဒသမ ၄၈၉ သန်းဖြင့် ဆည်၊ ကန်၊ တမံနှင့် ရေသောက်စနစ်လုပ်ငန်း ၁၂၁ ခုနှင့် ဒေသခံ ဆည်၊ ကန်၊ တမံများ ပြုပြင်တည်ဆောက် ခြင်းလုပ်ငန်း ၆၃ ခု စုစုပေါင်းလုပ်ငန်း ၁၈၄ ခု၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၅၇၂ ဒသမ ၉၂၁ သန်းဖြင့် ဆည်၊ ကန်၊ တမံနှင့် ရေသောက် စနစ်လုပ်ငန်း ၁၂၁ ခုနှင့် ဒေသခံဆည်၊ ကန်၊ တမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၆၆ ခု စုစုပေါင်းလုပ်ငန်း ၁၈၇ ခု၊ အခွန်ဝေစုရငွေမှ ငွေကျပ် ၅၉၃ ဒသမ ၀၂၀၄ သန်းဖြင့် လုပ်ငန်း ၂၄ ခု၊ ဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ ငွေကျပ် သန်း ၃၀ ဖြင့် လုပ်ငန်းတစ်ခု စသည်တို့ကို ဆောင်ရွက်လျက်ရှိရာ စုစုပေါင်းလုပ်ငန်း ၂၁၂ ခု အနက် လုပ်ငန်း ၅၇ ခုကို ပြီးစီးအောင်ဆောင်ရွက် နိုင်ခဲ့သည်။

၎င်းအပြင် ကြီးအုံကြီးဝရေလှောင်တမံ ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေး နှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း) မှ ငွေကျပ်သန်း ၂၅၀ ဖြင့် အကူရေပိုလွှဲ အကျယ်ပေ ၄၅၀ မှ အကူရေပိုလွှဲ တိုးချဲ့အပိုင်း အကျယ်ပေ ၂၀၀ ကို ကန်ရေပြည့်မှတ်မရောက်မီ ရေကြိုတင် ထုတ်ယူနိုင်ရန်အတွက် RL-340' မှ လေးပေနိမ့်ချ ၍ RL-336' ထိ မြေပြင်နိမ့်ချခြင်းလုပ်ငန်းကို ပြင်ပကုမ္ပဏီဖြင့် ဆောင်ရွက်လျက်ရှိသည်။

အကောင်အထည်ဖော်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးနှင့် ကုန်စည်စီးဆင်းမှုများ ကောင်းမွန်ရေးတွက် ၂၀၁၈ ခုနှစ် (၆)လ ဘတ်ဂျက်မှစ၍ ကျေးလက်ကုန်ထုတ်လမ်း ၇ မိုင် (၅ ဒသမ ၁၈)ဖာလုံနှင့် ကျေးလက်ကုန်ထုတ် တံတား သုံးစင်းကို စုစုပေါင်းငွေကျပ်သန်း ၂၀၄ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက် ကုန်ထုတ်လမ်း ၂၁ မိုင် ၅ ဒသမ ၉ ဖာလုံနှင့် ကျေးလက်ကုန်ထုတ်တံတား ၁၂ စင်းကို ငွေကျပ် ၇၇၀ ဒသမ ၈၇၆ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချပ်ပို (ဆ) သို့

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်တော်ကျေးရွာအနီးရှိ မဲဇလီရေလွှဲဆည်ကို တွေ့ရစဉ်။

အချပ်ပို (၈) မှ

ထို့ပြင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် (၆)လ ဘတ်ဂျက်အထိ ကျေးလက်ရေပေးရေး လုပ်ငန်းပေါင်း ၄၄၃ ခုကို ခွင့်ပြုငွေကျပ် ၄၅၈၇ ဒသမ ၈၁၉ သန်းဖြင့် ကျေးရွာပေါင်း ၄၃၁ ရွာရှိ အိမ်ခြေပေါင်း ၆၆၃၈၈ အိမ်နှင့် လူဦးရေပေါင်း ၃၁၉၂၁၀ တို့အတွက် အကျိုးပြုခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေး လုပ်ငန်းပေါင်း ၁၂၃ ခုကို ခွင့်ပြုငွေကျပ် ၂၃၆၀ ဒသမ ၆၀၄ သန်းဖြင့် ကျေးရွာပေါင်း ၁၂၃ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီး အတွင်းရှိ အိမ်ထောင်စုများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိနိုင်ရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ၂၀၁၈ ခုနှစ် (၆)လတွင် ငွေကျပ် ၁၀ ဘီလီယံခန့်ဖြင့် ၁၁ ကေဗွီလိုင်း (၁၀၃ ဒသမ ၈၃) မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ အလုံး ၁၀၀ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း (၄၇ ဒသမ ၈၇၁) မိုင် တိုးချဲ့တည်ဆောက်၍ ကျေးရွာပေါင်း ၁၀၄ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ခြင်း၊ ၆ ဒသမ ၆ ကေဗွီစနစ်မှ ၁၁ ကေဗွီစနစ်သို့ ပြောင်းလဲဓာတ်အားပေးနိုင်ရေး အတွက် ၆၆/၁၁ ကေဗွီ(၅) အမ်ဗွီအေ သရက်ဓာတ်အားခွဲရုံ တို့ကို တည်ဆောက်ပေးခြင်းဖြင့် ဓာတ်အားဖြန့်ဖြူးမှုစနစ် ကောင်းမွန်ရေးကို ဆောင်ရွက်နိုင်ခဲ့သည်။

တိုးမြှင့်ဖွင့်လှစ်ပေး

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများကို ကျောင်း အဆင့်တိုးမြှင့်နိုင်ရေးအတွက် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း ၄၇ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၁၄၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၄၁၇ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၁၈၇ ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း ၁၄၈ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၈၅ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (ခွဲ) ၂၇ ကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သော ရထားလမ်းစီမံကိန်းနှစ်ခုက အသုံးပြုခဲ့သည့် ဒေသခံပြည်သူများ၏ ယာမြေကေပေါင်း ၅၇၄ ဒသမ ၂ ကေအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ၁၈-၂-၂၀၁၉ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တောင်သူတစ်ဦးအား လျော်ကြေးငွေ ပေးအပ်စဉ်။

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြိုင်မြို့နယ် တိုင်းရင်းဆေးကုဌာနတွင် ဝန်ထမ်းအိမ်ရာ သုံးခန်းတွဲ တည်ဆောက်ခြင်းလုပ်ငန်း ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် ပြီးစီးခဲ့ပြီး ရေနံချောင်းမြို့နယ် တိုင်းရင်းဆေးကုဌာန မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ထီးလင်းမြို့နယ် တိုင်းရင်းဆေးကုဌာန ခြံစည်းရိုးကာရံခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

ထောက်ပံ့ပေးနိုင်

ထို့ပြင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကျေးလက်ကျန်းမာရေးဌာန ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၁၇၁၁ ဒသမ ၇၆၁ သန်းဖြင့် ဆေးဝါးများဝယ်ယူထောက်ပံ့ပေးနိုင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၈ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ၊ လက်ထောက်ကျန်းမာရေးမှူးများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ ကျန်းမာရေးကြီးကြပ်အဆင့်(၁)များ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးကြီးကြပ် (၂) များကို ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ မြင့်မားတိုးတက်လာရန်နှင့် အချိန်နှင့်တစ်ပြေးညီ ရောဂါကုထုံးများ လေ့လာနိုင်ရန်အတွက် (Mobile Tablet) စုစုပေါင်း ၂၇၄၅ လုံးကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ်တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲနှစ်ခုကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်

အချပ်ပို (၉) သို့

“ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သောက်သုံးရေဖူလုံစွာ ရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ဆဲဥပဒေများအရ ရရှိနိုင်သည့်အခွင့်အရေးများ၊ ကာကွယ်ပေးမှုများကို တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အပြည့်အဝခံစားခွင့် ရရှိရေးအတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ”

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ယင်းမလည်ဆည် ဆည်ရေသောက်စနစ်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

အချပ်ပို (ဆ) မှ

ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄ ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ၂၀၁၈ - ၂၀၁၉ ခုဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ပံ့ငွေ အသုံးစရိတ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၅ ဖြင့် မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်ရန် ခရိုင်များမှ အဆိုပြုတင်ပြလာသည့် လုပ်ငန်းများကို အတည်ပြုပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းမှု အနေဖြင့် ၂၀၁၈ ခုနှစ်တွင် ကျေးရွာ ၂၉ ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၏ တတိယ (၁)နှစ်တာ ကာလအတွင်း ထင်ရှားသည့် ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်မှ ၂၇ ရက်အထိ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်နှင့် သရက်ခရိုင် မင်းလှမြို့နယ်အတွင်း ၂၀၁၇ - ၂၀၁၈ ဘိန်းစိုက်ရာသီတွင် ဒုတိယအကြိမ် ဘိန်းစိုက်ခင်း ၅၅ ဒသမ ၈ ဧက၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်မှ ၉ ရက်အထိ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်နှင့် သရက်ခရိုင် မင်းလှမြို့နယ်အတွင်း ၂၀၁၈ - ၂၀၁၉ ဘိန်းစိုက်ရာသီတွင် ပထမအကြိမ် ဘိန်းစိုက်ခင်း ၁၈ ဧကနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်မှ ၂၇ ရက် အထိ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်နှင့် သရက်ခရိုင် မင်းလှမြို့နယ်အတွင်း ၂၀၁၈ - ၂၀၁၉ ဘိန်းစိုက်ရာသီတွင် ဒုတိယအကြိမ် ဘိန်းစိုက်ခင်း ၂၈ ဒသမ ၁၄ ဧကတို့ကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့များနှင့် ပူးပေါင်းဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့သည်။

ဖြေလျှော့ဆောင်ရွက်ပေး

မကွေးတိုင်းဒေသကြီးအတွင်း ပြည်သူ့ဝန်ဆောင်မှု OSS ရုံးများ ဖွင့်လှစ်ပေးခြင်းကြောင့် ပြည်သူများအနေဖြင့် ဌာနတစ်ခုချင်းသို့ တစ်နေရာစီ သွားရောက်ရန်မလိုဘဲ လုပ်ငန်းများကို တစ်နေရာတည်းတွင် ထိရောက်သော ဝန်ဆောင်မှုများဖြင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည့်အတွက် အချိန်ကုန်သက်သာသည့် နည်းလမ်းများဖြင့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများတွင် ဂျပန်နိုင်ငံ ဆီကြိတ်စက်ရုံမှလာရောက်၍ မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် နှမ်းဆီကို အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ အရည်အသွေးပြည့်မီစွာ တင်ပို့ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပညာရေးဌာနအနေဖြင့် မင်းဘူး၊ ပခုက္ကူနှင့် ဆောမြို့နယ်များတွင် KG ဆောင် ၅ ဆောင်အတွက် ငွေကျပ် ၅၃ ဒသမ ၈၆ သန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၆၁ ဒသမ ၆၅၈ သန်းကို Save the Children ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး ဂျပန်နိုင်ငံ(JICA) အစီအစဉ်ဖြင့် ပွင့်ဖြူမြို့နယ်တွင် ကျောင်းဆောင် ခုနစ်ဆောင်၊ စေတုတ္တရာမြို့နယ်တွင် ကျောင်းဆောင် ခုနစ်ဆောင်၊ အောင်လံမြို့နယ်တွင် ကျောင်းဆောင် ငါးဆောင်၊ ပခုက္ကူ မြို့နယ်တွင် ကျောင်းဆောင် နှစ်ဆောင်၊ ဂန့်ဂေါမြို့နယ်တွင် ကျောင်းဆောင် နှစ်ဆောင် စုစုပေါင်းကျောင်းဆောင် ၂၃ ဆောင်ကို ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အခွန်ဝေစုရန်ပုံငွေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် မြေဂရန်အမှုတွဲများ ဆောင်ရွက်ရာတွင် လုံခြုံမှုအဆင့်အတန်း ပိုမိုကောင်းမွန်ရန်အတွက် Panasonic Document Scanner နှင့် Drive Computer Intel Core i7 Computer System (7th Gen) တို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအတွက် တစ်စုံ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးစီးဌာနအတွက် (၁)စုံနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများအတွက် တစ်ခရိုင်လျှင် တစ်စုံ စုစုပေါင်း ခုနစ်စုံ ဝယ်ယူရန် ငွေကျပ် ၂၁၈၄၇၀၀၀ နှင့် နတ်မောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ကျောက်စီ မြေထိန်းနံရံတည်ဆောက်ရာတွင် ကုန်ကျမည့် ငွေကျပ် ၃၅၄၅၆၀၀၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အခွန်ဝေစုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အနေဖြင့် တိုင်းဒေသကြီး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးစီမံချက်များဖြင့် ဆောင်ရွက်ပေးခဲ့မှုသည် ရပ်ကွက် ၂၀၈ ရပ်ကွက်နှင့် ကျေးရွာ ၂၅၇၃ ကျေးရွာမှ အခြေခံ ပညာကျောင်း ၁၃၁၂ ကျောင်းတွင် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၉၅၃၅ ဦး၊ အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၈၁၇၈ ဦး စုစုပေါင်း ၂၀၇၇၁၃ ဦးကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပြီဖြစ်သဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၏ သုံးနှစ်တာ ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနိုင်မှုသည် ၆၈ ဒသမ ၈၄ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

မျက်ဝါးထင်ထင်

တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်သည့် စိုက်ပျိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေဖူလုံစွာရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ဆဲ ဥပဒေများအရ ရရှိနိုင်သည့် အခွင့်အရေးများ၊ ကာကွယ်ပေးမှုများကို တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အပြည့်အဝခံစားခွင့်ရရှိရေးအတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပုံရိပ်များနှင့် အောင်မြင်မှုမှတ်တိုင်များကို မျက်ဝါးထင်ထင် တွေ့မြင်ရပေသည်။

ပြည်သူ့အစိုးရ၏ ကဏ္ဍအလိုက်၊ ဒေသအလိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှု၊ တိုးတက်မှုနှင့် အောင်မြင်မှု မှတ်တိုင်များသည် ငြိမ်းချမ်းသာယာပြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးသောနိုင်ငံတော်ကြီးတည်ဆောက်ရန် အရှိန်အဟုန်ပြင်းပြင်းဖြင့် လျှောက်လှမ်းနေသော ခြေလှမ်းသစ်များဖြစ်သည့်အတွက် မဝေးတော့သည့် အနာဂတ်ကာလတွင် မိမိတို့ အားလုံးမျှော်မှန်းသည့် ပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဟု ယုံကြည်လျက်ရေးသားတင်ပြလိုက်ပါသည်။ ။

၁၃-၃-၂၀၁၉ ရက်က မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို တိုင်းဒေသကြီးအဆင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီးပင်ပုကျေးရွာအနီးရှိ ဆင်ဖြူကျွန်းမြောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်။